မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၉၀)

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

၂၀၁၆ ခုနှစ်၊ မေ ၈ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာ အီတိုဆူမာဒီသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်၊ ဦးစိုးမောင်နှင့်ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာ အီတိုဆူမာဒီက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ကမ္ဘာ့အကြီးဆုံး ရွေးကောက်ပွဲဟု ခေါ်ဆိုနိုင်သော အထွေထွေ ရွေးကောက်ပွဲတစ်ရပ် အိန္ဒိယနိုင်ငံ၌ ကျင်းပ — စာ ၄

လိုက်နာအပ်ပေ ပုံနှိပ်ထုတ်ဝေဥပဒေ — ဆောင်းပါး — စာ ၆

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

တယ်လီနောမြန်မာ၏ မိုဘိုင်းဗီဒီယိုနှင့်အသံဆက်သွယ်ခေါ်ဆိုခြင်း စမ်းသပ်အောင်မြင်မှုကြောင့် ဆက်သွယ်ရေးကဏ္ဍအပြောင်းအလဲစတင်လာ

သတင်း-ခင်ရတနာ ➢ ဓာတ်ပုံ-သိမ့်သိမ့်မိုး

တယ်လီနော၏ ပထမဆုံးဆက်သွယ်ရေးတာဝါတိုင်အား မြင်တွေ့ရစဉ်။

တယ်လီနောမြန်မာကုမ္ပဏီမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုပြီး သုံးလအတွင်း ပထမဆုံးအကြိမ် အသံနှင့်ဗီဒီယိုခေါ်ဆိုနိုင်မှုကို စတင်မိတ်ဆက်ပြီး ၎င်းတို့ ကတိပေးထားသည့် ရှစ်လကာလအတွင်း ဆင်းကတ်များကို စတင်ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း ထပ်လောင်းကတိပေးသည့်အခမ်းအနားကို တယ်လီနောမြန်မာကုမ္ပဏီ၏ Network အချက်အလက်များဌာနချုပ် ဒေတာစင်တာတစ်ခုဖြစ်သည့် Core Network တွင် ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

တယ်လီနောသည် တစ်နိုင်ငံလုံးကွန်ရက်များချိတ်ဆက်ခြင်းလုပ်ငန်းကို ဟွာဝေး၊ အဲရစ်ဆင်နှင့် ဝိုင်ပရိုစသည့် နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အော်ပရေတာအဖြစ် လက်မှတ်ထိုးပြီးချိန်မှ ငါးရက်တာအတွင်း ပြည်တွင်းသို့ဆက်သွယ်ရေးနှင့်အချက်အလက် သိုလှောင်မှုစနစ်များပါဝင်သော ဒေတာစင်တာများကို သင်္ဘောတင်ကွန်တိန်နာများအသွင်ဖြင့် ပြောင်းလဲဆန်းသစ်ကာတင်သွင်းခဲ့ပြီး တယ်လီနောရုံးချုပ်နှင့် ၂၂ ကီလိုမီတာခန့်ဝေးသည့် မင်္ဂလာဒုံမြို့နယ်အတွင်း နေရာချထားပြီး ဆင်၍ တာဝါတိုင်ဆောက်လုပ်ခြင်းများကို ဟွာဝေးနှင့် လက်တွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တယ်လီနောမြန်မာအမှုဆောင်အရာရှိချုပ် မစ္စတာပီတာ ဖားဘတ်ချ်က ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြတ်ဟိန်း တက်ရောက်အားပေးကာ

စာမျက်နှာ ၁၁ ကော်လံ ၃ ❑

သင်္ကြန်အထူးရထား ပြေးဆွဲမည့်အစီအစဉ် ကြိုတင်အသိပေးကြေညာ

နေပြည်တော် မေ ၇

မြန်မာ့မီးရထားက သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် သင်္ကြန်အထူးရထား နှစ်စင်းစီ ပြေးဆွဲပေးမည်ဖြစ်သည်။

သင်္ကြန်ကာလအတွင်း နေပြည်တော်မှဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ရှိ နေပြည်တော်-ရန်ကုန်ပြေးဆွဲနေသော အမှတ်(၃၂)အစုန်၊ အမှတ်(၈)အစုန် အမြန်ရထား နှစ်စင်းအပြင် အထူးရထားနှစ်စင်းအား မေ ၁၁ ရက်တွင် နေပြည်တော်-ရန်ကုန်ခရီးစဉ်အဖြစ် တိုးချဲ့ ပြေးဆွဲပေးမည်ဖြစ်ရာ အစုန်အထူးရထား(၁)သည် နေပြည်တော်မှ ည ၇ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ

စာမျက်နှာ ၃ ကော်လံ ၁ ✳

CHINT
CHINT ELECTRIC
www.chint.net

ELECTRIC UNIVERSE CO.,LTD.
မှ
CHINT ELECTRIC Show Room ကို
အမှတ်(95/A)ဝေဇယန္တာလမ်း၊ ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အသစ်ထပ်မံ
ဖွင့်လှစ်လိုက်ပါသည်။
ဆက်သွယ်ရန်ဖုန်း - 01- 577755, 569416

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ငြိမ်းချမ်းရေးပွဲတင်ထပ်သံများ

မည်သည့်နိုင်ငံမဆို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် တစ်တိုင်းတစ်ပြည်လုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းချက်လုပ်ငန်းစဉ်များချမှတ်ကာ အစဉ်တစိုက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သည့် ဧပြီ ၅ ရက်က ရန်ကုန်မြို့ အမှတ် ၁၀ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Centre) ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ရာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဤဆွေးနွေးပွဲတွင် တာဝန်ရှိသူအသီးသီး၏ ဆွေးနွေးထုတ်ဖော်ပြောကြားချက်များမှာ တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အရေးအကြီးဆုံးအဆင့်ဖြစ်သော အားလုံးသဘောတူလက်ခံသည့် Single Text Document တစ်ရပ်အောင်မြင်စွာ ရေးသားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်ကို အထင်အရှားတွေ့ရပေသည်။ ဤဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက "မိမိတို့အစိုးရလက်ထက်တွင် တိုင်းရင်းသားများနှင့်အတူ လက်တွဲကြိုးပမ်းလျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဖြစ်ထွန်းမှုများကို လိုင်ဇာကွန်ဖရင့်၊ လောခီးလာကွန်ဖရင့်များ ကျင်းပနိုင်ခြင်းကို တိုးတက်ဖြစ်ထွန်းမှုအဖြစ် ရှုမြင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍လည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် လိုလားအပ်သော ပြင်ဆင်မှုများကို တိုင်းရင်းသားများနှင့်ဆွေးနွေးညှိနှိုင်းပြီး အဓိကထားပြင်ဆင်သွားမည်ဖြစ်ပါကြောင်း" စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက "ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများသည်လည်း မွေးဖွားသည်မှအစပြု၍ ပြည်တွင်းစစ်ဒဏ်ကို ခံကြရသူများဖြစ်ပါကြောင်း၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် နည်းလမ်းရှာဖွေရန်တာဝန်ရှိပါကြောင်း၊ နည်းလမ်းရှာဖွေရာတွင် သံသယများကိုစိတ်ရှည်သည်းခံပြီး ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်ရေးအတွက် ဖိတ်ခေါ်ပြီး စုစည်းနိုင်သည့်အတွက် လုပ်ငန်းစဉ်က မြင့်လာပြီဟု ပြောနိုင်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိတို့သားသမီးမြေးမြစ်များ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရန် ပြည်တွင်းစစ်ရပ်စဲရေးကို အားလုံးတာဝန်ယူဆောင်ရွက်ကြပါစို့"ဟူ၍ ပြောကြားခဲ့ပါသည်။

ထို့အတူ NCCT ဒုတိယအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဂွမ်မော်က "ယနေ့ ဆွေးနွေးပွဲသို့ စုံစုံညီညီ တက်ရောက်ခဲ့၍ ဝမ်းသာပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၂၁ ဖွဲ့တက်ရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအနေဖြင့် မူကြမ်းတစ်စောင်ရရှိကာ ရှေ့ကိုရောက်ရှိနေပြီဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲစဉ်က လိုအပ်ချက်များကို ပြန်လည်သုံးသပ်လျှင် ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ကြာမြင့်မည်မဟုတ်ပါကြောင်း၊ NCCT ကိုယ်စား၊ KIO အဖွဲ့ကိုယ်စား အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အောင်မြင်မည်ဟုယုံကြည်ပါကြောင်း" စသည်ဖြင့် ပြောကြားခဲ့ပါသည်။ အလားတူ အခြားသောအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကလည်း ဆွေးနွေးပြောကြားခဲ့ရာ ငြိမ်းချမ်းရေးစကားသံများ ပွဲတင်သံများထွက်ပေါ်လာပါတော့သည်။ ထိုပွဲတင်ထပ်သံများမှသည် တစ်တိုင်းတစ်ပြည်လုံး ပြည်ထောင်စုတစ်ခုလုံး ငြိမ်းချမ်းသာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ မဝေးတော့သည့် အနာဂတ်ကာလတွင် ဖြစ်ထွန်းပေါ်ပေါက်လာမည်ဟု မျှော်လင့်ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့၍ပတ်ဝန်းကျင်အခြေအနေကောင်း ဖော်ဆောင်နိုင်ရေး နယ်စပ်ဒေသကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် သားငှက်တိရစ္ဆာန်များ မှီခိုကျက်စားရာနေရာများကို သဘာဝနယ်မြေများဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအသီးသီးတို့ဖြင့် ညှိနှိုင်းပေါင်းစပ်၍ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်မည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး မောတောင်ဒေသသည် အိမ်နီးချင်း ထိုင်းနိုင်ငံ Western Forest Complex ရှိ အမျိုးသားဥယျာဉ်များနှင့် နယ်နိမိတ်ထိစပ်၍ အပူပိုင်းမိုးများဒေသရှိ ပျက်စီးမှုနည်းပါးသေးသည့် အမြဲစိမ်းသစ်တောကြီးများ တည်ရှိသည့်သစ်တောဂေဟစနစ်နှင့် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်တို့တည်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများပေါများကြွယ်ဝစွာ တွေ့ရှိနိုင်သည့် နယ်မြေတစ်ခုဖြစ်သည့်အတွက် နယ်စပ်ဖြတ်ကျော် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် (transboundary conservation) ဆောင်ရွက်သင့်သည့် အထူးအရေးပါသည့် နယ်စပ်ဒေသဖြစ်သည်။ ဂေဟစနစ်တည်ငြိမ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ ကျေးလက်နေ ပြည်သူများအတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်နိုင်ရေးအတွက် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသိန်းလွင်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မောတောင်ဒေသသို့သွားရောက်၍ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ယနေ့မျက်မှောက်ကာလ၌ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်ကြုံတွေ့ရသည့်အဓိကစိန်ခေါ်မှုတစ်ရပ်မှာ သဘာဝဘေးအန္တရာယ်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်မှုတွင် သစ်တောပြုန်းတီးမှုသည် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ လူဦးရေတိုးတက်လာ၍ စားဝတ်နေရေးသာမက စီးပွားရေးအတွက်ပါ ရှေးရှု၍ မြေအသုံးချမှုပြောင်းလဲဆောင်ရွက်ခြင်းကြောင့် သစ်တောများ ပြုန်းတီးရပါကြောင်း၊ နိုင်ငံတော်ကကျွန်း၊ သစ်မာထုတ်လုပ်မှုအား ယခင်နှစ်များထက် လျှော့ချထုတ်လုပ်မှာဖြစ်ပါကြောင်း၊ တရားဝင်သစ်လျှော့ချထုတ်လုပ်သကဲ့သို့ တရားမဝင်သစ်ထုတ်လုပ်တင်ပို့ရောင်းချမှုများကိုလည်း သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့်သစ်တောလုံခြုံရေးတပ်ဖွဲ့တို့ပူးပေါင်းစစ်ဆင်ရေးဖြင့် ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်သစ်ထုတ်လုပ်တင်ပို့ရောင်းချသည့်အတွက် မိမိတို့နေထိုင်သည့်ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေထွက်များနှင့် ရေဝေရေလဲဧရိယာများ လျော့ပါးဆုတ်ယုတ်၍ သဘာဝပတ်ဝန်းကျင်သာမက စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးထိခိုက်နစ်နာမှုများလည်း ကြုံတွေ့ကြရမှာဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်၊ ပုဒ်မ ၃၉၀ တွင် နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်တွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားရှိပါကြောင်း။

မိမိတို့ပတ်ဝန်းကျင်ရှိ ရေ၊ မြေ၊ တောတောင် သဘာဝအနေအထားများ ကောင်းမွန်စေရေးနှင့် ရာသီဥတုမျှတရေးအတွက် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူမှုအဖွဲ့အစည်းအသီးသီးက ပူးပေါင်းဆောင်ရွက်မှသာ အနာဂတ်မျိုးဆက်သစ်အား ကောင်းမွန်သည့် သဘာဝအခြေခံကောင်းများကို လက်ဆင့်ကမ်းနိုင်မှာ ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ-ထိုင်းနယ်စပ် ထိုင်းနိုင်ငံ ဆင်ခွန်ဒေသရှိသစ်အခြေခံအသေးစားအိမ်တွင်းမှု ပရိဘောဂလုပ်ငန်းများအား သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၇

ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးမောင်မောင်ထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်ဝင်းတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် အင်ဒိုနီးရှား-မြန်မာ လွှတ်တော်များအကြား ဆက်ဆံရေးတည်ဆောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲလေ့လာရန် ဧပြီ ၆ ရက် နံနက် ၁၀ နာရီခွဲက လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ/အောင်မြင်ပြီးသူများ နှင့် အွဲ့ကြို၊ အွဲ့ရများ အတွက်

Basic Spoken English
Sat & Sun - 9:00-12:00am 26 Apr
Sat & Sun - 12:30-3:30pm 26 Apr
Sat & Sun - 3:45-6:45pm 26 Apr
Mon to Thurs-7:30-9:30am 28 Apr
Mon to Thurs-10:00-12:00am 28 Apr
Mon to Thurs-1:00-3:00-5:00pm 28 Apr
Mon to Thurs-5:30-7:00pm 28 Apr

Pre-Intermediate English
Mon to Thurs-7:30-9:30am 22 Apr
Mon to Thurs-10:00-12:00am 28 Apr

Intermediate English
Mon to Thurs-1:00-3:00pm 28 Apr

Structure & Written Expression
San & Sun - 4:00 - 7:00 pm 26 Apr
Mon to Thurs - 1:00 - 3:00pm 28 Apr

Vocabulary Enrichment Course
Sat & Sun - 10:00-12:00am 26 Apr

Grammar Foundation Course
Sat & Sun - 9:00-12:00am 26 Apr
Mon to Thurs - 7:30-9:30 am 28 Apr
Mon to Thurs - 1:00 - 2:30pm 28 Apr

Basic Writing Course
San & Sun - 3:45 - 6:15 pm 26 Apr
Mon to Thurs - 3:00 - 5:00pm 28 Apr

Academic Writing Course
San & Sun - 5:00 - 7:00 pm 26 Apr

Academic Preparation For IELTS(API)
Mon to Thurs - 10:30 - 12:30am 28 Apr
IELTS(Test Practice) San&Sun 10:30to12:30am 26 Apr
IELTS(Speaking) San&Sun 1:00to3:30pm 26 Apr
SAT Mon to Thurs -3:30-5:00pm 28 Apr
TOEFL Mon to Thurs-3:30-7:00pm 28 Apr

No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 243950, 246910

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေ ဦးကျော်လင်း နှင့် မေမေ ဒေါ်ချောရတနာ တို့၏ သားဦး ရတနာလေးကို (၂၀၁၄) ခုနှစ်၊ ဧပြီလ (၇) ရက်(တနင်္လာနေ့) တွင် ဝိတိုရိယဆေးရုံကြီး၌ သားဖွား/မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်လေးကြွယ်၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ရင်နွယ်၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးသိန်း တို့အဖွဲ့က ကျန်းမာစွာမွေးဖွားပေးခဲ့ပြီး ABC MEDICAL SERVICES နှင့် သားငယ်လေး၏ တစ်သက်တာလုံးအတွက် တန်ဖိုးရှိလှသော Cord Blood နှင့် Cord Tissue Stem Cells တို့ကို အောင်မြင်စွာ သိမ်းဆည်းနိုင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ABC MEDICAL SERVICES

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘရာဇီးနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အောင်ဆီးဒက်စ် ဂက်စတုန်း ရို့စတန်း ပရာတေ့စ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အောင်ဆီးဒက်စ် ဂက်စတုန်း ရို့စတန်း ပရာတေ့စ်နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘရာဇီးနှင့်အင်ဒိုနီးရှားသံအမတ်ကြီးများ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အောင်ဆီးဒက်စ် ဂက်စတုန်း ရို့စတန်း ပရာတေ့စ်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာအီတိုဆူမာဒီက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီတိုဆူမာဒီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လားရှိုးမြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၇

ပြည်လုံးကျွတ်သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ၆ ရက်မြောက်နေ့ဖြစ်သော ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိပြီး လားရှိုးမြို့ အမှတ်(၁၂) ရပ်ကွက်ရှိ သပြေအမျိုးသမီးဘော်ဒါဆောင်၌လည်းကောင်း၊ လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ၌ လည်းကောင်း စာရင်းကောက်များနှင့်အတူ ရပ်ကွက်၊ ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက အဆောင်နေကျောင်းသူများနှင့် ကျေးရွာပြည်သူများအား သန်းခေါင်စာရင်းမေးခွန်းများ မေးမြန်းကောက်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး စာရင်းစစ်များနှင့် အဖွဲ့ဝင်များအား လုပ်ငန်းအခက်အခဲများ၊ လိုအပ်ချက်များ မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးနှင့် ရရှိမည့်အကျိုးရလဒ်များကို ရှင်းလင်းပြောကြားပြီးနောက် သန်းခေါင်စာရင်းအကြောင်း ဖြေကြားနိုင်သူအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကွမ်းလုံမြို့ ခိုလုံရပ်ကွက် သန်းခေါင်စာရင်း ကွပ်ကဲရေးရုံးသို့ ရောက်ရှိပြီး ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များနှင့် စာရင်းစစ်၊ စာရင်းကောက်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရသည့်အတွက် နိုင်ငံ၏အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခွင့်ရရှိကြသူများအဖြစ် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျော့ဖုံးမှ*

ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့အစည်းက ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံမြို့တော်ဟောင်းဖြစ်သည့် ဟွေးမြို့၌ ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

ခင်းကျင်းပြသ

(၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အစားအစာပွဲတော်သို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်အသင်းက ပထမဆုံးအကြိမ်ပါဝင်ဆင်နွှဲခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံခန့်ပါဝင်မည်ဖြစ်သည်။ ထိုသို့ ပါဝင်ဆင်နွှဲရာတွင် တစ်နိုင်ငံလျှင် ဆိုင်ခန်းကျယ်တစ်ခန်းဖြင့် ခင်းကျင်းပြသရမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အစားအစာပွဲတော်တွင် မြန်မာအစားအစာများဖြစ်သည့် ဆီထမင်း၊ ငါးခြောက်နှင့်တွဲဖက်အစားအစာများ၊ ရွှေတောင်ခေါက်ဆွဲ၊ နံပြားသုပ်၊ ထမင်းဆီဆမ်းနှင့်ကြက်သားကြော်၊ အမဲကြော်နှင့် တွဲဖက်အစားအစာများ၊ မြန်မာလက်ဖက်သုပ်တို့ကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာအစားအစာပွဲတော်ကို မြန်မာနိုင်ငံမှပါဝင်ဆင်နွှဲခြင်းသည် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာမှသိရှိစေနိုင်ရန်၊ နှစ်စဉ် အစားအသောက်နှင့်ပတ်သက်သည့် ပွဲတော်များတွင်လည်း မြန်မာအစားအစာများ သွားရောက်ပြသဆင်နွှဲနိုင်ရန်တို့ကြောင့်ဖြစ်သည်။

ချက်ပြုတ်ပြသ

ယင်းပွဲတော်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာအစားအစာများကို ချက်ပြုတ်ပြသမည့် စားဖိုမှူးသုံးဦးနှင့် အုပ်ချုပ်သူတစ်ဦး၊ အကူတစ်ဦး၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ သံတမန်များဖြစ်သည့် မအေးချမ်းမိုးနှင့် မဆုမြတ်နိုးဦးတို့ လိုက်ပါသွားမည်ဖြစ်သည်။

✳ *ရှေ့ဖုံးမှ*

ည ၉ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ဧပြီ ၁၂ ရက်တွင် သင်္ကြန်အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင်လည်းကောင်း၊ သင်္ကြန်အထူးရထား(၂)သည် ဧပြီ ၁၃ ရက်တွင် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်အလွန်ကာလအတွက် အဆိုပါ အထူးရထားနှစ်စင်းသည် မန္တလေးမှ ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မန္တလေး-ရန်ကုန် အစုန်ရထားများအဖြစ် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည်။ မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီခွဲတွင် ရောက်ရှိမည် ဖြစ်သည်။

အလားတူ နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိ အမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထားနှစ်စင်းအပြင် နောက်ထပ်အထူးရထားနှစ်စင်းကို ဧပြီ ၂၀ ရက်တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန်အထူးရထား (၁)သည် ရန်ကုန်မှ ည ၇ နာရီခွဲတွင်ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန်အထူးရထား(၂)သည် ရန်ကုန်မှ ည ၈ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့နံနက် ၄ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ ရန်ကုန်-မန္တလေးသင်္ကြန်အထူး(အစုန်/အဆန်)ရထားများကို လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန် အထူး(အစုန်/အဆန်)ရထားများကိုလမ်းခရီး၌ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများတွင် ရပ်တန့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✳ *ကျော့ဖုံးမှ*

Deposit ကို လုံလုံလောက်လောက် ပေးသွင်းထားရမည်ဖြစ်သည်။

၄။ သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည့် သတ်မှတ်ရက်များနှင့်အခြားရက်များတွင် အရေးကြီးတင်သွင်း၊ တင်ပို့လိုပါက အကောက်ခွန်ဦးစီးဌာနသို့ ၁၀-၄-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ ဌာနဆိုင်ရာ/ကုမ္ပဏီ၏ Letter head နှင့်အတူ အချိန်ပိုလျှောက်ထားရမည် ဖြစ်ပါသည်။

အကောက်ခွန်ဦးစီးဌာန

နေပြည်တော်နယ်မြေ ကျေးရွာများတွင် ဆိုင်ကယ်လိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေး

ပျဉ်းမနား ဧပြီ ၇

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်လွင် (ဒုတိယညွှန်ကြားရေးမှူး) ခေါင်းဆောင်သော One Stop Service အဖွဲ့သည် ပျဉ်းမနားမြို့ အရှေ့ဘက် တောင်ပေါ်ကျေးရွာများရှိ ဆိတ်ဖူးတောင်ကျေးရွာအစရှိသော ကျေးရွာများတွင် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို ဧပြီ ၅ ရက်မှစတင်၍ ဆိုင်ကယ်မှတ်ပုံတင်လိုင်စင်များ ပြုလုပ်ပေးခဲ့သည်။

ယနေ့ထိ နေပြည်တော်နယ်မြေအတွင်းရှိ တောင်ပေါ်ကျေးလက်ဒေသများမှ လိုင်စင်မဲ့ဆိုင်ကယ်များကို ယာဉ်မှတ်ပုံတင် ၃၅၀၂ စီး ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

နိုင်ငံတကာသတင်း

ဖမ်းဆီးထားသောနိုင်ငံရေးတက်ကြွသူအားလုံး ပြန်လွှတ်ပေးရန် အီဂျစ်လူငယ်များက ဆန္ဒပြတောင်းဆို

ကိုင်ရို မေ ၇

ပြီးခဲ့သည့်နှစ်က သမ္မတဟောင်း မိုဟာမက်မော်စီ ဖြုတ်ချခံရပြီးနောက် ဖမ်းဆီးထားသော အကျဉ်းသားများ လွှတ်ပေးရေး ထောင်ပေါင်းများစွာသော အီဂျစ်လူငယ်များက ဆန္ဒပြတောင်းဆိုခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

တနင်္ဂနွေနေ့က လူငယ်လှုပ်ရှားမှုအဖွဲ့ ထူထောင်သည့် အထိမ်းအမှတ်အဖြစ် ဆန္ဒပြသူများက အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများသည် ကိုင်ရိုမြို့ သတင်းထောက်များအသင်း အပြင်ဘက်၌ စုရုံးရောက်ရှိလာပြီးဆန္ဒပြခဲ့ကြသည်။ လုံခြုံရေးတပ်များက သမ္မတဟောင်း ဟိုစ်နီမူဘာရက်ကို ဆန္ဒပြမှု စတင်ခဲ့သည့် Tahrin ရင်ပြင် ဝင်ပေါက်အားလုံးကို ပိတ်ဆို့ထားလိုက်သည်။

တော်လှန်ရေးသမား လူငယ်အုပ်စုသည် ၂၀၁၁ ခုနှစ်က သမ္မတမူဘာရက်ကို ဖြုတ်ချရာတွင် အဓိကပါဝင်ခဲ့ကြသူများ ဖြစ်သည်။ ယင်းတော်လှန်ရေးပြီးနောက် ပြောင်းလဲလာခြင်းမရှိဘဲ အီဂျစ်နိုင်ငံအခြေအနေမှာ မူဘာရက်လက်ထက်ကထက် ပိုမိုဆိုးရွားလာကြောင်း ဆန္ဒပြသူတစ်ဦးက ပရက်စ်တီဗွီသို့ ပြောကြားသည်။

ဆန္ဒပြလူငယ်များက အာမက်မာဟာနှင့် အာမက်ဒူးမားတို့အပါအဝင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ လွှတ်ပေးရန်လည်း အစိုးရသို့ တိုက်တွန်းဆော်ဩလိုက်သည်။ ယင်းအဖွဲ့က နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန်လည်း အွန်လိုင်းမှတစ်ဆင့် တိုက်တွန်းဆော်ဩလိုက်သည်။ ပြီးခဲ့သည့်လတွင် အီဂျစ်တရားရုံးက မွတ်စလင်ညီအစ်ကိုတော်များပါတီထောက်ခံသူ ၅၂၉ ဦးအား သေဒဏ်စီရင်ချက်ချမှတ်ခဲ့သည်။

အီဂျစ်နိုင်ငံတွင် ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်က မော်စီကိုဖြုတ်ချပြီးကတည်းက အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ နိုဝင်ဘာလအတွင်း စစ်ဘက်ကျောထောက်နောက်ခံပြုသောအစိုးရက ဥပဒေတစ်ရပ်ပြဋ္ဌာန်းလိုက်ပြီး အစိုးရဆန့်ကျင်ဆန္ဒပြသူ ရာပေါင်းများစွာတို့အား ဖမ်းဆီး ထောင်ချခဲ့သည်။ မော်စီကို ဖြုတ်ချပြီးနောက် အကြမ်းဖက်မှုဖြစ်စဉ်အတွင်း လူပေါင်းအနည်းဆုံး ၁၄၀၀ သေဆုံးခဲ့ရကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောသည်။

(ပရက်စ်တီဗွီ)

ကမ္ဘာ့အကြီးဆုံးရွေးကောက်ပွဲဟု ခေါ်ဆိုနိုင်သော အထွေထွေရွေးကောက်ပွဲတစ်ရပ် အိန္ဒိယနိုင်ငံ၌ ကျင်းပ

နယူးဒေလီ မေ ၇

ကမ္ဘာ့အကြီးဆုံး ရွေးကောက်ပွဲတစ်ခုဖြစ်သော အထွေထွေရွေးကောက်ပွဲကြီးကို အိန္ဒိယနိုင်ငံ၌ ယနေ့မှစတင်ကာ ကျင်းပနေပြီဖြစ်သည်။ လျှို့ဝှက်မဲပေးစနစ် မဲရုံကိုးရုံကို ယနေ့ စတင်ဖွင့်လှစ်ခဲ့ပြီး မေ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကာ မေ ၁၆ ရက်တွင် မဲများရေတွက်မည်ဖြစ်သည်။ လက်ရှိအာဏာရ ကွန်ဂရက်ပါတီအနေဖြင့် ပြိုင်ဘက် ဘီဂျေပီပါတီကို ယှဉ်ပြိုင်နေရသည်။

သန်း ၈၀၀ ကျော်ရှိ အိန္ဒိယနိုင်ငံသားများသည် အကျင့်ပျက်ခြစားမှုနှင့် ငွေကြေးဖောင်းပွမှုများကို အဓိကထားကာ ၎င်းကိစ္စရပ်များကို တိုက်ဖျက်ပေးနိုင်မည့် သင့်လျော်သော ကိုယ်စားလှယ်များကို ရွေးချယ်ကြမည်ဖြစ်သည်။

မဲဆွယ်စည်းရုံးနေသူတစ်ဦးကို တွေ့ရစဉ်။

နယ်ပယ်ရွေးကောက်ပွဲများတွင် အံ့မခန်းဖွယ်ရလဒ်များ ကြုံခဲ့ရပြီးနောက် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးပါတီသစ် အေအေပီပါတီသည်လည်း ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည်ဖြစ်သည်။

အေအေပီပါတီသည် မြို့တော်ဒေလီ၏ အစိုးရတစ်ရပ်ဖွဲ့စည်းခွင့်ရရှိထားပြီး အင်အားခိုင်မာနေချိန်ဖြစ်သည်။

နယ်ပယ်ဒေသ အသေးစားပါတီများသည်လည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပါတီကြီးတစ်ခုက လုံးဝအနိုင်မရပါက ၎င်းပါတီငယ်များသည် အစိုးရဖွဲ့စည်းမှုတွင် အဓိကအခန်းကဏ္ဍမှ အရေးပါလာမည်ဖြစ်သည်။

ပါလီမန်၏ အောက်လွှတ်တော်နေရာတွင် အမတ်နေရာ ၅၄၃ နေရာရှိပြီး မည်သည့်ပါတီမဆို အစိုးရဖွဲ့စည်းခွင့်ရရန်အတွက် အနည်းဆုံး အမတ်နေရာ ၂၇၂ နေရာလိုအပ်မည်ဖြစ်သည်။

ဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် အစောပိုင်းကာလ ကတည်းကပင် အနားယူမည်ဟုဆိုထားပြီး ၎င်း၏ ကွန်ဂရက်ပါတီကို ရာဟူးဂန္ဒီက ဦးဆောင်လျက်ရှိသည်။

ဘီဂျေပီပါတီကိုမူ ၂၀၀၂ ခုနှစ်က အိန္ဒိယနိုင်ငံ၏ အဆိုးရွားဆုံး မွတ်စလင်ဆန့်ကျင်ရေး အဓိကရုဏ်း ကြုံတွေ့ခဲ့ရာ ဂူဂျာရက်ပြည်နယ်ခေါင်းဆောင် နရန္ဒြာမိုဒီက ဦးဆောင်နေလျက်ရှိသည်။

ယခု အကြိမ်တွင် မဲပေးသူ ၈၁၄ သန်းရှိကာ မဲရုံပေါင်း ၉၃၀၀၀၀ တို့တွင် မဲပေးကြရမည်ဖြစ်သည်။

(ဘီဘီစီ)

တရုတ်နိုင်ငံအနောက်တောင်ပိုင်း မိုင်းတွင်းရေလွှမ်းမှု ၂၂ ဦး ပိတ်မိ

ကူမင်း မေ ၇

တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနောက်တောင်ပိုင်း ကျူကျင်းမြို့၌ တနင်္လာနေ့ အစောပိုင်းက မိုင်းတွင်းတစ်ခု ရေလွှမ်းမှုကြောင့် မိုင်းတွင်းလုပ်သား ၂၂ ဦး ပိတ်မိနေခဲ့ကြောင်း ဘီဘီစီသတင်းဖော်ပြချက်အရ သိရသည်။

အဆိုပါ ရေလွှမ်းမှုသည် ကျီလင်းခရိုင်အတွင်း မိုင်းတွင်းတစ်ခုတွင် နံနက် ၄ နာရီ မိနစ် ၅၀ က လုပ်သား ၂၆ ဦး အလုပ်လုပ်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ကျူကျင်းအစိုးရအရေးပေါ်ဌာနက ပြောခဲ့သည်။

ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် လုပ်သားလေးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ၎င်းကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ယာဉ်မတော်တဆမှုတွင် လူ ၁၀ ဦးသေဆုံး

ဗန်ကောက် မေ ၇

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း လိုအီပြည်နယ်တွင် မေ ၇ ရက် နံနက်ပိုင်းက ထရပ်ကားတစ်စီး လမ်းကွေ့တစ်ခုတွင် အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားရာ ၁၁ ဦးသေဆုံးပြီး ၁၈ ဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဒေသစံတော်ချိန် နံနက် ၁ နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဝမ်ဆာဖောင်ရဲဌာန တာဝန်ကျရဲအရာရှိ၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်သတင်းစာက ကိုးကားဖော်ပြခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ကိုးဦးမှာ အရေးပေါ်ကုသမှုပြုလုပ်နေစဉ် သေဆုံးသွားခဲ့ပြီး အခြားဒဏ်ရာရရှိသူများသည်လည်း စိုးရိမ်ရကြောင်း ၎င်းကပြောကြား သည်။

အဆိုပါထရပ်ကားသည် ဆူခိုထိုင်းပြည်နယ်မြောက်ပိုင်းမှ နောင်ခိုင်ပြည်နယ် အရှေ့မြောက်ပိုင်းကြံခင်းများသို့ အလုပ်သွားလုပ်မည့် အလုပ်သမား ၃၀ ကို တင်ဆောင်လာခဲ့ရာ ၎င်းလမ်းကွေ့၌ ယာဉ်မောင်း၏ ယာဉ်မောင်းကျွမ်းကျင်မှုမရှိခြင်းကြောင့် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲဌာနက သတင်းထုတ်ပြန်ခဲ့သည်။

(ဆင်ဟွာ)

ရုရှားနှင့်ပေါင်းစည်းရေး လူထုဆန္ဒခံယူပွဲလုပ်ရန်တောင်းဆို

ကီယက်ဗ် မေ ၇

ယူကရိန်းနိုင်ငံ မြို့ကြီးအချို့လမ်းများပေါ်တွင် ရုရှားလိုလားသူများက လူထုဆန္ဒခံယူရေး ဆန္ဒပြတောင်းဆိုလျက်ရှိရာ ယူကရိန်းယာယီသမ္မတ အိုလက်ဆန်ဒါတာချီနော့ဗ်က အရေးပေါ်လုံခြုံရေးအစည်းအဝေးကျင်းပရန် တိုက်တွန်းလိုက်သည်။

ဆန္ဒပြသူများက အရှေ့ပိုင်းမြို့ကြီးများဖြစ်သည့် ဒိုးနက်နှင့် လူဂန်တို့၌ မေ ၆ ရက်က အစိုးရအဆောက်အအုံများဆီသို့ ချီတက်ဆန္ဒပြခဲ့ပြီးနောက် မြို့တော်ကီယက်ဗ်၌ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ဆန္ဒပြသူများက သန်းခေါင်ယံမှစတင်ကာ ဒေသဆိုင်ရာကောင်စီ အရေးပေါ်အစည်းအဝေးကျင်းပရန်လည်း တိုက်တွန်းလိုက်သည်။ ယင်းတို့က ဒေသဆိုင်ရာကောင်စီနှင့် ပြည်သူ့ကောင်စီတို့ကိုလည်း ဖျက်သိမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းထားသည်။ ခါကိဗ်မြို့၌ ဆန္ဒပြသူများက ဒေသဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးရုံးသို့ ဝင်ရောက်ခဲ့သည်။ ယင်းတို့သည်ရဲအတားအဆီးများကို ကျော်ဖြတ်ကာ အုပ်ချုပ်ရေးမှူးရုံးကို ဝင်ရောက် စီးနင်းခဲ့သည်။

ထိုအတောအတွင်း ယူကရိန်းနိုင်ငံ၏ တတိယအရေးကြီးဆုံးမြို့ဖြစ်သည့် အိုဒက်ဆာ၌လည်း ပြည်သူများက ဆန္ဒပြခဲ့သည်။ ခရိုင်းမီးယားက ယူကရိန်းမှ လွတ်လပ်ရေးကြေညာပြီးနောက် အနောက်အုပ်စုနှင့် မော်စကိုကြား တင်းမာမှုများ မြင့်တက်လာသည်။ ခရိုင်းမီးယားပြည်သူများက လူထုဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပြီး ရုရှားနှင့် ပေါင်းရန် ကြိုးစားခဲ့သည်။ အနောက်အုပ်စုနှင့် ရုရှားနိုင်ငံကြား တင်းမာနေသော်လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ခရိုင်းမီးယားကို ရုရှား၏အစိတ်အပိုင်းအဖြစ် မတ် ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

(ပရက်စ်တီဗွီ)

အာဖရိကတိုက်၏ စီးပွားရေးအင်အားကြီးနိုင်ငံ နိုင်ဂျီးရီးယားဖြစ်လာကြောင်း အတည်ပြု

အဘူဂျာ မေ ၇

ကမ္ဘာ့ဘဏ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နှင့် အာဖရိကဖွံ့ဖြိုးရေးဘဏ် (AFDB)တို့က နိုင်ဂျီးရီးယားနိုင်ငံ၏ ဂျီဒီပီသစ်သည် အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၀၉ ဒသမ ၉ ဘီလီယံရှိလိမ့်မည်ဟု တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့ရာ အနောက်အာဖရိက နိုင်ငံသည် အာဖရိကတိုက်တွင် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးအဖွဲ့အစည်းသုံးခု၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ဂျီးရီးယားအမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်သော အဆိုပါစာရင်းအရ ၂၀၁၃ ခုနှစ်က တောင်အာဖရိကနိုင်ငံ၏ ဂျီဒီပီထက်သာလွန်ခဲ့သည်။ ယင်းနှစ်တွင် တောင်အာဖရိကနိုင်ငံက အမေရိကန်ဒေါ်လာ ၃၇၀ ဘီလီယံဖိုးအထိ ဂျီဒီပီတိုးတက်ခဲ့သည်ဟု ဆိုသည်။

ယင်းကဲ့သို့ တိုးတက်ခဲ့ခြင်းကြောင့် နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတိုက်၏ အကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွန်းလာသည်။

အဆိုပါ စာရင်းဇယားအရ အာဖရိကတွင် ရေနံထုတ်လုပ်မှုအများဆုံး နိုင်ငံဖြစ်လာပြီး ကမ္ဘာ့စီးပွားရေးအင်အားအကောင်းဆုံး ၂၆ နေရာအထိ တိုးတက်လာခဲ့သည်။

(ဆင်ဟွာ)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လောက်ကိုင်မြို့၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့်တွေ့ဆုံ၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၇

ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ မေ ၄ ရက် ညနေပိုင်းက လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်နှင့် အဖွဲ့ဝင်များ၊ လောက်ကိုင်ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး၊ လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်၊ ကုန်းကြမ်း၊ ချင်းရွှေဟော်နှင့် မော်ထိုက်မြို့နယ်တို့၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်မှု၊ မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ မြေပြင်ကွင်းဆင်းဆောင်ရွက်ပြီးစီးမှု၊ စာရင်းကောက်ရာတွင် ဒေသခံဘာသာစကားကျွမ်းကျင်သူများအား စာရင်းကောက်များနှင့် ပေါင်းစပ်ဆောင်ရွက်မှု၊ သတ်မှတ်ရက်အတိုင်း ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဇော်ဝင်းမြင့်က ဖြည့်သွင်းကောက်ယူပြီးဖြစ်သော မေးခွန်းပုံစံများအား ရုံးချုပ်သို့ဆက်လက်ပေးပို့မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုနှင့် ကော်မတီအဆင့်ဆင့်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှု၊ ဒေသခံဘာသာစကားကျွမ်းကျင်သူများ ပံ့ပိုးပါဝင်နိုင်ရေး စီစဉ်ပေးမှုအခြေအနေများနှင့် လုပ်ငန်းစဉ်တစ်ရပ်လုံးအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၏ ဒုတိယမြောက်လုပ်ငန်းစဉ်ဖြစ်သော မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းအား နိုင်ငံတစ်ဝန်းလုံး၌ မတ် ၃၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ အရေးကြီးဆုံးမှာ ပြည်သူအားလုံးပူးပေါင်းပါဝင်ရေးနှင့် သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းပင် ဖြစ်ပါကြောင်း၊ သို့မှသာ ရရှိလာမည့် ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ပြီး ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းစဉ်တစ်ရပ်လုံးအောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ချင်းရွှေဟော်မြို့ အမှတ် (၁)ရပ်ကွက်၌ စာရင်းကောက်များနှင့် အထောက်အကူပြုအဖွဲ့ဝင်များက ဒေသခံပြည်သူများအား တစ်အိမ်တက်ဆင်းဖြင့် သန်းခေါင်စာရင်းမေးခွန်းများ မေးမြန်းကောက်ယူနေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ မေးမြန်း၍ သန်းခေါင်စာရင်းမေးခွန်းများအား မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေး ရှင်းလင်းပြောကြားပြီး ၎င်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၄ ရက် ညပိုင်းတွင် လောက်ကိုင်မြို့ ဧည့်ရိပ်သာ၌ လောက်ကိုင်ခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအားတွေ့ဆုံကာ နိုင်ငံတော်အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ မိမိတို့ဌာနအနေဖြင့် ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ဌာန၏ရည်မှန်းချက်တာဝန်သုံးရပ် အောင်မြင်ရေးတို့အတွက် ကြိုးပမ်းဖော်ဆောင်နေမှုများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာအရင်းခံဖြင့် ဆောင်ရွက်ကြရေးနှင့် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

UNFPA မှ သံတောင်ကြီးတွင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လာရောက်ကြည့်ရှုလေ့လာ

သံတောင်ကြီး မေ ၇

UNFPA မှ Mr.Rony ဦးဆောင်သော နိုင်ငံခြားသားများပါဝင်သော အဖွဲ့သည် မေ ၆ ရက် နံနက် ၈ နာရီခွဲက သံတောင်ကြီးမြို့နယ်သို့ ရောက်ရှိပြီး သူဌေးကုန်းရွာသစ် ကောက်ကွက် (၃) ရှိ အိမ်ထောင်စု သုံးစု၊ ပျားစခန်းကျေးရွာ ကောက်ကွက် (၂) ရှိ အိမ်ထောင်စု သုံးစု၊ သံတောင်မြို့ (၁)ရပ်ကွက် ကောက်ကွက် (၁) ရှိ အိမ်ထောင်စု သုံးစုနှင့် (၂)ရပ်ကွက် ကောက်ကွက် (၁) ရှိ အိမ်ထောင်စု သုံးစုတို့တွင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

ထိုသို့ကြည့်ရှုလေ့လာရာတွင် ဘားအံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယခရိုင်မှူး ဦးစိုင်းထွန်းဝေနှင့် သံတောင်ကြီးမြို့နယ်ဦးစီးအရာရှိ ဦးမျိုးတင့်တို့က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအဖွဲ့သည် မေ ၇ ရက်တွင် လိပ်သိုမြို့နယ်ခွဲသို့ ဆက်လက်ခရီးထွက်ခွာသွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ကိုတီ(iprd)**

ပြည်သူသို့အသိပေးတင်ပြခြင်း

၂၀၁၄ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၃၀-၃-၂၀၁၄ ရက်နေ့မှ စ၍ ၄-၄-၂၀၁၄ ရက်နေ့အထိ ၆ ရက်တာကာလအတွင်း ကောက်ယူပြီးစီးသည့် အိမ်ထောင်စုအရေအတွက်မှာ ၈၀၆၈၀၈၉ စုဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ ၇၈ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် တည်ငြိမ်အေးချမ်းစွာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

ကချင်	-	၇၀ . ၃ %	မွန်	-	၇၇ . ၈ %
ကယား	-	၇၀ . ၇ %	ရခိုင်	-	၆၃ . ၄ %
ကရင်	-	၇၂ . ၆ %	ရန်ကုန်	-	၈၄ . ၁ %
ချင်း	-	၆၉ . ၅ %	ရှမ်း(တောင်)	-	၈၁ . ၄ %
စစ်ကိုင်း	-	၈၀ %	ရှမ်း(အရှေ့)	-	၇၉ . ၈ %
တနင်္သာရီ	-	၈၀ . ၄ %	ရှမ်း(မြောက်)	-	၇၃ . ၆ %
ပဲခူး	-	၈၀ %	ဧရာဝတီ	-	၇၃ %
မကွေး	-	၇၆ . ၂ %	နေပြည်တော်	-	၈၀ %
မန္တလေး	-	၈၂ . ၄ %			

စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန် ၂၀၁၄ မတ်လ ၂၉ ရက်နေ့ညတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိနေသူအားလုံးကို သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်ကြောင်းသိရသည်။ အိမ်ထောင်စုပုံစံဖြင့် နေထိုင်သူများကို မေးခွန်း ၄၁ ချက်ပါပုံစံဖြင့်လည်းကောင်း၊ အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများနှင့် အိမ်ခြေရာခြေမဲ့များကိုမေးခွန်း ၁၁ ချက်ပါ ပုံစံဖြင့်လည်းကောင်း ကောက်ယူလျက်ရှိကြောင်း သိရှိရသည်။

၂၀၁၄ ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းသည် ဧပြီလ ၁၀ ရက်နေ့တွင် ပြီးဆုံးတော့မည်ဖြစ်ပါသဖြင့် ဧပြီလ ၁၀ ရက်နေ့အထိ မိမိအိမ်ထောင်စု/အဖွဲ့အစည်းများတွင် သန်းခေါင်စာရင်း လာရောက်ကောက်ယူခြင်းမခံရသေးပါက နီးစပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီရုံး(သို့မဟုတ်) သန်းခေါင်စာရင်းကွပ်ကဲမှုရုံးများသို့ အကြောင်းကြား၍ သန်းခေါင်စာရင်း အကောက်ခံနိုင်ရေး ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်

❊ ကျောဖုံးမှ

တွေ့မြင်နေရပြီဖြစ်ကြောင်း ဒေသခံများကသုံးသပ်ထားကြသည်။ သင်္ကြန်ပွဲတော်ကာလ နီးကပ်လာသည်နှင့်အမျှ ချောင်းသာကမ်းခြေသို့ နှစ်စဉ်လာရောက်လည်ပတ်ကြသော နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ အများပြည်သူများဖြင့် စည်ကားများပြားလှသလို အခန်းဈေးနှုန်းများလည်း နှစ်စဉ်မြင့်တက်လျက်ရှိနေကြောင်းလည်း သိရသည်။

ယခုအချိန်မှစ၍ အခန်းခဈေးနှုန်းများမှာ သုံးဆထက်မက ပိုမိုဈေးတက်သွားပြီဖြစ်ကြောင်း၊ သင်္ကြန်အတွင်းဟိုတယ်အခန်းများမှာ နှစ်ယောက်ခန်း တစ်ခန်းလျှင် နှစ်သိန်းခွဲဝန်းကျင်အထိရှိပြီး သင်္ကြန်လေးရက်(သို့) သင်္ကြန်ရှေ့နှစ်ရက် နောက်နှစ်ရက်သာ အခန်းဘွတ်ကင်လုပ်ရလွယ်ကူမည်ဖြစ်ကြောင်း ဖြင့် ဟိုတယ်ဝန်ထမ်းတစ်ဦး၏ ရှင်းပြချက်အရ သိရသည်။

ပြီးခဲ့သောလပိုင်းကလည်း အခြေခံပညာအလယ်တန်းစာမေးပွဲများပြီးဆုံးချိန်နှင့် ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားပွဲ စတင်စည်ကားသည့်အချိန်ဖြစ်သည့် တပေါင်းလဆန်း ၇ ရက်တွင် ချောင်းသာကမ်းခြေ၌ မော်တင်ဘုရားဖူးအပြန် ဧည့်သည်များနှင့် အပန်းဖြေဧည့်သည်များဖြင့် စည်ကားလျက်ရှိခဲ့ကြောင်း ချောင်းသာကမ်းခြေဒေသခံများထံမှ သိရသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လိုက်နာအပ်ပေပုံနှိပ်ထုတ်ဝေဥပဒေ

ဦးဟန်ညွန့် (ဥပဒေ)

ဥပဒေ

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်ပါပြီ။ ၂၀၁၄ ခုနှစ် ပြည်ထောင်စုဥပဒေ လွှတ်တော်ဥပဒေအမှတ် ၁၃ ဖြစ်ပါသည်။ ပြဋ္ဌာန်းသည့်နေ့မှာ ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်) ဖြစ်ပါသည်။

ရည်ရွယ်ချက်များ

ဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အတွင်း၌ အရည်အသွေးအဆင့်အတန်းမီ၍ ကျင့်ဝတ်သိက္ခာရှိသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖြစ်ထွန်းရေးကို ဦးတည်ရန်

(ခ) ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် မိမိတို့၏လုပ်ငန်းများကို တည်ငြိမ်ခိုင်မာစွာဆောင်ရွက်နိုင်ရန်အတွက် ခေတ်နှင့်လျော်ညီသော သီးခြားလုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ်ပြဋ္ဌာန်းရန်

(ဂ) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့်တို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်

အသိအမှတ်ပြုခြင်း

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သော အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပေသည်။ သတင်းအေဂျင်စီဖွင့်လှစ်ဆောင်ရွက်လိုသော ပြည်တွင်းအခြေစိုက်အဖွဲ့၊ ပြည်ပအခြေစိုက်အဖွဲ့၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သောအချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပေသည်။ ဝန်ကြီးဌာနသည် လျှောက်ထားသူအား သတ်မှတ်သော အခကြေးငွေပေးသွင်းစေပြီး သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်ပေသည်။

ပြန်လည်ရုပ်သိမ်းခြင်း၊ ရပ်ဆိုင်းခြင်း

အသိအမှတ်ပြုလက်မှတ်ကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ လျှောက်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးဌာနသည် အသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။ ထိုအမိန့်အပေါ် ပြန်လည်စိစစ်သုံးသပ်ပေးနိုင်ရန်လည်း လျှောက်ထားခွင့်ရှိပေသည်။

လိုက်နာရန်စည်းကမ်း

ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သောထုတ်ဝေစာများကိုပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရ။

(က) တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်းလူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း

(ခ) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့်အကြောင်းအရာများကို ဖော်ပြခြင်း

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့်လှုံ့ဆော်ခြင်း

ပုဒ်မ ၈

လိုက်နာရန်စည်းကမ်းသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ဖြစ်ပေသည်။ ပုဒ်မ ၈ ပါစည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာနှင့်စပ်လျဉ်း၍ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာပေးနိုင်ရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားခွင့်ပြုပါသည်။ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ ထိခိုက်နစ်နာသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရမည့် တရားရုံးအဆင့်ကိုလည်း ဥပဒေပုဒ်မ ၉ တွင် ဖော်ပြထားပါသည်။

တရားသူကြီး၏ အဆုံးအဖြတ်

လိုက်နာရန်စည်းကမ်းချက်များဖောက်ဖျက်လျှင်အုပ်ချုပ်ရေးအာဏာပိုင်က (ဌာနက) အရေးယူခြင်းမပြုတော့ဘဲ တရားဥပဒေနှင့်အညီ တရားသူကြီး၏အဆုံးအဖြတ်ကိုသာရယူစေခြင်းသည် ဤဥပဒေ၏ ထူးခြားသောဝိသေသဟု ဆိုနိုင်ပေသည်။

"သက်ဆိုင်ရာ တရားရုံးက အမြန်ဆုံးစစ်ဆေးစီရင်ရမည်" ဟု ဥပဒေပုဒ်မ ၉ တွင် ဖော်ပြထားသကဲ့သို့ ဥပဒေပုဒ်မ ၁၀ တွင် "လျှောက်ထားလွှာလက်ခံရရှိသော တရားရုံးသည် တရားဝင်ထုတ်ဝေစာမဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာမချမှတ်မီ လျှောက်ထားခံရသော ထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် ယာယီတားဝရမ်းထုတ်ဆင့်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်"ဟု အတိအလင်း ဖော်ပြထားပါသည်။ ဆိုလိုရင်းမှာ လိုက်နာရန်စည်းကမ်းဖောက်ဖျက်မှုများကို တရားဥပဒေနှင့်အညီ တရားရုံးများကသာစီရင်ဆုံးဖြတ်ကြောင်း ပေါ်လွင်စေသည့်အချက်ဖြစ်ပါသည်။

ပြည်တွင်းပြည်ပ

ထုတ်ဝေစာများအတွက် တင်ပြလိုပါသေးသည်။ ပြည်တွင်းသို့၊ ပြည်ပသို့ တင်သွင်း၊ တင်ပို့သည့်ကိစ္စဖြစ်ပါသည်။ ထုတ်ဝေစာ၏အဓိပ္ပာယ်ကိုဥပဒေပုဒ်မ ၂ (ဂ)တွင်ဖွင့်ဆိုထားပါသည်။ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းများအတွက် သတ်မှတ်ပုံစံရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိ၏ထုတ်ဝေစာမူရင်းကို အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိလွှင့်တင်ဖြန့်ချိလိုသည့် သတင်းအချက်အလက်နှင့်ပုံများကို အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိပါသည်။

တားမြစ်ချက်များ

မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရပါ။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်းခံရစဉ်အတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရပါ။ မည်သူမျှပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ထုတ်ဝေစာကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းမပြုရပါ။ မည်သူမျှ ပုဒ်မ ၁၁ ပါ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်ခြင်း မရှိစေရပါ။

ပြစ်မှုနှင့်ပြစ်ဒဏ်များ

ပြစ်မှုနှင့်ပြစ်ဒဏ်များ (အခန်း-၇)တွင် ပုဒ်မ ၁၉၊၂၀၊၂၁ ပါဝင်ပြီး ပြစ်မှုအမျိုးအစားအလိုက် ငွေဒဏ်များကိုသာ ဖော်ပြထားပါသည်။ ထောင်ဒဏ်ပြဋ္ဌာန်းထားခြင်းမရှိပါ။ ထောင်ဒဏ်မပါရှိခြင်း၊ ဖောက်ဖျက်ကျူးလွန်မှုများကို တစ်နှစ်အတွင်း အမှုစွဲဆိုခြင်းစသည့်ပြဋ္ဌာန်းချက်များသည် ဤဥပဒေ၏ ထူးခြားချက်များဟု သုံးသပ်နိုင်ပါသည်။

ပုံနှိပ်ထုတ်ဝေလောကသားများသည် ၁၉၆၂ ခုနှစ် ဥပဒေ၏အတွေ့အကြုံများကို ဖြတ်ကျော်၍ ယခုထုတ်ပြန်လိုက်သော ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၏အနှစ်သာရများကို ကျင့်သုံးလိုက်နာရတော့မည်ဖြစ်ပေသည်။ စိတ်သစ်၊ လူသစ်၊ မူသစ်၊ စနစ်သစ်၊ ဥပဒေသစ်ဖြစ်သည်ကိုသတိမူသင့်ကြပေသည်။ လိုက်နာစောင့်ထိန်းအပ်ပေသည် . . .

သက်ဆိုင်ခြင်းမရှိစေရ

အောက်ပါထုတ်ဝေစာများသည် ဤဥပဒေအခန်း(၃)၊ အခန်း(၅)၊ အခန်း(၆)၊ ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ဖော်ပြထားပါသည်။ (ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအပြည့်အစုံကို ၁၉-၃-၂၀၁၄ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်)

(က) နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်တို့နှင့် လက်အောက်အဆင့်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ

(ခ) ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ

(ဂ) မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများက မိမိရုံးလုပ်ငန်းများဆောင်ရွက်ရန်သတ်မှတ်ထုတ်ဝေစာများ

(ဃ) လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်ရှိ ပြည်သူများသို့ ဖြန့်ချိသည့် သတ်မှတ်ထုတ်ဝေစာများ

(င) ပြည်တွင်းအခြေစိုက်နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် သဘောတူညီချက်တစ်ရပ်အရ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများက မိမိတို့၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ

(စ) တက္ကသိုလ်များ၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မိမိတို့၏လုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ

(ဆ) သာရေး၊ နာရေးနှင့် ပတ်သက်သောကြော်ငြာ၊ ဖိတ်စာစသည့် သတ်မှတ်ထုတ်ဝေစာများ

သက်တမ်းတိုးနိုင်

၁၉၆၂ ခုနှစ်ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ်ရရှိပြီး သက်တမ်းကုန်လျှင် ဆက်လက်ဆောင်ရွက်လိုပါက သက်တမ်းတိုးရန် လျှောက်ထားခွင့်ရှိပါသည်။

ဤဥပဒေဖြင့် ရုပ်သိမ်းခြင်း

ဤပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေဖြင့် အောက်ပါဥပဒေများကို ရုပ်သိမ်းပါသည်။

(က) The Press(Emergency Powers)Act.

(ခ) ၁၉၆၂ ခုနှစ်ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ

လိုက်နာအပ်ပေဥပဒေ

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံ၏ အဓိကဂုဏ်သိက္ခာဖြစ်သည်။ တရားဥပဒေအရိပ်သည် အေးမြသည်။ ပုံနှိပ်ထုတ်ဝေ လောကသားများသည် ၁၉၆၂ ခုနှစ် ဥပဒေ၏အတွေ့အကြုံများကို ဖြတ်ကျော်၍ ယခုထုတ်ပြန်လိုက်သော ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၏အနှစ်သာရများကို ကျင့်သုံးလိုက်နာရတော့မည်ဖြစ်ပေသည်။ စိတ်သစ်၊ လူသစ်၊ မူသစ်၊ စနစ်သစ်၊ ဥပဒေသစ်ဖြစ်သည်ကို သတိမူသင့်ကြပေသည်။ လိုက်နာစောင့်ထိန်းအပ်ပေသည်။

နည်းဥပဒေများ ရေးဆွဲရန်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက နည်းဥပဒေများရေးဆွဲထုတ်ပြန်ရန် ကျန်ရှိပေသေးသည်။ နည်းဥပဒေများ (မူကြမ်း) ရေးဆွဲရန် ဆွေးနွေးပွဲများ၊ ရှင်းလင်းချပြမှုများ ဆောင်ရွက်နေကြောင်းလည်း သိရှိရပါသည်။ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ ဂျာနယ်လစ်ကွန်ရက် စသည့် အဖွဲ့အစည်းများအပါအဝင် စိတ်ပါဝင်စားသူအားလုံးက နည်းဥပဒေများ ရေးဆွဲရေးအတွက် အကြံဉာဏ်ကောင်းများပေးပို့နိုင်ကြပါသည်။ ပေးပို့ရန်လည်း ဖိတ်ခေါ်စီမံထားပါသည်။ တိုးတက်သစ်လွင်သော သတင်းမီဒီယာခေတ်တွင် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းသည် ရှေ့တန်းက ပါဝင်လျက်ရှိသည်။ သို့ဖြစ်၍ နည်းဥပဒေများရေးဆွဲရေးအတွက် အကြံဉာဏ်ကောင်းများ ပေးပို့ထောက်ကူခြင်းဖြင့် သတင်းမီဒီယာ၏ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ စေတနာထားရှိအပ်ပါကြောင်း။ ။

မိတ္ထီလာ ရေချိုကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်

မိတ္ထီလာ ဧပြီ ၇

ရန်ပုံငွေကျပ် သိန်းတစ်ထောင်ဖြင့် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်း ၅၂ ခု အနက်မှ တစ်ခုအပါအဝင်ဖြစ်သည့် မိတ္ထီလာမြို့နယ် ရေချိုကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို မိတ္ထီလာနှင့် မလှိုင်မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ မိတ္ထီလာမဲဆန္ဒနယ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစောဌေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဦးမြင့်အောင်၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေး အကြံပေးအဖွဲ့ဝင်

ဦးသိန်းဝင်းနှင့် အခြားတာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ဧပြီ ၆ ရက် နံနက် ၇ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မိတ္ထီလာတွင် နိုင်ငံတော်ခွင့်ပြုသည့် ရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် ပညာရေးကဏ္ဍလုပ်ငန်း ၄၂ ခု၊ လမ်းတံတားကဏ္ဍ လုပ်ငန်းသုံးခု၊ သောက်သုံးရေကဏ္ဍလုပ်ငန်းသုံးခုနှင့် ကျန်းမာရေးကဏ္ဍလုပ်ငန်းလေးခု စသည့် တည်ဆောက်ပြုပြင်ဆောင်ရွက်သည့်လုပ်ငန်း ၅၂ ခုအနက် ရေချိုကျေးရွာ ကျန်းမာရေးဌာနခွဲအဆောက်အအုံသည် အလျား ၂၂ ပေခွဲ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ၊သွပ်မိုး၊ အုတ်ကာဖြစ်ပြီးကျပ်သိန်း ၃၀ ဖြင့် အသစ်တည်ဆောက်ပေးသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ရေချိုကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်သည် ဒေသခံတာဝန်ရှိသူများနှင့် ဖွဲ့စည်းထားသည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီများက လုပ်ငန်း ၅၂ခုကို ဆောင်ရွက်သည့် လုပ်ငန်းများအနက် အားရကျေနပ်စရာ အကောင်းဆုံးဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မေ ၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Zhang Dejiang နှင့် မွန်ဂိုလီးယားနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Zandaakhuu Enkhbold တို့၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီတို့၏ ဆွေးနွေးပွဲ တတိယနေ့အဖြစ် စာချုပ်မူကြမ်းပါ အခန်း(၅)ခန်း ဆက်လက်ဆွေးနွေး

ရန်ကုန် မေ ၇

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ဆွေးနွေးပွဲ တတိယနေ့အဖြစ် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းတွင် အခန်းခုနစ်ခန်းရှိသည့်အနက် အခန်းငါးခန်းကို ယနေ့ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန၌ ဆွေးနွေးခဲ့ကြသည်။ **(အောက်ယာပုံ)**

ယနေ့ ဆွေးနွေးပွဲတွင် အခန်း(၁) အခြေခံမူများ၊ အခန်း(၂)ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ၊ အခန်း(၃) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စများ၊ အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးခိုင်မာအောင် ဆောင်ရွက်ခြင်းနှင့် အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များမှ အချက်အချို့ကို ရင်းနှီးခင်မင်စွာ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT)မှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (Myanmar Peace Center)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲအပြီး မီဒီယာတွေ့ဆုံပွဲတွင် (NCCT)မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဖဒိုစောကွယ်ထူးဝင်းက "မူကြမ်းတစ်ခုတည်းရရှိဖို့ ဆွေးနွေးပြီးသွားတဲ့ အပိုင်းတွေမှာ ညှိနှိုင်းနိုင်ခဲ့တယ်။ တချို့အချက်တွေက သဘောမတူဘူးဆိုတဲ့ အနေအထားတော့မဟုတ်ဘူး၊ ပြန်လည်ဆွေးနွေးရမယ့် အနေအထား အချက်တွေရှိတယ်။ သူ့အမြင်၊ ကိုယ့်အမြင်တွေကို တင်ပြတဲ့နေရာမှာ နားလည်မှုတွေ တိုးတက်လာတဲ့အတွက် အခန်းကဏ္ဍ တော်တော်များများကို ပြီးစီးအောင် ဆွေးနွေးနိုင်ခဲ့တယ်။ ယခု ဆွေးနွေးပွဲက အားရမှုရှိတဲ့ ဆွေးနွေးညှိနှိုင်းမှုတစ်ခုလို့ မြင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center) မှ ဦးလှမောင်ရွှေက "နှစ်ဖက်သဘောတူထားတဲ့ မူကြမ်းပထမအဆင့်ဖြစ်တဲ့အတွက် အချို့အချက်တွေ ပြန်ပြီးညှိနှိုင်းဖို့ ကျန်ပါသေးတယ်။ အရှိန်ရလာတာနဲ့အမျှ နှစ်ဖက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းရှိလာတယ်။ လိုအပ်တာက အချိန်နဲ့ သဘောထားအချို့ကို ညှိနှိုင်းဖို့ ကျန်နေတာပဲဖြစ်ပြီး မနက်ဖြန် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) မှ ဗိုလ်မှူးကြီး ခွန်ဥက္ကာအား တွေ့ဆုံမေးမြန်းရာတွင် "အခုလို ဆွေးနွေးပွဲတွေ လုပ်နေရတာသည် သန်း ၆၀ သော ပြည်သူတွေ ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ရေး အတွက်စဉ်းစားပြီး လုပ်တာဖြစ်ပါတယ်။ ပဋိပက္ခတွေက တိုင်းရင်းသားတွေပဲ ထိခိုက်တာမဟုတ်ဘူး။ ပြည်သူတွေအကုန်လုံးထိခိုက်တယ်။ နစ်နာတယ်။ ဆင်းရဲမွဲတေတယ်။ အဲဒါတွေကို ကုစားနိုင်ဖို့ တည်ငြိမ်အေးချမ်းမှုရဖို့လိုတယ်။ ပြည်တွင်းစစ်မှာ အသုံးစရိတ်တွေအများကြီး သုံးခဲ့တာကိုလျှော့ပြီး ပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတွေမှာ သုံးလိုက်မယ် ဆိုရင် ပြည်သူတွေရဲ့ဘဝ ပြန်ပြီးနာလန်ထူလာနိုင်မယ်။ ပြည်သူအားလုံးရဲ့ ရှေ့ရေးအတွက် အခုလိုကြိုးစားဆွေးနွေးနေတာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မေ ၈ ရက်တွင် ယင်းဆွေးနွေးပွဲ စတုတ္ထနေ့အဖြစ် အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များမှ နောက်ဆုံးအပိုဒ်၊ အခန်း (၆) ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အခန်း(၇) အထွေထွေကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားမည်ဟုလည်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ဆက်သွယ်ရေးကို နိုင်ငံတကာအော်ပရေတာများနှင့်ယှဉ်ပြိုင်နိုင်ရန် ဂျပန်ကုမ္ပဏီတစ်ခုနှင့်အကျိုးတူပူးပေါင်း၍ အဆင့်မြှင့်တင်သွားမည်

ဆက်သွယ်ရေးကဏ္ဍ အပြောင်းအလဲများအပေါ် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံမေးမြန်းခြင်း

ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း

တွေ့ဆုံမေးမြန်း - ခင်ရတနာ

ဓာတ်ပုံ - သိမ့်သိမ့်မိုး

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် ယခုနှစ်အတွင်း အပြောင်းအလဲများစွာကို ပြည်သူများထံ ပေးစွမ်းတော့မည်ဖြစ်သည်။ နိုင်ငံတကာ အတွေ့အကြုံရှိ ဆက်သွယ်ရေးအော်ပရေတာအသစ် တယ်လီနောနှင့်အော်ရီဒူးတို့က ကတိကဝတ်ပြုလက်မှတ်ရေးထိုးထားသည့်အတိုင်း ဆင်းကတ်များ သတ်မှတ်ချိန်ကာလအတွင်း ရောင်းချပေးနိုင်ရန် မိုဘိုင်းနက်ဝပ်ခ်လုပ်ငန်းများ အပြင်းအထန်ဆောင်ရွက်နေပြီး ရတနာပုံတယ်လီပို့လုပ်ငန်းကိုလည်း အများပိုင်ကုမ္ပဏီအဖြစ်ပြောင်းလဲကာ အော်ပရေတာလိုင်စင်ထုတ်ပေးရန် စီစဉ်နေကြပြီဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍကို နှစ်ပေါင်းများစွာ ချုပ်ကိုင်လာခဲ့သော MPT အနေဖြင့်လည်း နိုင်ငံခြား ပုဂ္ဂလိကဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဟု ပြောဆိုလျက်ရှိကြသည်။ မကြာမီ ပြိုင်ဆိုင်မှုပြင်းထန်လာတော့မည့် အရိပ်လက္ခဏာများကို တွေ့မြင်လာရသည့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ၏ လက်ရှိအနေအထားကို မြန်မာ့ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြတ်ဟိန်းနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

မေး။ ။ မြန်မာ့ဆက်သွယ်ရေးကဏ္ဍရဲ့လက်ရှိအခြေအနေကို ပြောပြပေးပါရှင့်။

ဖြေ။ ။ မြန်မာ့ဆက်သွယ်ရေးကဏ္ဍကတော့ အားလုံးသိတဲ့အတိုင်း အပြောင်းအလဲနဲ့ယှဉ်ပြိုင်မှုတွေ စတင်လာပြီပေါ့။ အော်ပရေတာတွေလည်း လုပ်ငန်းတိုးတက်အောင်၊ အချိန်မီပြီးစီးအောင် အပြိုင်အဆိုင်ဆောင်ရွက်နေကြတာက အားရစရာဖြစ်ပါတယ်။ လက်ရှိဆက်သွယ်ရေးထက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကို မိဘပြည်သူတွေ ရရှိတော့မှာပါ။

မေး။ ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ အနာဂတ်ပုံစံက ဘယ်လိုဖြစ်လာမှာပါလဲရှင့်။ ဝန်ကြီးဌာနအနေနဲ့ကရော ဘယ်လိုများစီမံထားပါသလဲ။

ဖြေ။ ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ လက်ရှိမှာ နိုင်ငံပိုင်လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ခေတ်စနစ်နဲ့အညီ အဆင့်မြှင့်တင်ဖို့အတွက်အော်ပရေတာတွေ ရွေးချယ်ရာမှာ ကျန်ရှိတဲ့ကုမ္ပဏီတွေအထဲက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကိုက်ညီတဲ့ လုပ်ငန်းကို ရွေးချယ်နေပါတယ်။ တော်တော်လေးခရီးရောက်နေပါပြီ။ မကြာခင်မှာ အပြီးသတ်ရွေးချယ်ပြီး ကြေညာပေးသွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ကတော့ မူဝါဒအပိုင်းတွေ ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး သုံးစွဲသူပြည်သူတွေအကျိုးရှိမှုအတွက် အဓိကထား စဉ်းစားဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။

မေး။ ။ ရတနာပုံတယ်လီပို့ကို အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းသွားမယ်လို့သိရပါတယ်။ အဲဒီမှာရော မြန်မာ့ဆက်သွယ်ရေးက ဘယ်လောက်များ အကျိုးတူပူးပေါင်းမလဲဆိုတာ သိပါရစေ။

ဖြေ။ ။ အော်ပရေတာတစ်ခုကို လုပ်ကိုင်နေတဲ့အချိန်မှာ အခြားအော်ပရေတာလုပ်ငန်းတစ်ခုမှာ ရှယ်ယာထည့်သွင်းမယ်ဆိုရင် ၁၀ ရာခိုင်နှုန်းထက်ပိုမိုထည့်ဝင်လို့မရပါဘူး။ လက်ရှိရင်းနှီးမြှုပ်နှံမှုအတိုင်းကတော့ ဆက်လက်ရှိနေနိုင်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❏

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညွန့်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် အာဆီယံ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန်အတွက် ဧပြီ ၆ ရက် ည ၁၁ နာရီခွဲတွင် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ တရုတ်လေကြောင်း ခရီးဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန်နံနက် ၅ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Hong Liang နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ ဦးစိုးဟန်နှင့် သံရုံးဝန်ထမ်းမိသားစုများက ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဒုတိယသမ္မတဦးညွန့်ထွန်းသည် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦး ညွန့် ထွန်း အား တရုတ်ပြည် သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့ အ ပြည် ပြည် ဆိုင်ရာ လေဆိပ်မှ တာဝန် ရှိသူများ က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် တွံတေးတူးမြောင်း တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းနှစ်ပိုင်းရှိရာ တွံတေးမြို့ အပါအဝင် တူးမြောင်းတောင်ဘက် အခြမ်းသည် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိသုံးစွဲနိုင်ခဲ့ပြီး တူးမြောင်း မြောက်ဘက်ခြမ်းမှာ ယနေ့အထိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု မရှိသည်ကို တွေ့ရှိရကြောင်း။

မြောက်ဘက်ခြမ်း၌ ကျေးရွာအုပ်စု ၁၆ စု၊ ကျေးရွာပေါင်း ၅၀၊ အိမ်ခြေ ၇၉၇၁၊ အိမ်ထောင်စုပေါင်း ၈၂၃၉ စုနှင့်လူဦးရေ ၃၅၉၁၀ မှီတင်းနေထိုင်လျက်ရှိပြီး လယ်ယာလုပ်ငန်းအပြင် ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးကန် ၁၂၃၃ ဧက၊ ရွှေမုယင်း၊ ပသီ/ အဒွန်းနှင့်ပြသတိုက်ဒေသတို့၌ ပုဂ္ဂလိကပိုင်ငါး၊ ပုစွန်ကန် ၂၄၀၀၀ ဧက မွေးမြူလုပ်ကိုင်လျက်ရှိကြောင်းဖြင့် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လှိုင်သာယာ ၂၃၀ ကေဗွီအေ ဓာတ်အားခွဲရုံခန်းမ၌ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းမြောက်ဘက်ခြမ်းကျေးရွာများ၊ ငါးမွေးမြူရေး စခန်းများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးတွေ့ဆုံဆွေးနွေးပွဲ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဤဒေသအတွင်းမှ ပြည်သူများ လူမှုဘဝမြင့်မားရေး၊ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစာတောင့်

ပဒန်...
လှိုင်သာယ...

စက်ရုံများ၊ အ...
စက်ရုံများအထိ...
နိုင်ရန် လျှပ်...
သည် မရှိ...
ကြောင်း၊ လျှ...
ယနေ့လူဦး ...
ရာခိုင်နှုန်းအ...
ရှိကြောင်း၊ မြန်...
ဓာတ်အားသုံး...
ရာခိုင်နှုန်း မှ ...
တိုးတက် လျှ...
မဂ္ဂါဝပ် ၂၀...
ယမန်နှစ်က မ...
သုံးစွဲခဲ့သဖြင့် ...
သုံးစွဲနေကြော...
ရေအား ...
အနေဖြင့် တ...
၁၀ နှစ်အထိ...
တည်ဆောက်...

ဖယ်ခုံမြို့၌ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်

ဖယ်ခုံ ဧပြီ ၇

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်တွင် ၂၀၁၄ ခုနှစ် အခြေခံ စာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစောအယ်ဒိုဝါးက အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်ရခြင်းနှင့် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဖယ်ခုံမြို့နယ် စာတတ်မြောက်ရေး လှုပ်ရှားမှုအတွက် လှူဒါန်းငွေကျပ်သိန်း ၂၀ အား ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဖယ်ခုံတပ်နယ် နယ်မြေခံတပ်မမှ တပ်မမှူး၊ ကယန်းတိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများသည် ဖယ်ခုံမြို့နယ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်သန်းစာရင်းကောက်ယူနေမှုများ၊ ပြည်သူ့ဆေးရုံတိုးချဲ့ လူနာဆောင်ဆောက်လုပ်နေမှုများ၊ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ဧပြီ ၅ ရက်အထိ အိမ်ထောင်စု ၁၄၅၀၇ စု၊ ၇၇ ဒသ မ ၉၃ ရာခိုင်နှုန်း၊ လူဦးရေ ၇၇၄၃၀ ဦး ၈၀ ဒသမ ၇၆ ရာခိုင်နှုန်းကောက်ယူ ပြီးစီးလျက်ရှိပြီး အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအနေဖြင့် မြို့နယ်အတွင်း စာသင်ဝိုင်း ၁၀၀၊ စာသင်သားဦးရေ ၈၉၅ ဦးဖြင့် ဧပြီ ၁ ရက်မှ ဧပြီ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကိုထွေး(ဖယ်ခုံ)

အသက်မွေးဝမ်းေ...

ရန်ကုန် ဧပြီ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ... လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီး သင်တန်း... အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသ... တစ်နှစ်သင်တန်းဖြစ်သော ရေဒီယို အီလက်ထရွန်... သင်တန်းများဖြစ်သော စက်ချုပ်သင်တန်း၊ ပိုးဇာပုံနှိပ်သ... ကွန်ပျူတာသင်တန်းနှင့် ဓာတ်ပုံသင်တန်းများကို မေ ... အပတ်စဉ်(၁/၂၀၁၄-၂၀၁၅)အား ဖွင့်လှစ်သင်ကြား...

မိုးကြိုးဘေးအတွက် လိုက်နာရန်အချက်များ

၁။ ယခုအခါ မိုးကြိုးဘေးအန္တရာယ်မှာ အဖြစ်များလာသော ဘေးအန္တရာယ်တစ်မျိုးဖြစ်လာသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းများဖြစ်ပေါ်ပါက အောက်ပါအချက်များအား အထူးဂရုပြုလိုက်နာသင့်ပါသည်-

အိမ်အပြင်တွင်ရောက်ရှိနေပါက

(က) အိမ်ထဲသို့ ချက်ချင်းပြေးဝင်ပါ၊ သံ/သတ္တုပစ္စည်းများကို လက်တွင် ကိုင်မထားပါနဲ့။
(ခ) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊ နိမ့်သောနေရာတွင်နေပါ။
(ဂ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင်စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲမှ ချက်ချင်းတက်ပြီး လုံခြုံသည့် အခိုအကာနေရာ ရှာ၍နေပါ။
(ဃ) အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီဖြန့်ခွဲနေပါ။
(င) ကွင်းပြင်တွင် ထီးတည်းကြီးမနေပါနှင့်။
(စ) လျှပ်စီးလက်သည်ကိုမြင်သည်နှင့် ၁ မှ ၃၀ အထိ ရေတွက်ကြည့်ပါ။ ၃၀ မပြည့်မီ မိုးကြိုးပစ်သံကြားရပါက အမြန်ဆုံး အိမ်ထဲကိုပြေးဝင်ပါ။ (ဤလက္ခဏာသည် မိမိ၏အပေါ် တည့်တည့်တွင် မိုးကြိုးရောက်ရှိနေခြင်းဖြစ်ပါသည်။)
(ဆ) သင့်ဆံပင်များထောင်နေသည်ဟု စတင်ခံစားရပါက မိုးကြိုးပစ်တော့မည့် လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးထောက်ချလိုက်ပြီး သင့်လက်နှစ်ဖက်ကို ဒူးပေါ်သို့ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွတ်ထားပါ။ မြေပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပို၍ကြီးမားသော မိုးကြိုးပစ်မှတ်ဖြစ်သွားနိုင်ပါသည်။
(ဇ) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

အိမ်တွင်း၌ရှိနေပါက

(က) အဆောက်အအုံများ၏ အလယ်တွင်သာနေပါ။ ရေပိုက်များနှင့်ရေဆေးခွက်များအနီးတွင် မနေပါနှင့်။ မိုးကြိုးလျှပ်စီးမှုတစ်ဆင့် ဓာတ်လိုက်တတ်သည်)
(ခ) ပြတင်းပေါက်များနှင့်ဝေးကွာသောနေရာတွင်နေပါ။
(ဂ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ဖုန်းများမသုံးပါနှင့်။
(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
(င) လျှပ်စီးလက်သောအခါ သင့်အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်သောပစ္စည်းများအတွင်းသို့ လျှပ်စီးဝင်နေနိုင်၍ ရေမချိုးပါနှင့်၊ မည်သည့်သံ/သတ္တုပစ္စည်းကိုမှမကိုင်ပါနှင့်။
(စ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများ ကြိုတင်တပ်ဆင်ထားပါ။
(ဆ) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။
(ဇ) မီးပျက်သွားပါက ဓာတ်မီး(သို့မဟုတ်)အရေးပေါ်မီးများကိုသာ အသုံးပြုပါ။

ကားမောင်းနေပါက

(က) အရှိန်ကိုလျှော့ပါ၊ လမ်းဘေးသို့ချရပ်ပါ၊ ကားထဲတွင်သာဆက်နေပါ။
(ခ) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကိုဖွင့်ထားပါ။
(ဂ) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့်ဒဏ်ကြောင့်သော်လည်းကောင်း လဲကျနိုင်၍ဖြစ်သည်။
(ဃ) ကားထဲတွင် မည်သည့်သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။
(င) ရေလွှမ်းနေသောလမ်းပေါ်တွင် ကားမမောင်းပါနှင့်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

သန်းခေါ်...
အိမ်ထေ...

နေပြည်တေ...

၂၀၁၄ ...
အိမ်အကြောင်...
စာရင်း မြေပြင်...
ကို မတ် ၃၀ ...
တစ်ဝန်းတွင် ...
၅ ရက်အထိ ...
၈၀၆၈၀၈၉ ...
ခဲ့ကြောင်း သိ...
ထိုသို့ ...
အခြေအနေမှာ...
အိမ်ထောင်စု ...
ပြည်နယ်တွင် ...
ပြည်နယ်တွင် ...
ပြည်နယ်တွင် ...
တိုင်းဒေသကြီး...
တနင်္သာရီ ...
၂၁၄၆၄၁ စု၊ ...
(အရှေ့ပိုင်း)တွ...
တိုင်းဒေသကြီး...

အခြေခံစက်ချုပ်သင်တန်းဖွင့်

မလှိုင် ဧပြီ ၇

မလှိုင်မြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များ ကိုယ်ပိုင်အလုပ်အကိုင်ရရှိစေရေး မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိစေရန်နှင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းကို ဧပြီ ၃ ရက်က မလှိုင်မြို့ ရွှေမုဋ္ဌောဘုရားဝင်းအတွင်းရှိ လယ်/ဆည်မွှာရုံ၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အခြေခံစက်ချုပ်နည်းအပြင် ဇာထိုး၊ ပန်းထိုး၊ ဖန်စီအိတ်ထိုးနည်း၊ ပန်းအလှထိုးနည်း၊ သစ်သီးပန်းအလှပုံဖော်နည်းများကိုပါ သင်ကြားပေးသွားမည်ဖြစ်သည်။

အခြေခံစက်ချုပ်သင်တန်းသို့သင်တန်းသူ ၅၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အောင်ဌေး(မလှိုင်)

ပဒန်း- ရေကျော်မှ တောင်ဘက်အဆုံး တွံတေးဝအထိ လိုင်းသာယာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

စက်ရုံများ၊ အအေးခန်းများ၊ စည်သွပ်စက်ရုံများအထိ တိုးတက်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားရရှိရေးသည် မရှိမဖြစ် လိုအပ်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသည် ယနေ့လူဦး ရေ အိမ်ထောင်စု ၃၀ ရာခိုင်နှုန်းအတွက် လုံလောက်ရုံသာရှိကြောင်း၊ မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်း မှ ၁၈ ရာခိုင်နှုန်းအကြား တိုးတက် လျက်ရှိကြောင်း၊ ယနေ့ မဂ္ဂါဝပ် ၂၀၀၀ ခန့်သုံးစွဲနေပြီး ယမန်နှစ်က မဂ္ဂါဝပ် ၁၈၀၀ ခန့်သာ သုံးစွဲခဲ့သဖြင့် မဂ္ဂါဝပ် ၂၀၀ ခန့် ပိုမိုသုံးစွဲနေကြောင်း။

ရေအား လျှပ်စစ်စက်ရုံတစ်ခု အနေဖြင့် တည်ဆောက်ရန် ရှစ်နှစ်မှ ၁၀ နှစ်အထိကြာကြောင်း၊ ယခုစတင်တည်ဆောက်နိုင်မှ ၂၀၁၅ မှ ၂၀၂၀ ခုနှစ်အတွင်း တာဝန်ယူမည့် အစိုးရအနေဖြင့် ပြည်သူများ ကျေနပ်သည့် လျှပ်စစ်ဓာတ်အားကို ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းမည့် ရေအား လျှပ်စစ်စီမံကိန်းကြီးများကို ဆက်လက်အကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်း။

ယခုတွံတေးမြို့နယ် မြောက်ဘက် ဒေသအခြမ်းကိုလည်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ပဒန်း- ရေကျော်မှ တောင်ဘက်အဆုံး တွံတေးဝအထိ လိုင်းသာယာပင်မဓာတ်အားခွဲရုံကြီးမှ ဓာတ်အားဆက်သွယ်ပို့လွှတ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က တွံတေးတူးမြောင်း မြောက်ဘက်ခြမ်းကျေးရွာများနှင့် ငါးမွေးမြူရေးစခန်းများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တွံတေးမြို့နယ် ငါးမွေးမြူရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းကျော်က တွံတေးမြို့နယ် ရွှေမုယင်းဒေသမှ နှစ်စဉ်ငါးပိသာချိန် နှစ်သိန်းခွဲခန့် ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း၊ ငါးမွေးမြူရေးအတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိပါက ငါး၊ ပုစွန် မွေးမြူရေးကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ငါးမြစ်ချင်းမွေးမြူရေးကန်များ၌ အောက်ဆီဂျင်နည်းပါးသဖြင့် မွေးမြူရေး၌အခက်အခဲရှိကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိပါက ငါးကန်များ၌ အောက်ဆီဂျင်ရရှိအောင် ဆောင်ရွက်နိုင်မည့်အပြင် ပုစွန်၊ ငါးရှဉ့်၊ ကဏန်းပျော့များပါ တိုးချဲ့မွေးမြူ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးမည့်အတွက် ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအုန်းကြွယ်နှင့် ဒေါက်တာသိန်းဇော်မြင့်တို့က ဖြည့်စွက်ဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တွံတေးမြို့နယ် ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်း မြောက်ဘက်ခြမ်း ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ငါးမွေးမြူရေးစခန်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပျဉ်းမနား ဆင်ဖြူတောင်ဘုရားပွဲတော်ကြီး ယခင်နှစ်များနှင့်မတူစည်ကားစွာကျင်းပမည်

နေပြည်တော် ဧပြီ ၇

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အရှေ့ဘက် ကူးတို့ဆိပ်ကျေးရွာအုပ်စုတွင် တည်ထားသော သမိုင်းဝင်ဆင်ဖြူတောင် ဘုရားပွဲတော်ကြီးကို ဧပြီ ၈ ရက်မှ ၁၅ ရက်အထိ အထူးစည်ကားစွာ ကျင်းပမည်ဖြစ်သည်။

ဆင်ဖြူတောင် ဘုရားကြီးကို ရှေးနှစ်ပေါင်း ၁၀၀ ကျော်ကာလ နယ်လှည့်သာသနာပြု ရသေ့ကြီးဦးခန္တီက တောင်ခြေလေးမျက်နှာတွင် ဘုရားလေးဆူ တည်ထားခဲ့သည်။

တောင်တော်ကြီး၏တောင်ခြေအရပ်လေးမျက်နှာတွင်ရှိသောဘုရားလေးဆူအနက် အရှေ့ဘက်တောင်ခြေရှိ ကောဇာဂုံမြတ်စွာဘုရားကြီးနှင့် (Kp Mobile) အာရုံခံကိုးခန်းတန်ဆောင်းကြီးအား ဧပြီ ၇ ရက်တွင် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး တန်ဆောင်းအလှူရှင်မိသားစု ပျဉ်းမနားမြို့ မြို့ဦးဝတ်ဖြူတော်အသင်း(ဥက္ကဋ္ဌ)၊ အလှူရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ နီးစပ်ရာ ကျေးရွာ ၁၄ ရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝတ်အသင်းများနှင့် ဘုရားဖူးများက ဖွင့်လှစ်ခဲ့သည်။

ဆင်ဖြူတောင် ဘုရားပွဲကြီးကို နှစ်စဉ်စည်ကားစွာ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ ဘုရားပွဲတော်ကြီးအား နေပြည်တော် ကောင်စီနယ်မြေရှိ မြို့များမှ ဘုရားဖူးဧည့်သည်များ လာရောက် ဖူးမြော်လည်ပတ်ကြသည်။ ဘုရားပွဲတော်တွင် ကျေးလက်ဒေသ အိမ်သုံးလုပ်ငန်းသုံး ပစ္စည်းများ လာရောက်ရောင်းချခြင်းအပြင် ပျော်ပွဲရွှင်ပွဲ၊ အငြိမ့်၊ ဇာတ်ပွဲများပါ ထည့်သွင်းထားသဖြင့် ဘုရားဖူးလာသူများ ကြက်ပျံမကျ စည်ကားများပြားကြသည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ အရှေ့ဘက်တောင်ခြေ (Kp Mobile) အာရုံခံ ကိုးခန်းတန်ဆောင်းကြီး၌ တန်ခူးလပြည့်နေ့ နံနက် ၇ နာရီတွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုးကုတ်နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးတေဇနိယ (ခေမာသီဝံကျောင်း) ဆရာတော်မှ တရားချီးမြှင့်မည်ဖြစ်သည်။ ဧပြီ ၁၄ ရက်နေ့တွင် တောင်တော်ကြီး၏ အနီးရွာများမှ သံဃာတော် ၁၀၈ ပါးကို ဂေါပကအဖွဲ့က ကြီးမှူး၍ ဆွမ်းဆန်တော်များ လှူဒါန်းပြီး ဘုရားဖူးလာကြသော ရဟန်းရှင်ပြည်သူအပေါင်းတို့အား ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

ပဲခူးတိုင်းတွင် ၁၇ ခုမြောက် မီးပွိုင့်ဖွင့်ပွဲကျင်းပ

ပဲခူး ဧပြီ ၇

ပဲခူးမြို့ ဥဿာမြို့သစ် အမှတ်(၇)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမကြီးနှင့် သမိန်ဗရမ်းလမ်းထောင့်ရှိ ပြင်စီလမ်းဆုံမီးပွိုင့်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၇ နာရီခွဲက အစီအစဉ်(၆)ရပ်ဖြင့် ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်း၊ ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းက မီးပွိုင့်ကို စက်ခလုတ်နှိပ် ဖွင့်ပေးခဲ့သည်။ ဆက်လက်၍ အမှတ်(၃)ယာဉ်ထိန်း ဒုတပ်ဖွဲ့မှူး ရဲမှူးထိန်ဝင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ တိုင်းဒေသကြီး ယာဉ်စည်းကမ်း

ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကွပ်ကဲမှုတို့ဖြင့် မီးပွိုင့်ပေါင်း ၁၇ ခု တပ်ဆင်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်း ၁၂၁၃၇၉၀၀ ဖြစ်ကြောင်းနှင့် ယခုဖွင့်ပေးသော ရန်ကုန်-မန္တလေးကားလမ်းမကြီး ပြင်စီလမ်းဆုံမီးပွိုင့်မှာ ၁၇ ခုမြောက် မီးပွိုင့်ဖြစ်ပြီး ငွေကျပ် ၇၉၄၉၀၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

...က်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၇

...ယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ... မသန်စွမ်းသက်ကြီး သင်တန်းကျောင်း ရန်ကုန်မြို့မှ ...၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ...သော ရေဒီယို အီလက်ထရွန်နစ်သင်တန်း၊ သုံးလ ... စက်ချုပ်သင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဆံသသင်တန်း၊ ...င့် ဓာတ်ပုံသင်တန်းများကို မေ ၁၂ ရက်တွင် သင်တန်း ...-၂၀၁၅)အား ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းတက်ရောက်သင်ကြားလိုသူများသည် မသန်စွမ်းသက်ကြီးသင်တန်းကျောင်းအမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၂၅၀၁၇၀၀၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး၊ အဆောင်နေ၊ စားစရိတ်ငြိမ်းနှင့် နယ်မှ လာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်တို့ကိုပါ ထုတ်ပေးမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် အိမ်ထောင်စု ရှစ်သန်းကျော် သန်းခေါင်စာရင်းကောက်ယူပြီးဖြစ်

နေပြည်တော် ဧပြီ ၇

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြေပြင်စာရင်းကောက်ယူခြင်းကို မတ် ၃၀ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ခဲ့ရာ ဧပြီ ၅ ရက်အထိ အိမ်ထောင်စု စုစုပေါင်း ၈၀၆၈၀၈၉ စုကို ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

ထိုသို့ ကောက်ယူပြီးစီးခဲ့မှုအခြေအနေမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၁၈၀၆၀၂ စု၊ ကယားပြည်နယ်တွင် ၃၈၅၆၄ စု၊ ကရင်ပြည်နယ်တွင် ၂၂၃၅၈၈ စု၊ ချင်းပြည်နယ်တွင် ၅၉၉၃၆ စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈၅၇၈၇၈ စု၊ တနင်္သာရီ တိုင်းဒေသကြီးတွင် ၂၁၄၆၄၁ စု၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် ၅၀၄၅၂၁ စု၊ ပဲခူးတိုင်းဒေသကြီး (အနောက်)တွင် ၃၉၉၂၇၈ စု၊ မကွေးတိုင်းဒေသကြီးတွင် ၆၆၉၅၉၆ စု၊ မန္တလေးတိုင်းဒေသကြီးတွင် ၉၈၇၉၇၅ စု၊ မွန်ပြည်နယ်တွင် ၃၂၁၁၆၀၊ ရခိုင်ပြည်နယ်တွင် ၃၅၄၉၄၄ စု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂၄၈၇၃၇ စု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ၈၆၆၁၉ စု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ၃၈၀၀၉၄ စု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၂၇၉၈၉၉ စု၊ ဧရာဝတီ တိုင်းဒေသကြီးတွင် ၁၀၆၅၀၀၆ စုနှင့် နေပြည်တော် ကောင်စီနယ်မြေတွင် ၁၉၅၀၅၁ စု တို့ဖြစ်ကြသည်။

ကချင်ပြည်နယ်ရှိ ကျေးရွာများအနက် ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိခဲ့သောကျေးရွာ ၂၃၀ ရွာတွင် ဧပြီ ၂ ရက်မှစတင်၍ တပ်မတော်၏ လုံခြုံရေး အစောင့်အရှောက်ဖြင့် စာရင်းကောက်ယူခဲ့ရာ ဧပြီ ၆ ရက် အထိ ကျေးရွာပေါင်း ၅၆ ရွာတွင် ကောက်ယူပြီးစီးခဲ့ပြီး ကျန် ၁၇၅ ရွာအား ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်ရှိ ကျေးရွာများအနက် ကေအိုင်အေ တပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်းမရှိခဲ့သော ကျေးရွာ ၅၄ ရွာတွင် တပ်မတော်၏ လုံခြုံရေး အစောင့်အရှောက်ဖြင့် စာရင်းကောက်ယူခဲ့ရာ ဧပြီ ၆ ရက်အထိ ကျေးရွာ ၃၇ ရွာတွင် ကောက်ယူပြီးစီးခဲ့ပြီး ကျန် ၁၇ ရွာကို ဆက်လက် ကောက်ယူသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Nautica သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်

ရန်ကုန် ဧပြီ ၇

အမေရိကန်နိုင်ငံ အခြေစိုက် Oceania Cruises မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Nautica ယနေ့နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်မြို့ မြန်မာ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။

သွားရောက်လည်ပတ်

ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ တစ်ဆင့်ရောက်ရှိလာသော အဆိုပါသင်္ဘောကြီးပေါ်တွင် ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၆၂၈ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၀၀ ခန့် လိုက်ပါလာသည်။ ကမ္ဘာလှည့်ခရီးသည်များသည် မန္တလေး၊ ပုဂံနှင့်ရန်ကုန်မြို့ဝန်းကျင်ကို သွားရောက်လည်ပတ်ကြမည်ဟု သိရှိရသည်။

"ဒီတစ်ခေါက် သင်္ဘောကြီးမှာ လိုက်ပါလာတဲ့ ဝန်ထမ်းတွေထဲမှာ မြန်မာအမျိုးသား အမျိုးသမီးဟိုတယ်ဝန်ထမ်း ၁၂ ဦး ပါပါတယ်။ ဒါဟာ နိုင်ငံအတွက် ထူးခြားဖြစ်စဉ်ဖြစ်တဲ့ အပြင် အပျော်စီးသင်္ဘောကြီးပေါ်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ မြန်မာဟိုတယ်ဝန်ထမ်းများအတွက် အားတက်ဖွယ်ရာဖြစ်ပါတယ်" ဟု သင်္ဘောခရီးစဉ်ကို စီစဉ်သည့်ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ရှင်းပြသည်။

ယခုရောက်ရှိလာသော M.V Nautica သင်္ဘောကြီးသည် ၂၀၁၄ ခုနှစ် ပထမလေးလတာ ကာလခရီးသွားရာသီအချိန်တွင် ၁၂ စင်းမြောက် ရောက်ရှိလာခြင်းဖြစ်သည်။

ခင်ချိုဝင်း

ပြည်တွင်းသတင်း

ကျန်းမာရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ HIV/ AIDS လူနာများအား စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအသင်းအဖွဲ့ များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၇

ကျန်းမာရေး ဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ HIV/ AIDS လူနာများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း HIV/ AIDS လူနာများအား အေအာတီဆေးဝါးများ အဆက်မပြတ်ပံ့ပိုးပြီး အခြားလိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်ရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဦးဆောင်သောအဖွဲ့က ရခိုင်ပြည်နယ်သို့ မတ် ၂ ရက်မှ ၄ ရက်အထိ သွားရောက်၍ HIV/ AIDS လူနာများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ငှက်ဖျားနှင့် တီဘီရောဂါကာကွယ်ကုသခြင်း၊ လူနာလွှဲပြောင်းကုသခြင်း၊ ရွှေ့လျားဆေးအဖွဲ့များအဖြစ် ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း HIV/ AIDS လူနာများအား ကျန်းမာရေး စောင့်ရှောက်မှုများကို ဆက်လက် ဆောင်ရွက်ရန်အတွက် စီစဉ်ထားရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းရာ ၎င်းက "ရခိုင်ပြည်နယ်မှာရှိတဲ့ HIV/ AIDS လူနာတွေကို ကျန်းမာရေး ဝန်ကြီးဌာနက အေအာတီဆေးနဲ့ ဆက်လက်ကုသပေးဖို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ မတ် ၂ ရက်မှာ ညှိနှိုင်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ HIV/ AIDS လူနာများအဖွဲ့ဖြစ်တဲ့ Positive Network (UTOPIA) အဖွဲ့ရဲ့ တာဝန်ခံကိုယ်စားလှယ်တွေနဲ့လည်း တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ သူတို့ကို ဝန်ကြီးဌာနက အေအာတီဆေးဝါးများ စဉ်ဆက်မပြတ် ထောက်ပံ့ပေးဖို့ တာဝန်ယူဆောင်ရွက်မယ်ဆိုတာ မတ် ၂ ရက်က ဆွေးနွေး ပြောကြားခဲ့တဲ့အခါမှာ အဖွဲ့တာဝန်ခံတွေက သဘောတူခဲ့ပါတယ်။

"ရခိုင်ပြည်နယ်မှာ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Holland) ကို ကျန်းမာရေးစောင့်ရှောက်မှု ခေတ္တရပ်ဆိုင်းဖို့ ညွှန်ကြားချက်မထုတ်ပြန်မီကာလမှာ ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ စစ်တွေမြို့ ပြည်နယ်ဆေးရုံကြီးမှာ HIV/ AIDS လူနာ ၉၃ ဦး၊ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Holland) က စစ်တွေမြို့ရှိ ၎င်းတို့၏ ဆေးခန်းမှာလူနာ ၃၄၀၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ လူနာ ၄၀၆ ဦးကို အေအာတီဆေးဝါးများပေးပြီး ကုသပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက စစ်တွေမြို့နယ်တွင် လာရောက်ကုသမှုခံယူနေသော လူနာတွေကိုစစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးနဲ့ မင်းဂံ ကျန်းမာရေးဌာနမှာ HIV/ AIDS လူနာစုစုပေါင်း ၄၃၃ ဦးကို အေအာတီဆေးဝါးပေးခြင်းနဲ့ အခြားလိုအပ်တဲ့ ကုသမှုများပေးဖို့ စီစဉ်ထားရှိပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

"ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်က လူနာတွေကို သက်ဆိုင်ရာမြို့နယ်ပြည်သူ့ဆေးရုံတွေမှာ အေအာတီဆေးဝါးများပေးပြီး ကုသခြင်းလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပါတယ်။

"လိုအပ်တဲ့ ဆေးဝါးများကို ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွက် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနကို တိုးချဲ့ထောက်ပံ့မယ့်လူနာ ၁၀၀၀၀ စာ အေအာတီဆေးဝါးတွေထဲကရယ်၊ ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်နဲ့ ဝယ်ယူထားရှိတဲ့ လူနာ ၄၀၀ ဦးစာ အေအာတီ ဆေးဝါးတွေထဲကရယ် အသုံးပြုဆောင်ရွက်သွားဖို့ စီစဉ်ထားရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ဆောင်ရွက်လျက်ရှိ

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနက HIV/AIDS လူနာများကို တိုးချဲ့တာဝန်ယူ ကုသရန်အတွက် သမားတော်များ၊ ဆရာဝန်များ၊ ဓာတ်ခွဲကျွမ်းကျင်သူများနှင့် ဆေးလူမှုဆက်ဆံရေးမှူးများအား စစ်တွေမြို့၊ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များတွင် လက်တွေ့လုပ်ငန်းကျွမ်းကျင်မှုသင်တန်းပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ဆင့်ပွားသင်တန်းပို့ချပေးခြင်းများကို မတ် ၂ ရက်မှ ၁၂ ရက်အထိ ဆောင်ရွက်ခဲ့ပြီး မတ် ၂၅ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်များက ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ အေအာတီဆေးဝါးများဖြင့် ကုသမှုပေးခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ အထောက်အပံ့များ ပေးခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်ထားရှိပြီး စတင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့်လည်း သိရှိရသည်။

စီစဉ်ထား

ကျန်းမာရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)အား ဆက်သွယ်မေးမြန်းရာ ၎င်းကပြောကြားရာတွင် "မောင်တောမြို့နယ်အတွင်းမှာရှိတဲ့ လူနာတွေကိုကုသရာမှာ အထောက်အပံ့ဖြစ်စေမယ့် သွေးစစ်ဆေးတဲ့ CD 4 စက်တစ်လုံးကို ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်နဲ့ ဝယ်ယူထားရှိပြီးဖြစ်ပါတယ်။ အဲဒီစက်ကို ဒီလအတွင်း မောင်တောခရိုင် ပြည်သူ့ဆေးရုံမှာ တပ်ဆင်ပြီး HIV/AIDS လူနာတွေ ဆေးကုသမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ဖို့စီစဉ်ထားရှိပါတယ်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူတွေကူးစက်ရောဂါများနဲ့ ဖြစ်ပွားသေဆုံးမှုမရှိစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုကောင်းမွန်စေဖို့အတွက် ရခိုင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောပြခဲ့သည်။

လက်ရှိတွင် စစ်တွေမြို့နယ်၌ HIV/AIDS လူနာ ၃၀၀၊ မောင်တောမြို့နယ်တွင် ၆၉ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် ၃၃၇ ဦး စုစုပေါင်း ၇၀၆ ဦးအား အေအာတီဆေးဝါးများဖြင့် ကုသပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ စာမျက်နှာ ၇ မှ

မူဝါဒပိုင်းနဲ့ပတ်သက်လို့ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ပေးနေပါတယ်။ အခြေအနေတွေကို အမြန်ဆုံးတိတိကျကျ ထုတ်ပြန်ပေးသွားဖို့ရှိပါတယ်။

မေး။ ။ ဘယ်အချိန်မှာ မြန်မာ့ဆက်သွယ်ရေးရဲ့ အပြောင်းအလဲကို စတင်တွေ့နိုင်မလဲရှင့်။

ဖြေ။ ။ အခုကတည်းက တွေ့နေနိုင်ပါပြီ။ အခုဆိုရင် ဝန်ဆောင်မှုတွေ တိုးချဲ့ပေးနေပါတယ်။ အဲဒါအပြင် နောက်ပိုင်းမှာ မြန်မာ့ဆက်သွယ်ရေးအနေနဲ့ နိုင်ငံတကာအော်ပရေတာတွေနဲ့ယှဉ်ပြိုင်ရာမှာ အများကြီးအဆင့်မြှင့်တင်သွားဖို့ရှိပါတယ်။ ဂျပန်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ လျာထားပြီးသားပါ။ သေသေချာချာပြောဆိုပြီးပြီဆိုရင် အသိပေးထုတ်ပြန်ပြီး ပိုမိုကောင်းမွန်တဲ့ ဆက်သွယ်မှုစနစ်တွေကို ပေးစွမ်းနိုင်မှာပါ။ အပြောင်းအလဲအတွင်းမှာ ကျွန်တော်တို့အနေနဲ့ ဆက်သွယ်ရေးဥပဒေ ၂၀၁၃ ကို ထုတ်ပြန်ရေးဆွဲပြီးဖြစ်လို့ မြန်မာနိုင်ငံတစ်ဝန်းလုံးက မိဘပြည်သူတွေအားလုံး အကောင်းဆုံးသတင်းအချက်အလက်နည်းပညာနဲ့ ဆက်သွယ်ရေးခေတ်ကြီးကို အမြန်ဆုံးရောက်ရှိနိုင်မှာပါ။

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်သည့် အကောင်းဆုံး သဲလွန်စကိုတွေ့ရှိကြောင်း ဩစတြေးလျပြောဆို

ပတ်သ် ဧပြီ ၇

Black Box ရီကော်ဒါများမှ ထုတ်လွှင့်သော အသံလှိုင်းနှင့် ကိုက်ညီမှုရှိသော အချက်ပြမှုများကို ပျောက်ဆုံးလေယာဉ်ရှာဖွေနေသော ဩစတြေးလျ သင်္ဘောတစ်စင်းက ထောက်လှမ်းရရှိခဲ့ပြီး ယင်းအချက်ပြမှုများမှာ အဖြစ်နိုင်ဆုံးသဲလွန်စများ ဖြစ်ကြောင်း လေယာဉ်ရှာဖွေရေးတွင် ပါဝင်သော အရာရှိများက ဧပြီ ၇ ရက်က ထုတ်ဖော်ပြောကြားသည်။

အသံရှာဖွေကိရိယာ တပ်ဆင်ထားသော အမေရိကန်ရေတပ်သင်္ဘောနှင့် ချိတ်ဆက်ထားသည့် Ocean Shield ဩစတြေးလျသင်္ဘောသည် ပတ်သ်မြို့ အနောက်မြောက်ဘက် ၁၆၈၀ ကီလိုမီတာအကွာရှိ ဧရိယာတစ်ခုအတွင်း ရှာဖွေမှုပြုလုပ်စဉ် ဖော်ပြပါအချက်ပြမှုများကို ထောက်လှမ်းဖမ်းယူရရှိခဲ့ကြောင်း၊ ဗြိဟ်တုအချက်အလက်များအပေါ် လေ့လာသုံးသပ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရာ၌ ယင်းအချက်ပြမှုများမှာ ခိုင်မာသောသဲလွန်စများဖြစ်ပြီး ပျောက်ဆုံးလေယာဉ်မှာ ထိုနေရာတစ်ဝိုက်တွင် ပျက်ကျသည်ဟု ယူဆရကြောင်း ဆိုသည်။

ရှာဖွေရေးအဖွဲ့များအား ညှိနှိုင်းကွပ်ကဲပေးရသူ ဩစတြေးလျ အေဂျင်စီအကြီးအကဲ အက်ဂတ်ဟောက်စတန်က ယခင်ရက်သတ္တတစ်ပတ်ခန့်ထက်ပို၍ မျှော်လင့်ချက်ရှိလာကြောင်း၊ ထောက်လှမ်းရရှိသော အသံလှိုင်းများပေါ် မူတည်ပြီး လေယာဉ်အပိုင်းအစများတွေ့ရှိရန်သာ လိုတော့ကြောင်း၊ သို့မှသာ အတည်ပြုနိုင်မှာ ဖြစ်ကြောင်း ပတ်သ်မြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။

ထို့အပြင် အက်ဂတ်ဟောက်စတန်က မိမိတို့လေယာဉ်ရှာဖွေရေးအဖွဲ့သည် တိကျသောရှာဖွေဧရိယာအတွင်းရောက်ရှိနေပြီဖြစ်ရာ ပျောက်ဆုံးလေယာဉ်မှာ ဒီနေရာတစ်ဝိုက်မှာ ပျက်ကျသွားသည်ဟု အတည်ပြုပြောဆိုနိုင်မည့် အချက်အလက်များရရှိတော့မည်ဟု မျှော်လင့်ရကြောင်း၊ အကယ်၍ အချက်ပြမှုများကို ကျဉ်းမြောင်းသွားအောင် လုပ်ဆောင်နိုင်မည်ဆိုလျှင် ယင်းအချက်ပြမှုများကို အတည်ပြုနိုင်မည့် Blnefin 21 အမျိုးအစား ရေအောက်သွားယာဉ်အား ပင်လယ်ကြမ်းပြင်သို့စေလွှတ်သွားမှာဖြစ်ကြောင်း၊ ယင်းပင်လယ်ကြမ်းပြင်အထိဆိုလျှင် ရေအနက် ၄၅၀၀ မီတာခန့်ရှိကြောင်း ထပ်လောင်းပြောကြားသည်။

ပင်လယ်ကြမ်းပြင် ရောက်ရှိသွားပြီဟု ယူဆရသော Black Box များမှာ အသံလှိုင်းပို့လွှတ်နိုင်သော ကိရိယာများပါရှိပြီး ယင်းကိရိယာများထဲရှိ ဘက်ထရီမှာ ယခုအခါအားများ ကုန်သလောက်ရှိနေပြီဟု ယူဆရကြောင်း၊ အကြောင်းမှာ လေယာဉ်ပျောက်ဆုံးနေသည်မှာ တစ်လတင်းတင်းပြည့်သွားပြီးဖြစ်သောကြောင့် ဖြစ်သည်။ **(ရိုက်တာ/ဆင်ဟွာ)**

ဘာသာပြန် – ကျော်သဲအိမ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၅၆၁၄၊ Dayang သုံးဘီးယာဉ်လက်ဝယ်ရှိသူ Moe Eaidrae Myint Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၁၆၈၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ရွှေနန်းတော်၊ စိန်နန်းတော်၊ ဝါဝါဝင်း၊ ရတနာနန်းတော် စိန်ရွှေရတနာဆိုင်များ ဆိုင်ပိတ်ရက်ကြေညာခြင်း

ရွှေနန်းတော်၊ စိန်နန်းတော်၊ ဝါဝါဝင်း၊ ရတနာနန်းတော် စိန်ရွှေရတနာဆိုင်များ၏ ဖခင်ကြီး ဦးရွှေ ကွယ်လွန်သွားပါသဖြင့် ထိုစိန်ရွှေရတနာဆိုင်များအား ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ ပိတ်ထားမည်ဖြစ်ပါသည်။ သို့သော် စိန်ရွှေရတနာဆိုင်များ၏ Customer များ အဆင်ပြေစေရန်အတွက် မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထိပ်ရှိ ရွှေနန်းတော်၊ မဟာဗန္ဓုလလမ်းနှင့် စဥ့်အိုးတန်းလမ်းထိပ်ရှိ ရွှေနန်းတော်စိန်ရွှေရတနာဆိုင်နှင့် Junction Square ရှိ Forever Gems by ရွှေနန်းတော်ဆိုင်များအား ဧပြီ ၁၂ ရက်အထိ နေ့စဉ်ဖွင့်လှစ်ပေးထားမည်ဖြစ်ပါသည်။ ကျွန်တော်၊ ကျွန်မတို့၏ စိန်ရွှေရတနာဆိုင်များအားလုံးကို ဧပြီ ၁၈ရက်(မြန်မာနှစ်ဆန်း ၂ရက်)တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

နေပြည်တော်ဥတ္တရသီရိမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

နေပြည်တော် မေ ၇

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဗ္ဗူသီရိ ... ဗဟိုဘဏ်ရုံးအနီးတွင် မေ ၇ ရက် နံနက် ၅နာရီက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာ ယာဉ်ပေါ်၌လိုက်ပါစီးနင်းလာသည့် ကလေးငယ်တစ်ဦးသေဆုံးကာ ၂၀ ဒဏ်ရာရရှိပြီး နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက် ရှိနေကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် အင်ကြင်းအဝိုင်းမှ ကြာပန်းအဝိုင်းသို့ ရာဇသင်္ဂဟလမ်းမကြီးအတိုင်း ယာဉ်မောင်းကိုပိုင်ပိုင် မောင်းနှင်လာသည့် ယာဉ်အမှတ်/. . .၊ယာဉ်အမျိုးအစား HYUNDAI STSREX မီးခိုးရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လက်ယာဘက် ပလက်ဖောင်းကိုကျော်တက်ပြီး တောင်စောင်းနှင့်တိုက်မိ၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း **(ယာပုံ)**၊ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်း မြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ "သတ္တသတ္တာဟကနေ နံနက်စောစောထွက်လာခဲ့ပြီး နာရီဝက်လောက်ပဲ မောင်းရသေးတယ် အခုလို ကားမှောက်သွားတော့တာပါပဲရှင်၊ ကျွန်မသားလေးနေ မျိုးဇော်က ကားခေါင်းထဲမှာ လိုက်ခဲ့တာဆိုတော့ ကျွန်မသတိရရချင်း ကျွန်မသားလေးကို ရှာမိတယ်။ တော်သေးတာပေါ့။ ကျွန်မသားလေးကို ဒဏ်ရာအနည်းငယ်နဲ့ပဲ တွေ့ရတယ်။ ဒါနဲ့ကျွန်မလည်း ကားဘယ်လိုမှောက်သွားတာလဲလို့ ကျွန်မသားလေးကို မေးကြည့်တဲ့အခါ ယာဉ်မောင်းက တယ်လီဖုန်းကိုကိုင်ပြီး တယ်လီဖုန်းနံပါတ်တွေ နှိပ်နေရာကနေ ကားမှောက်သွားတာပါလို့ ပြောပြတယ်" ဟု ယာဉ်တိမ်းမှောက်မှုတွင် ပါဝင်ခဲ့သူဖျာပုံမြို့နယ်မှ မကေသွယ်ကရှင်းပြသည်။

နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး အထူးကုဆရာဝန်ကြီး ဒေါက်တာမော်ဦးက "ဒီနေ့နံနက် ၅ နာရီ ၄၅မိနစ်လောက်မှ ကျွန်တော်တို့ ဆေးရုံကြီး အရေးပေါ် ဖုန်း-၁၉၂ ကို ကားမှောက်တဲ့သတင်းရလို့ လူနာတင်ကားတွေ ချက်ချင်းလွှတ်ပေးခဲ့တယ်။ ဆေးရုံရောက်လာတဲ့ လူနာအားလုံးကို ကျွန်တော်တို့အားလုံး ဂရုတစိုက် ကြပ်မတ်ကုသပေးလျက်ရှိပါတယ်။ ဒီယာဉ်တိမ်းမှောက်မှုမှာ သာမန်ဒဏ်ရာရရှိသူ ၁၅ ဦး၊ အတွင်းလူနာ ငါးဦးနဲ့ အခင်းဖြစ်ပွားရာနေရာမှာ ဦးခေါင်းခွံကွဲပြီး ကလေးငယ်တစ်ဦး သေဆုံးခဲ့ပါတယ်။ တကယ်လို့များ နေပြည်တော်ပတ်ဝန်းကျင်မှာ ယာဉ်အန္တရာယ်တွေဖြစ်ပွားခဲ့ရင် အရေးပေါ် ဖုန်းနံပါတ်-၁၉၂ ကို ဆက်သွယ်နိုင်ပါတယ်"ဟု ပြောကြားသည်။ အမှတ် (၃)ရဲအုပ်မောင်မောင်သိန်းက "ဒီယာဉ်တိမ်းမှောက်မှု သတင်းရရချင်း ကျွန်တော်တို့ယာဉ်ထိန်းရဲတွေ ယာဉ်မှောက်တဲ့နေရာကို ချက်ချင်းသွားခဲ့ပြီး ဒဏ်ရာရလူနာတွေကို အချိန်မီ ဆေးရုံရောက်အောင် ချက်ချင်းဆောင်ရွက်ပေးခဲ့တယ်။ ယာဉ်မောင်းကတော့ ထွက်ပြေးသွားပါပြီ"ဟု ပြောကြားသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အားခ ပြောင်းလဲကောက်ခံမှုနှုန်းထားများ ရှင်းလင်း

နေပြည်တော် မေ ၇

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် လျှပ်စစ်ဓာတ်အားခ ပြောင်းလဲကောက်ခံမှုနှုန်းထားများ ရှင်းလင်းခြင်းကို ဒက္ခိဏသီရိမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနေပြည်တော် တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်သန်းက လျှပ်စစ်ဓာတ်အားခ ပြောင်းလဲကောက်ခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာက ပြန်လည်ဖြေကြားခဲ့သည်။အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒက္ခိဏသီရိမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးနှင့်မြို့နယ်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **ကိုကိုရှုပ(နေပြည်တော်)**

❑ ရှေ့ဖုံးမှ

ပထမဆုံးသောအသံနှင့် ဗီဒီယိုခေါ်ဆိုမှုကို စမ်းသပ်ပေးခဲ့ရာ ဒေတာစင်တာမှတစ်ဆင့် တယ်လီနောရုံးချုပ်သို့ အရုပ်အသံကြည်လင် ပြတ်သားစွာ ခေါ်ဆိုနိုင်ခဲ့သည်။

"တယ်လီနောအနေနဲ့ လျင်လျင်မြန်မြန်နဲ့ ဆောင်ရွက်တာကိုတွေ့ရလို့ ဝမ်းသာမိပါတယ်။ နောက်ပိုင်းမှာ ပိုမိုကောင်းမွန်တဲ့ ပြိုင်ဆိုင်မှုတွေကို မိဘပြည်သူတွေ မြင်တွေ့ရမှာပါ။ အော်ပရေတာတွေအတွက် တာဝါတိုင်တည်ဆောက်ရေး၊ ကွန်ရက်ချိတ်ဆက်ရေးတွေမှာ အခက်အခဲတွေရှိနေတာကို သိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း အကူအညီတွေ ပေးအပ်နေပါတယ်။ နောက်ပိုင်းမှာ ရတနာပုံတယ်လီပို့ကိုလည်း အများပိုင်ကုမ္ပဏီအဖြစ် မြင်တွေ့ရမှာမို့ မိဘပြည်သူတွေအနေနဲ့ နိုင်ငံတကာအော်ပရေတာအနေနဲ့ တယ်လီနောနဲ့ အော်ရီဒူး၊ ပြည်တွင်း အော်ပရေတာတွေ အနေနဲ့ MPT နဲ့ ရတနာပုံတယ်လီပို့တွေကို ကြိုက်နှစ်သက်ရာ ရွေးချယ်သုံးစွဲနိုင်တော့မှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မိုဘိုင်းလွှမ်းခြုံအားက ၁၃ ရာခိုင်နှုန်းလောက်သာ ရှိပါတယ်။ အားလုံးသိတဲ့အတိုင်း ဖွံ့ဖြိုးဆဲတိုင်းပြည်တွေမှာဆိုရင် မိုဘိုင်းလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းကျော်နေတာပါ။ ကျွန်တော်တို့ အများကြီးအမီလိုက်ကြရမယ်" ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ပြောကြားသည်။

တယ်လီနောမြန်မာမှ ဒေတာစင်တာနှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တပ်ဆင်သွားမည်ဖြစ်ပြီး တစ်နှစ်တာကာလအတွင်း ဆက်သွယ်ရေးကွန်ရက်စခန်းပေါင်း ၂၄၀၀၀ ခန့် တည်ဆောက်သွားမည် ဖြစ်သည့်အပြင် သုံးစွဲသူများအတွက် မြန်နှုန်းကိုလည်း အမြင့်ဆုံးရရှိစေရန် ရည်ရွယ်ကာ သရီးဂျီကွန်ရက်များအပြင် တယ်လီနော၏ ဆက်သွယ်ရေးတာဝါစတေရှင်များအနေဖြင့် ဖိုးဂျီအဆင့်မြှင့်တင်ပါကလည်း အဆင်သင့်ဖြစ်စေမည်ဖြစ်ကြောင်း တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ပီတာ ဖားဘတ်ချ်ကရှင်းပြသည်။

ထို့အပြင် တယ်လီနောဆင်းကတ် သုံးစွဲသူများ၏ လုံခြုံရေးအချက်အလက်များကို ထိန်းသိမ်းပေးရန်အတွက် မူလအော်ပရေတာ စာချုပ်ချုပ်ဆိုစဉ်ကပင် ကတိကဝတ်ယူထားပြီးဖြစ်ကာ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် တယ်လီနော ဆင်းကတ် သုံးစွဲသူ တစ်ဦးဦး၏သတင်းအချက်အလက်များအား နိုင်ငံတော်အစိုးရမှ ရယူလိုပါက တရားရုံးမှတစ်ဆင့်ရယူလိုကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြနိုင်မှသာ ပေးမည်ဖြစ်သဖြင့် လုံခြုံစိတ်ချမှုအတွက် ပူပန်ရန်မလိုအပ်ကြောင်း သိရသည်။

တယ်လီနော ဆင်းကတ်များအား လာမည့် ငါးလတာအကုန်တွင် စတင်ဖြန့်ဖြူးရောင်းချမည်ဖြစ်ကာ အင်တာနက် ဒေတာမှတစ်ဆင့် ဗီဒီယိုခေါ်ဆိုမှုကိုလည်း တစ်ပြိုင်နက် အသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးမှ သကြ်န်ကာလအတွင်း မိုဘိုင်းခေါ်ဆိုခများကို ၂၀ ရာခိုင်နှုန်း လက်ဆောင်ပေးခြင်းဆောင်ရွက်ကာ လက်ရှိဈေးကွက်ကို ဦးဆောင်လျက်ရှိသော်လည်း မကြာမီငါးလတာအတွင်း ယှဉ်ပြိုင်သုံးစွဲသူများအနေဖြင့် မည်သည့်အော်ပရေတာကို ရွေးချယ်ကြမည်ကို စောင့်ကြည့်စေလိုပါကြောင်း တယ်လီနောက ပြောကြားသည်။ **(မြန်မာ့အလင်း)**

AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

WORLD FINANCE BANKING AWARDS 2013

THE GLOBAL COMPACT
WE SUPPORT

(၆၅) ခုဘဏ်မြောက်ဖြစ်သော
မန္တလေးဘဏ်ခွဲ(၈) ဈေးချို
(၈. ၄ .၂၀၁၄)ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ကြောင်း...

မန္တလေးဘဏ်ခွဲ (၈) ဈေးချို
ဈေးချိုသီရိမင်္ဂလာတိုက်ခန်း(၂၆-ဘီ)လမ်း၊ အနော်ရထာလမ်း၊ (၈၄ × ၈၅)လမ်းကြား၊
ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ (ဈေးချိုနာရီစင်အနီး)၊ အောင်မြေသာဇံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၂ ၆၇၀၅၀ ~ ၅၄
ဖက်(စ်) - ၀၂ ၆၇၀၅၆ ~ ၅၇

www.ayabank.com

ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမကွေ့အနီး) လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၀၀၀၁၂၃၊ ၅၃၁၀၆၇-၉၊ ၅၃၁၀၇၈-၉၊ ဖက်(စ်) - ၀၁ ၅၃၀၉၆၈၊ ၅၂၇၇၉၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သရုပ်ပျက်ဝတ်စားဆင်ယင်ပါက ဝတ်စားဆင်ယင်မှု ထိန်းသိမ်းရေးကော်မတီမှ စောင့်ကြည့်သတိပေးမည်

ရန်ကုန် ဧပြီ ၇

မြန်မာ့ရိုးရာ မဟာသင်္ကြန်ရက်များတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဏ္ဍပ်ကြီးငယ်များပေါ်တွင် ရေပက်ကစားကြမည့် အမျိုးသမီးများအား သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ မဝတ်ဆင်ကြစေရေးအတွက် စောင့်ကြည့်သတိပေးခြင်းများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်အတွင်းရှိ မဏ္ဍပ်များအားလုံးတွင် အမျိုးသမီးများအား ယမန်နှစ်များကကဲ့သို့ ဝေဖန်ပြစ်တင်မှုများမှ ကင်းဝေးစေရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်အလိုက် မဏ္ဍပ်များမှ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ခြင်းကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လုံးဝမကိုက်ညီသည့် လွန်ကဲစွာ သရုပ်ပျက်ခြင်းများကို စောင့်ကြည့်သူများ ထားရှိကာ မှတ်တမ်းတင်ပြီး အဆိုပါသူများမှတစ်ဆင့် ခေါ်ယူသတိပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုဝန်ကြီးဒေါ်စန်းစန်းနွယ်က မြန်မာ့အလင်းသို့ပြောကြားသည်။

"မဏ္ဍပ်တိုင်းမှာ သရုပ်မပျက်စေဖို့ စောင့်ကြည့်သူတွေကို ထားရှိမယ်။ မနှစ်ကသင်္ကြန်မှာ အင်တာနက်တွေပေါ်အထိ သရုပ်ပျက်ဝတ်စားဆင်ယင်မှုတွေ ဖော်ပြတာခံရလို့ ဒီနှစ်မှာအခုလို သတိပေးရတာဖြစ်ပါတယ်။ မြန်မာအမျိုးသမီးတွေ အားလုံးခေတ်နဲ့အညီ လိုက်လျောညီထွေစွာဝတ်တာကို မပြောလိုပါဘူး။ သို့သော် ယဉ်ကျေးမှုနဲ့ ကိုက်ညီမှုမရှိတဲ့ သရုပ်ပျက်ဝတ်ဆင်မှုတွေကိုတော့ တားမြစ်ရမှာဖြစ်ပါတယ်။ မဏ္ဍပ်ကြီးတွေမှာ စီစီတီဗွီ ကင်မရာတွေရှိပါတယ်။ အဲဒီကနေတစ်ဆင့်လည်း သရုပ်ပျက်ဝတ်စားသူတွေကို ခေါ်ယူသတိပေးတာမျိုး၊ လဲလှယ်စေတာမျိုး ပြုလုပ်သွားမှာပါ။ အဲဒီအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မဆီလျော်သော ဝတ်စားဆင်ယင်မှု ထိန်းသိမ်းရေးကော်မတီကို ဆပ်ကော်မတီအနေနဲ့ ဖွဲ့စည်းထားပြီးသားဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ယဉ်ကျေးမှုဝန်ကြီးက ပြောကြားသည်။

ထိုကဲ့သို့ တားမြစ်မှုများကို လူငယ်များအကြား သိမြင်မှုနည်းပါးနေသေးကြောင်း စနစ်တကျကိုင်တွယ်တားမြစ်သင့်ကြောင်း ပါတီရောခ်မဏ္ဍပ်ဆောက်လုပ်မည့် လူငယ်ဒါရိုက်တာ ကိုအောင်မြတ်က ပြောကြားသည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၄-၂၀၁၄

ရွှေဈေးနှုန်း (အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၅၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၆၄၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၇၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ်၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ်၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ်၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ်၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၃၀၀-၃၅၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၇၀၀-၃၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၆၈၀၀-၉၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၆၅၀၀-၈၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၉၅၀၀-၁၄၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၀၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၀-၉၆၈
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၉-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅-၃၀.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၅-၁၅.၉
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၅-၃၀၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်(ဇီယာအသစ်)	တစ်အိတ်	၁၅၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၈၂၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၃၅၀၀-၂၇၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၇၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၆၀-၄၁၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၅၀-၁၃၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၀၀-၅၇၀
ရေတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၅၀၀
ရေတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၁၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဓာတ်ပုံတင်ပြသည်။

မုံးကိုးမြို့တွင် ပုံးပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွား

မူဆယ် ဧပြီ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့ပေါ်ဌာနေ ပြည်သူ့စစ်ရုံးရှေ့တွင် ဧပြီ ၆ ရက် နံနက် ၁ နာရီခန့်က အမျိုးအမည်မသိ ပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူများ မရှိခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ဧပြီ ၆ ရက် ည ၉ နာရီက မုံးကိုးမြို့ပေါ် ရပ်ကွက် (၁) နှင့် ရပ်ကွက် (၇) လမ်းမပေါ်တွင် ပေါက်ကွဲမှုတစ်ပြိုင်တည်း ဖြစ်ပွားရာ ကလေးနှစ်ဦး (အမျိုးသား) ထိခိုက်ဒဏ်ရာရရှိပြီး တစ်ဖက်နိုင်ငံမန်စီ ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ပြည်တွင်းပြည်ပ တက္ကသိုလ်များအကြောင်း ဧပြီ ၉ ရက်တွင် ဟောပြောမည်

ရန်ကုန် ဧပြီ ၇

အနာဂတ်ပညာရေးရည်မှန်းချက်အတွက်ပညာရေးစနစ်များ၊ ဘာသာရပ်များ၊ လေ့လာသိရှိထားသင့်သည့် အချက်များသိရှိစေရန် ပြည်တွင်းပြည်ပတက္ကသိုလ်များ ရွေးချယ်ရာတွင်ဘာသာရပ်ရွေးချယ်မှု မှန်ကန်စေရေးနှင့် နိုင်ငံတကာတက္ကသိုလ်များ မတက်ရောက်ခင် ပြင်ဆင်ထားရမည့် အချက်များ၊ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုကဲ့ပြားချက်၊ ကုန်ကျစရိတ် အချက်များအားသိရှိစေရန် ဧပြီ ၉ ရက် နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ CROWN Education ၌ ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်းသိရသည်။

လူငယ်များအနေဖြင့် ပညာရေးဆိုင်ရာ ရည်မှန်းချက်အလိုက် စနစ်တကျ ရွေးချယ်နိုင်ရန် ပိုမိုလိုအပ်သဖြင့် လက်ရှိကာလတွင် ပြည်တွင်း အဆင့်မြင့်ပညာရေး ဝန်ဆောင်မှုများမှာ အရည်အသွေး ထိန်းချုပ်မှုပြုလုပ်ထားသည့် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ ဖြစ်လာစေရေးအတွက် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း များကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

"ကျောင်းတွေ မလျှောက်ထားခင် မိမိတို့စွမ်းဆောင်နိုင်မှု၊ စိတ်ပါဝင်စားမှုတွေကို သိရှိထားပြီး ဘာသာရပ်တွေရဲ့ သဘောသဘာဝတွေကိုသိရှိထားမှသာ မှန်ကန်သောဘာသာရပ်၊ ပညာရေးလမ်းကြောင်းများကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ မိမိစိတ်ဝင်စားမှုမရှိတဲ့ ဘာသာရပ်ကိုရွေးချယ်ခဲ့မယ်ဆိုရင် အလုပ်အကိုင်အသက်မွေးဝမ်းကျောင်းမှာ ရေရှည်အောင်မြင်ဖို့ ခက်နိုင်ပါတယ်။ ဒါကြောင့် ဒီလိုပွဲမျိုးကို ကျောင်းသားကျောင်းသူတွေ ဗဟုသုတရအောင် စီစဉ်ပေးတာပါ"ဟု CROWN Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောကြားသည်။

(မြန်မာ့အလင်း)

E.F.R Seconda Casa Beach Resort & Restaurant

နွေရာသီ သင်္ကြန် အားလပ်ရက်မှာ

ငွေဆောင်ကမ်းခြေ ရဲ့ အလှအပကို ခံစားရင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့ အတူ သင့်အားစောင့်ကြိုနေမယ့် E.F.R Seconda Casa

(၁၂-၄-၂၀၁၄ မှ ၂၁-၄-၂၀၁၄ ကာလအတွင်းသာ)

Hot Line: (Yangon) 01-381010, 381066, 09-43078892
(Ngwe Saung) 042-40282, 40398, 09-49322843

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဒေါ်မာရွယ်	**နှင့်**	ဦးစိန်ဝင်း
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၄ လမ်း၊ ၂၈×၂၉ လမ်းကြားနေ ဦးဟွန်ရှင်းရန်(ခ)ဦးဟုန်ရှင်းရန်(ခ)ဦးခေါင်ဆင်းရန်(ခ)ဦးဝင်းမောင်(၎င်း၏အထူး ကိုယ်စားလှယ်စာရသူ-ဒေါ်ဝမ်ရှောက်ဆန်း) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ အကွက်အမှတ်(မ-၆)၊ ဦးပိုင်အမှတ်(၁၅)မြေကွက်နှင့်ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၂၃ ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်နိုင်)
ဒုတိယမြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ၃၄×၃၅ ကြား၊ လမ်း ၆၀၊ နဂါးရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်နေ ဦးခင်မောင်ညို(ဥပဒေ) LL.B,D.B.L,D.I.L,PG,Dip in English (MUFL) 'အောင်ဟိန်း' ရာထူးဝင်ခွင့်သင်တန်းမှ ၂၀၁၃ ခုနှစ် ဒုတိယမြို့နယ် တရားသူကြီးများ ဝင်ခွင့်စာမေးပွဲကို မေတ္တာစေတနာဖြင့် သင်ကြားပို့ချခဲ့ပြီး အောင်မြင်အောင်သင်ကြားပေးခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးဟိန်းသူရိန်၊ ဦးစွမ်းထက်နိုင်၊ ဦးစက်ရှိန်သာ၊ ဦးသီဟလွင်၊
ဒေါ်ဝင့်ဝါကျော်၊ ဒေါ်မို့မို့အေး၊ ဒေါ်ဥမ္မာမြင့်
ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်း
အမှတ် ၂၁ မှ သင်တန်းသားသင်တန်းသူများ
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့

စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းခြင်း

ဦးစိုးလွင်၏သမီး ကျွန်မအိသူသူလွင် ၁၂/သလန(နိုင်)၀၉၇၄၅၄ နှင့် သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ် ၈/၄၆နေ ဦးသန်းဟုတ်၏သား မောင်ဖြိုးကျော်ကျော် ၁၂/သလန(နိုင်)၁၀၆၅၆၀တို့၏ ၂၄-၁၁-၁၃ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ခြင်းအား နှစ်ဖက်အကြောင်းမညီညွတ်ပါသဖြင့် ယင်းစေ့စပ်ကြောင်းလမ်းခြင်းအား ၂၈-၃-၁၄ ရက်မှစ၍ ဖျက်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အိသူသူလွင် ၁၂/သလန(နိုင်)၀၉၇၄၅၄

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စိန်ခေါ်သူစောရန်ပိုင်က ထွန်းထွန်းမင်းကို သရေထိုး

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Hys Group မှ စီစဉ်သော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို မေ ၆ ရက် ညပိုင်းက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် ဖျော်ဖြေရေးကွင်း(၁)၌ ကျင်းပခဲ့ရာ လက်ဝှေ့သမားများပီပီ အသည်းမာမာ ထိုးအားပြင်းပြင်းဖြင့် ထိုးသတ်ခဲ့ကြသဖြင့် ပွဲတိုင်း ပရိသတ်လက်ခုပ်သံများ သောသောညံခဲ့သည်။

ရှေးဦးစွာ လေးချီစိန်ခေါ်ပွဲတွင် ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်) နှင့် ဖြူလေး(မုဒုံသား)တို့ပွဲတွင် ခြေလက်တွဲလုံးများ သူတစ်ပြန်ကိုယ်တစ်ပြန် ပလူပျံခဲ့သော်လည်း အနိုင်အရှုံးမကွဲပြားဘဲ သရေပွဲဖြစ်ခဲ့သည်။ ဆက်လက်ပြီး စောရဲဒင်း(သတ္တိ) IAN DIAMOND နှင့် ဇော်ဇော်(အဖြူရောင်သွေးသစ်)တို့ အထူး သုံးချီစိန်ခေါ်ပွဲအဖြစ် ထိုးသတ်ရာတွင် တစ်ဦးနှင့်တစ်ဦး အမှားမခံဘဲ ထိုးသတ်သော်လည်း သရေပွဲဖြစ်ခဲ့သည်။

သားအသဲတစ်ပွင့် (YGW မန္တလေး)နှင့် အားမာန် (TYT)တို့ ငါးချီတွင်လည်း အားမာန်လက်သီးတွဲလုံးနဲ့ ဒူးတိုက်ချက်ကြောင့် ပထမအချီ နှစ်မိနစ် စက္ကန့် ၄၀ တွင် သားအသဲတစ်ပွင့် အနားတောင်းခဲ့ရသည်။ အားမာန်က ထောက်လက်သီးများ သုံးပြီး သားအသဲတစ်ပွင့်က ပင့်လက်သီးများသုံးခဲ့ကြပြီး ဒုတိယနှင့် တတိယအချီ ပြီးဆုံးခဲ့သည်။ အားမာန်၏ ပြင်းထန်လှသော ညာလက်သီးထိုးချက်ကြောင့် စတုတ္ထအချီ တစ်မိနစ် ၅၁ စက္ကန့်တွင် သားအသဲတစ်ပွင့်ကို အလဲထိုးအနိုင်ယူခဲ့သည်။

ရန်တိုင်းကျော်(ဝါဆို)နှင့် စောကျားလေး(ဘိလပ်မြေစက်ရုံ)တို့ပွဲတွင် စောကျားလေး ဒူးတိုက်ချက်ကြောင့် ပထမအချီ နှစ်မိနစ် ၄၈ စက္ကန့်တွင် ရန်တိုင်းကျော် အနားတောင်းခဲ့ရသည်။ ဒုတိယအချီ သုံးမိနစ် ၁၂ စက္ကန့်ဖြည့်ထိုးသော်လည်း သူတစ်ပြန်ကိုယ်တစ်ပြန် အပူးအချုပ်ဖြင့် ပဉ္စမအချီအထိ အလူးအလဲထိုးသတ်သော်လည်း အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်ခဲ့သည်။

ရဲမြတ်အောင်(အဖြူရောင်သွေးသစ်)နှင့် ရဲရင့်ထွန်း(မုဒုံသား)တို့ပွဲတွင် ပရိသတ်အကြိုက် ဘယ်ညာခြေကန်ချက်များ သုံးခဲ့သော်လည်း လက်သီးတွဲလုံးများက ပွဲမပြတ်နိုင်ခဲ့သဖြင့် သရေပွဲဖြစ်ခဲ့သည်။

လေးညို့ရှင်(သတ္တိ)နှင့် ရဲတံခွန်(အလင်းရောင်)ငါးချီပွဲတွင် ပွဲကောင်းဖြစ်ခဲ့ပြီး သရေပွဲဖြင့်ကျေနပ်ခဲ့ရသည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်း ရွှေတံဆိပ်ဆုရ ထွန်းထွန်းမင်း(မုဒုံသား) နှင့် စိန်ခေါ်သူ(ပထမတန်းလက်ဝှေ့ကျော်) စောရန်ပိုင်(ဘိလပ်မြေစက်ရုံ)တို့ပွဲတွင် ပထမအချီ၌ ထွန်းထွန်းမင်း၏ လက်သီးတွဲလုံးများက စောရန်ပိုင်မျက်နှာကို တရစပ်ထိမိသွားခဲ့သည်။ နှစ်ဦးစလုံး အရပ်အမောင်းကြံ့ခိုင်မှုမကွာခြားသော်လည်း လက်ရည်ပိုင်းတွင် ထွန်းထွန်းမင်း ဒုတိယအချီ၌ အသာစီးရခဲ့သည်။ တတိယနှင့် စတုတ္ထအချီတို့တွင် ထွန်းထွန်းမင်း ဘယ်ညာလက်သီးတွဲလုံးများကြောင့် စောရန်ပိုင်မျက်နှာတွင် အဖုအပိန့်များထွက်ကာ သွေးများယိုစီးကျခဲ့သော်လည်း စိန်ခေါ်သူစောရန်ပိုင်၏ သတ္တိက ပရိသတ်များ အံ့ဩလောက်အောင်ဖြစ်ခဲ့ရသည်။ ပဉ္စမအချီအထိ ထွန်းထွန်းမင်း ထိုးသတ်သော်လည်း စောရန်ပိုင်က အမှားမခံဘဲ ထိုးသတ်သွားသဖြင့် အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်ခဲ့သည်။

ထွန်းထွန်းမင်း(မုဒုံသား)နှင့် စောရန်ပိုင်(ဘိလပ်မြေစက်ရုံ)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိထားစဉ်။

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများအလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၇

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

မေ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် ကြေးမုံသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် မြန်မာ့အလင်းသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

မေ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် The New Light of Myanmar သတင်းစာ ခေတ္တနားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး မေ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

လှိုင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် မေ ၇

လှိုင်မြို့နယ်အတွင်း မေ ၄ ရက် မွန်းလွဲပိုင်းက စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လှိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လှိုင်မြို့နယ် (၃)ရပ်ကွက်နေ ကျော်ဇေယျ (၃၄)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ် ရှေ့ခန်း၌ ကျော်ဇေယျနှင့် ၎င်း၏ဇနီး မစုစုလှိုင်ဝင်း (၃၃နှစ်)တို့အား တွေ့ရှိရသဖြင့် နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ကြရာ နေအိမ်အပေါ်ထပ် ဘုရားကျောင်းဆောင်ပေါ်တွင် လန်ဒန်တံဆိပ်ပါ စီးကရက်ဘူးခွံအတွင်းမှ ပလတ်စတစ်အိတ်အကြည်ဖြင့်ထည့်လျက် မျက်နှာပြင် တစ်ဖက်စီတွင် 88 နှင့် 1 စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားစီပါ ၂၂ ထုပ် စုစုပေါင်းဆေးပြား ၂၂၀၊ အလေးချိန် ၂၂ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၊ စိတ်ကြွဆေးပြားထည့်ရာတွင် အသုံးပြုသည့် အပြာရောင်ဘူးခွံသုံးခုနှင့် မူးယစ်ဆေးဝါးရောင်းချရာမှရရှိငွေဟု ယူဆရသော ငွေစက္ကူရောရာ ငွေကျပ် ၁၆၈၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ယင်းကဲ့သို့ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိခဲ့သည့်အတွက် ကျော်ဇေယျနှင့် မစုစုလှိုင်ဝင်းတို့ နှစ်ဦးအား လှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	50 KW SW Radio Transmitter	1	Set
(ခ)	DVB-T2 Set Top Box	66,000	Nos.
(ဂ)	Pocket Radio (2 Band, FM & MW)	10,000	Nos.
(ဃ)	Pocket Radio (8 Band, FM, MW, SW)	10,000	Nos.

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၄-၂၀၁၄ရက်မှ ၈-၅-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၀၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်၊ တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၅-၂၀၁၄ရက် နံနက် ၉း၀၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်၊ တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၄/အေ၊ မြေကွက်အမှတ် ၄၄၊ မြေအမျိုးအစား ကLဧရိယာ ၂၂ဒသမ၀၇ ဧကအနက်မှ ပေ(၂၅×၅၀) အကျယ်အဝန်းရှိ မြေကွက်ဟုခေါ်တွင်သော မရမ်းကုန်းမြို့နယ်၊ ၅ ရပ်ကွက်၊ မင်းရဲကျော်စွာ ၃လမ်း၊ အမှတ် ၁၅၇(ယခင်)၊၁၆၉(ယခု)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစိုးတင့်က ဝယ်ယူခဲ့ပြီး ၎င်းကွယ်လွန်၍ ၎င်း၏သားသမီးများဖြစ်သော (၁)ဒေါ်သိန်းငွေး ၁၂/မရက(နိုင်)၀၀၈၅၈၂၊ (၂)ဦးဇော်လင်း၁၂/မရက(နိုင်)၀၃၆၀၇၈၊(၃)ဦးဇော်မင်း ၁၂/မဂဒ(နိုင်)၀၀၂၁၄၈၊ (၄) ဒေါ်နှင်းနှင်းစိုး ၁/မကန(နိုင်)၀၀၁၂၃၄တို့က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ(LL.B, D.B.L) (စဉ်-၂၈၆၄၁)

ဒေါ်ခင်မာနွယ်(LL.B, D.B.L) (စဉ်-၃၁၀၇၀)

အထက်တန်းရှေ့နေများ
အမှတ် ၁၂၇/အေ(မြေညီ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

ကြိုတင်သတိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်နှင်းသီတာ(ခ)မေနှင်း တီကေအေ-၁၁၉၁စသည် မိခင်ပိုင်နေအိမ်ကို ထုခွဲရောင်းချခဲ့ပြီးနောက် ရရှိခဲ့သော အမွေရငွေများဖြင့် ဝယ်ယူထားရှိခဲ့သည့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၂ လမ်း၊ အမှတ် ၁၃၊ သုံးလွှာတိုက်ခန်းနှင့် ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ထားမလုံကျေးရွာရှိ မြေနှင့်အိမ်တို့နှင့် စပ်လျဉ်း၍ ဒေါ်နှင်းသီတာ(ခ)မေနှင်း၏စာဖြင့် သဘောတူခွင့်ပြုချက်မပါရှိဘဲ(သို့မဟုတ်) ဒေါ်နှင်းသီတာ(ခ)မေနှင်းမသိရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်း၊ လှူဒါန်းခြင်း အပါအဝင် မည်သည့်နည်းနှင့်မျှ လွှဲပြောင်းခြင်းမပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ပြုလုပ်ခဲ့သည်ရှိသော် ပြုလုပ်သူတို့၏ တာဝန်သာဖြစ်မည့်အပြင် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်သတိပေး ကြေညာအပ်ပါသည်။

ဒေါ်နှင်းသီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-
(ဦးငွေဦး) တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၀၃)
အခန်း ၂၀၂(အီး)၊ ၉/၁၁၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂/၃၃၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် ၆(က/ခ)ဟု ခေါ်တွင်သည့် (၄၀×၆၀)ပေရှိ ဗိုလ်ကြီးညွန့်ကြည်(ငြိမ်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဗိုလ်ကြီးညွန့်ကြည်(ငြိမ်း) ၉/ကဆန(နိုင်)၀၀၅၅၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် မြေနှင့်အိမ်ဖိုး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာစာပါရှိသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးကြိုင် B.Sc, H.G.P, R.L, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၃၄)
အမှတ် ၁၀၃၀၊ သုဇာတာ ၆ လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၂၅၁၀၆

အများသိစေရန် ကြေညာခြင်း

ကျွန်မ မရီလေးလှိုင် ၁၂/ဥကမ(နိုင်)၂၀၈၇၉၄၊ အမှတ်(၃၅)၊ ရွာဦးလမ်း၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာ၊ စည်ပင်လမ်း၊ အမှတ်(၄၅၂)ဟုခေါ်တွင်သော (အလျား ပေ၁၅၀× အနံ၈၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ကျွန်မ မရီလေးလှိုင်က ဒေါ်အေးမိ ၁၂/လသယ(နိုင်) ၀၂၀၂၈၈ထံမှ ၂၅-၅-၂၀၁၂ ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အထက်ပါ ကျွန်မမရီလေးလှိုင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသော မြေကွက် နှင့်ပတ်သက်၍ ကျွန်မ မရီလေးလှိုင် သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မရီလေးလှိုင်
၁၂/ဥကမ(နိုင်)၂၀၈၇၉၄
အမှတ်(၃၅)၊ ရွာဦးလမ်း၊ ပုရွက်ဆိပ်ကုန်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်

အခန်းကျယ်ရောင်းမည်။

ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းကျယ်၊ ယုဇနပလာဇာအနီး၊ ပထမထပ် (17'x60')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာဂျာခွဲ တံခါးမကြီးအဆင့်မြင့်ပန်းကနုတ်သံပန်းအလှများနှင့် ဆန်းရှိတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့်PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်အဆင့်မြင့်ကော်နာ၊ ကောနစ်၊ မီးအလှနှင့် အဆင့်မြင့် မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်း/ကပ်၍ မီးဖိုခံနှင့်ဗီဒိုများတပ်ဆင်ထားသည်၊ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီးဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)
(မှဲ့တား၊အကျိုးဆောင်၊ကြော်ငြာများမလိုပါ)
ကျပ်သိန်း→(875) Ph:09-5053076

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စောအုန်းပွင့် ၁၂/အစန(နိုင်)၁၂၄၃၀၆၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၈၄၃၀၉

ဥတုရာသီ

တောကိုမှီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၂၁၈/၁)၊ ဧရိယာ ၀ ဒသမ ၀၃၁၂ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကရဝိက်လမ်း၊ အမှတ်(၂၁၈/ ၁)ဟု ခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အိသဥ္ဇာ ၁၀/သထန(နိုင်)၁၁၈၅၄၁ထံမှ ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစောဟန်ဝင်း LL.B တရားလွှတ်တော်ရှေ့နေ(၄၈၈၀)

ဦးဟန်ဇော်လင်း LL.B,D.B.L အထက်တန်းရှေ့နေ(၄၀၄၅၁)

အမှတ်(၈၃)၊ အခန်း(၁၆-အေ)၊ (တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၁၁၂၄၂၃ **ဖုန်း-၀၉-၂၅၀၇၄၆၅၉၂**

အပြိုင်နွှဲရမယ့် ရင်ခုန်စရာဘိုင်ယန်နဲ့ မန်ယူပွဲစဉ်

ဘိုင်ယန်မြူးနစ်နှင့် မန်ယူ

နှစ်သင်းစလုံး အားထုတ်မှုတွေကောင်းနေပြီး စိတ်ဓာတ်ပိုင်းလည်း အမြင့်ဆုံးဖြစ်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ မန်ယူတစ်ကြိမ်နိုင်ပြီး ဘိုင်ယန်မြူးနစ်ကလည်း တစ်ကြိမ်နိုင်ထားသလို ကျန်တဲ့သုံးပွဲက သရေပွဲတွေဖြစ်ထားပါတယ်။ ဒါကြောင့် အခုပွဲဟာ ချန်ပီယံလိဂ် ဆီမီးရောက်ဖို့အတွက်ရော၊ အစဉ်အလာအတွက်ရော မှတ်တမ်းကောင်းရေးထိုးဖို့ အပြိုင်ကြိုးစားရမယ့်ပွဲပါ။ ပြည်တွင်းလိဂ်ပွဲစဉ်တွေရဲ့ အားထုတ်မှုအပိုင်းကိုကြည့်ရင် ဘိုင်ယန်မြူးနစ်က ဟော့ဖန်ဟိမ်းကို သရေပွဲဖြစ်ပြီး အော့စ်ဘတ်ကို ရှုံးခဲ့လို့ ခြေစွမ်းယိုင်စပြုနေပါတယ်။ ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ အော့စ်ဘတ်ကိုရှုံးတာဟာ ပထမရှုံးပွဲဖြစ်ခဲ့တာမို့ ရှုံးပွဲမရှိ မှတ်တမ်းလည်းကျိုးပျက်ခဲ့ရပါတယ်။ မန်ယူတို့ကတော့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားမှာဖြစ်ပြီး ဘိုင်ယန်ကွင်းမှာ အကောင်းဆုံး စုဖွဲ့မှုတွေနဲ့အတူ ပွဲထွက်ဖို့ ပြင်ဆင်မှာဖြစ်ပါတယ်။

အက်သလက်တီကိုနှင့် ဘာစီလိုနာ

ပထမအကျော့ ဘာစီလိုနာကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ အက်သလက်တီကိုတို့ ခြေစွမ်းပြမှာဖြစ်ပါတယ်။ အက်သလက်တီကိုဟာ အသင်းလိုက်ရော၊ တစ်ဦးချင်းပါ ခြေစွမ်းပြနိုင်ပြီး ဘာစီလိုနာအသင်းကို ဘယ်လိုကစားရမယ်ဆိုတာကို သိထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးကြိမ် တွေ့ဆုံမှုကိုကြည့်ရင် ဘာစီလိုနာတို့ တစ်ပွဲသာအနိုင်ရထားပြီး ကျန်လေးပွဲက သရေပွဲတွေချည်းဖြစ်ထားပါတယ်။ ဒီနှစ်ပြည်တွင်းလိဂ်ပွဲစဉ်ရဲ့ အိမ်ကွင်းမှာ အက်သလက်တီကိုဟာ ရှုံးပွဲမရှိကစားထားပါတယ်။ အဓိကတိုက်စစ်မှူး ဒီယေဂိုကော်စတာမပါနိုင်ပေမယ့် အက်သလက်တီကိုဟာ ဘာစီလိုနာကို ဖိအားပေးကစားနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။

မိုးမြင့်လင်းလက်

အဲဗာတန်အိမ်ကွင်း အာဆင်နယ်ကို ဂိုးပြတ်နိုင်

ပရီမီယာလိဂ် ပွဲစဉ် (၃၃) လက်ကျန်ပွဲအဖြစ် အဲဗာတန်နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချန်ပီယံလိဂ် ဝင်ခွင့်နေရာရောက် အာဆင်နယ်ကို အဲဗာတန်က အိမ်ကွင်း၌ သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

အိမ်ရှင် အဲဗာတန်အသင်းအတွက် အဖွင့်ဂိုးကို စတီဗင်နိုင်စမစ်က ပွဲစပြီး ၁၄ မိနစ်အကြာ သွင်းယူခဲ့သည်။ လူကာကူ၏ အပိုင်ကန်သွင်းချက်ကို အာဆင်နယ် ဂိုးသမား ကာကွယ်ပေးပြီးနောက် နိုင်စမစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံ တိုက်စစ်မှူး လူကာကူက မိနစ် ၂၀ အကြာ အာဆင်နယ်နောက်တန်းကစားသမား နှစ်ဦးကို ကျော်ဖြတ်ကာ ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် မိနစ် ၆၀ မှာတော့ ကွင်းလယ်ကစားသမား အာတီတာက ကိုယ့်ဂိုးကိုယ် ပြန်သွင်းယူမိသဖြင့် အဲဗာတန်တို့ တတိယမြောက် ဂိုးရခဲ့သည်။

အာဆင်နယ် ကစားသမားများ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ်ကစားခဲ့သော်လည်း အဲဗာတန် ဂိုးသမား လက်စွမ်းပြနေခြင်း၊ နောက်တန်း ကစားသမားများက ပိတ်ဆို့ကစားခြင်း၊ အာဆင်နယ် တိုက်စစ်မှူးများ သွင်းယူသော ဘောလုံးအချို့ ဂိုးဘားတန်းထိမှန်ခြင်း၊ လူကျွံဘောများဖြစ်ခြင်းတို့ကြောင့် အာဆင်နယ်တို့ ချေပဂိုးနှင့် လွဲချော်ခဲ့ရသည်။

အဲဗာတန်က ယင်းပွဲအနိုင်ရလိုက်သဖြင့် ခြောက်ပွဲဆက်တိုက် အနိုင်ရလိုက်ခြင်းပင် ဖြစ်သည်။ စတုတ္ထနေရာရောက် အာဆင်နယ်နှင့် အဲဗာတန်က တစ်မှတ်သာ ကွာခြားမှု ရှိသည်။

ချန်ပီယံလိဂ် နှင့် ချန်ပီယံရှစ် ပွဲစဉ်များ (သီဟ)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်(ဒုကျော့) — **ဧပြီ ၉**

ဒေါ့မွန်	-	ရီးရဲမက်ဒရစ်	(ပကျော့ ၀-၃)	နံနက် ၁း၁၅
ချယ်လ်ဆီး	-	ပီအက်စ်ဂျီ	(ပကျော့ ၁-၃)	နံနက် ၁း၁၅

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၄၁) — **ဧပြီ ၉**

မစ်ဒယ်ဘရော့	-	ဘာမင်ဂမ်	နံနက် ၁း၁၅
လက်စတာ	-	ဘရိုက်တန်	နံနက် ၁း၁၅
ဝီဂန်	-	မီဝေါလ်	နံနက် ၁း၁၅
နော်တင်ဟမ်	-	ရှက်ဖီးဝမ်းနက်စ်ဒေး	နံနက် ၁း၁၅
ဘလက်ဘန်း	-	ကျူပီအာ	နံနက် ၁း၁၅
ဘုန်းမောက်	-	ရီးဒင်း	နံနက် ၁း၁၅
ဟက်ဒါဖီးလ်	-	အစ်ဆွစ်	နံနက် ၁း၁၅
ချာလ်တန်	-	ယီအိုဗွီး	နံနက် ၁း၁၅
ဘန်စလေ	-	ဘန်လေ	နံနက် ၁း၁၅
ဒွန်ကတ်စတာ	-	ဘော်လ်တန်	နံနက် ၁း၁၅
ဝက်ဖို့ဒ်	-	လီဒ်ယူနိုက်တက်	နံနက် ၁း၁၅
ဘလက်ပူး	-	ဒါဘီ	နံနက် ၁း၃၀

ဧပြီ ၅/၆ ဂိုးရလဒ်များ

ဗလင်စီနက်စ်	၁-၂	လိုင်ယွန်	ပါးမား	၁-၀	နာပိုလီ
မိုနာကို	၃-၁	နန့်တက်စ်	အယ်လ်ချီ	၁-၀	ဂီတာဖေး
ဘရန်းရှ်ဗစ်	၃-၀	ဟန်နိုဗာ	ဆီဗီလာ	၄-၁	အက်စ်ပန်ညို
ဟာသာဘာလင်	၁-၁	ဟော်ဖန်ဟိမ်း	ဗယ်လာဒိုလစ်	၀-၀	ဗလင်စီယာ

လီဗာပူးနှစ်မှတ်အသာဖြင့် ဦးဆောင်

စတီဗင်ဂျရတ်၏ ပယ်နယ်တီဂိုးနှစ်ဂိုးဖြင့် လီဗာပူးက ဝက်စ်ဟမ်းကိုနိုင်ကာ ပရီမီယာလိဂ်ဇယားထိပ်နေရာ ပြန်လည်ရယူလိုက်သည်။ လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်က ဂျိမ်းတွန်ကင်း၏ လက်ထိဘောမှတစ်ဆင့် ရခဲ့သည့် ပယ်နယ်တီဖြင့် ပထမဂိုးသွင်းယူပေးခဲ့သည်။ သို့သော်လည်း ရိုင်းဒီမဲလ်က ပထမပိုင်းမပြီးမီ အင်ဒီကာရိုးစ်က လီဗာပူးဂိုးသမားလက်ကို ဆွဲထားစဉ် ပြုတ်ကျလာသော ဘောလုံးကိုသွင်းယူခဲ့သည်။ ဂျရတ်က ဒုတိယဂိုးမသွင်းမီ အင်ဒီကာရိုးလ်၏ခေါင်းတိုက်သွင်းယူခဲ့သော ဘောလုံးဂိုး ဘားတန်းထိမှန်ပြန်ထွက်ခဲ့၍ ဝက်စ်ဟမ်းတို့တစ်ဂိုးနစ်နာခဲ့ရသည်။

လီဗာပူးလ်တို့ ယင်းပွဲ တွင် နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဇယားထိပ်ပြန်ရောက်လာကာ ဒုတိယနေရာမှ ချယ်လ်ဆီးကို နှစ်မှတ်အသာဖြင့် ဦးဆောင်လာနိုင်ပြီဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

အမည်ဖြည့်စွက်ခေါ်ပါရန်
ဦးမိုးဇော်အောင်၏ သမီး အထက(၂) အောင်ဆန်းသူရိယလှသောင်းကျောင်း အဋ္ဌမတန်း(A)ဖြေဆိုထားသောမချောစုသူဇာအား မချောစုသူဇာကျော်ဟု ဖြည့်စွက်ခေါ်ပါရန်။
မချောစုသူဇာ(ခ)မချောစုသူဇာကျော်

ဒေါ်ကလျာ M.A(English),Dip in E.L.T(YU), Dip in Global English
7stars(ရာထူးဝင်သင်တန်းကြီး)
DTEC အမှတ်စဉ် (၁၀/၁၄)
နေ့စား၊လပေး မူလတန်းပြဝင်ခွင့်
စာမေးပွဲဝင်ခွင့် အထူးထုတ်ရပြီ ။
ကျောင်းသူများအတွက် အဆောင်စီစဉ်ပေးသည်။
တိုက်(18 / 3B)၊ သမ္ဗုဒ္ဓေရိပ်သာလမ်းကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံး၀)မရှိပါ။
09.49282366, 09.49653992, 09.421052736

CLAIMS DAY NOTICE
M.V VIKING CORAL VOY:No(V.25A)

Consignees of cargo carried by M.V VIKING CORAL Voy: No. (V.25A) are here by notified that the vessel will arrive on about 09-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd
ကျွမ်းကျင်ဝန်ထမ်းပေါင်း(၅၀)ကျော်ဖြင့် Customer ပေါင်း(၁၀၀၀)ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။
Website : www.galaxy.com.mm
Contact Us ...
YGN 09-43064181, 09-73138079
09-254151516
MDY 09-31406813, 09-91050973

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသန်းထိုက်(ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-(ဒေါက်တာဒေါ်ခိုင်စိုးမြင့်) (ကထိက၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်) တို့၏သား

မောင်ကောင်းထိုက်ဦး
B.A(Eng) Swagger Outfits
နှင့်
ရန်ကုန်မြို့နေ
ဦးစိုးသန်း(Fitness Centre Supervisor Cum Instructor, Park Royal Hotel)-
ဒေါ်အေးအေးနွယ်(ဦးစီးအရာရှိ စီးပွား/ကူးသန်းဝန်ကြီးဌာန)တို့၏သမီး

မခိုင်ဆုပိုင်
B.Sc(Maths) Dip in IDCS
Public Relation (Loi Hein Co.,Ltd.)

တို့၏ ၂-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၅-၄-၂၀၁၄ ရက် (စနေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ် ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးလှမြင့်နှင့် ဇနီးဒေါ်ခင်အေးနွယ်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ်(မဟာသရေစည်သူဗိုလ်ချုပ်ကြီးစိုးဝင်း)၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဆရာသမားများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများကို ဆင်မြန်းပေးပါသော ဒေါ်Sခေါ်ခင်နန်း(May and Mark Gems)အားလည်းကောင်း၊ မေတ္တာဖြင့် မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံ ဖန်တီးချုပ်လုပ်ပေးပါသော Designer မဇူဇူ(Zu Zu Collection)၊ Designer ပြည့်စိုးအောင်၊ မိတ်ကပ်ခင်စန်းဝင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်စိမ်းမိုးမို့၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲမဆုမြတ်ဝေ၊ မင်္ဂလာပန်းကုံးဗန်းကိုင် မသီရိစံ၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင် မနှင်းဝတ်ရည်ထွန်း၊ မင်္ဂလာသတို့သားအရံ မောင်ကောင်းမြတ်ကျော်နှင့် မောင်ရဲမာန်၊ မင်္ဂလာသတို့သမီးအရံ မစုမြတ်ဖူးနှင့် မရတီပွင့်ဖြိုး၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးပါသော စိုင်းဘုန်းထူး၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Yuzana Garden Hotel မှ ဝန်ထမ်းများနှင့် ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကောင်းထိုက်ဦး-မခိုင်ဆုပိုင်

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ပြုပြင်ဆောင်ရွက်ပေးမှုများအား ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန

- နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၏ ပြဋ္ဌာန်းချက်များကို အခြေခံပြီး နိုင်ငံခြားသုံးငွေလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား အသေးစိတ်ဖော်ပြထားသည့်နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းများ (မူကြမ်း) ကို ပြုစုပြီးဖြစ်သဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ကာ သဘောထားမှတ်ချက် တောင်းခံထားပါသည်။
- အဆိုပါစည်းမျဉ်းများပြဋ္ဌာန်းပြီးသည့်အခါတွင် Exporter များ လက်ရှိကြုံတွေ့နေရသည့် Bank Certificate ဆိုင်ရာ အခက်အခဲကို ပြေလည်စေမည်ဖြစ်သည်။
- Export Declaration Form ဖြည့်သွင်းဆောင်ရွက်သည့်အခါ အဆိုပါ Export အတွက် နိုင်ငံခြားငွေဝင်ရောက်မည့်အထောက်အထားတင်ပြသည့်အခါမှ အကောက်ခွန်ဦးစီးဌာနက Declaration Form တွင် ဖြည့်သွင်းဆောင်ရွက်ခွင့်၊ Export ပစ္စည်းကိုဆိပ်ကမ်းမှ သင်္ဘောပေါ်တင်ဆောင်ခွင့်ပြုပါသည်။အထက်ပါ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းများတွင် Exporter အနေဖြင့်အကောက်ခွန်ဦးစီးဌာနတွင် Sales Contract နှင့် Invoice တို့တင်ပြပြီးသည့်အခါ ED Form ဆောင်ရွက်နိုင်ပြီး အဆိုပါ ED Form ကို သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးပို့ကာ ပို့ကုန်ရငွေခြောက်လအတွင်း ဝင်ရောက်ခြင်း ရှိ မရှိကို သက်ဆိုင်ရာဘဏ်က စိစစ်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် Exporter ဆောင်ရွက်ရမည့် အဆင့်တစ်ဆင့်လျော့သွားမည်ဖြစ်ပါသည်။ ပို့ကုန်ရငွေဝင်ရောက်ခြင်း ရှိ မရှိကိုလည်း စိစစ်နိုင်မည့်စနစ်တစ်ခုဖြစ်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ကို ၃-၁၂-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ပြီး ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအားဖြင့် Bank Led Model ဖြင့် မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၈။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

- CMP အထည်ချုပ်လုပ်ငန်းရှင်များမှ အနွေးထည်များတွင် လိုင်နာအဖြစ် အသုံးပြုရန်တရုတ်နိုင်ငံမှဘဲမွေးများအား ၂၀၁၃ စက်တင်ဘာလအတွင်း တင်သွင်းခဲ့ရာ မွေး/ကုဦးစီးဌာနမှ မူလတောင်းခံသည့် ကြက်ငှက်တုပ်ကွေးကင်းရှင်းကြောင်းလက်မှတ်အပြင် ရောဂါပေါ်ပေါက်မှုအရ ထပ်မံလိုအပ်သည့်ခွာနာလျှာနာကင်းရှင်းကြောင်းလက်မှတ်ထပ်မံတောင်းခံသဖြင့် ဘဲမွေးကုန်ကြမ်းများ ဒီဇင်ဘာလအထိ ဆိပ်ကမ်းမှ ထုတ်ယူနိုင်ခြင်းမရှိမှုအပေါ် ၂၆-၁၂-၂၀၁၃ နေ့တွင် သက်ဆိုင်ရာဌာနများ၊ အထည်ချုပ်အသင်းနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းခဲ့ရာ ရောက်ရှိပြီးဘဲမွေးများခံဝန်ဖြင့် ထုတ်ပေးခြင်း၊ ပြန်လည်တင်ပို့လိုသောပစ္စည်းများ ပြန်လည်တင်ပို့ရန် အကြောင်းကြားစာများထုတ်ပေးခြင်း၊ ထပ်မံတင်သွင်းမည့်တိရစ္ဆာန်ဆက်စပ်ပစ္စည်းများအတွက် AQSIQ မှ ကြက်ငှက်တုပ်ကွေးနှင့် ခွာနာလျှာနာကင်းရှင်းကြောင်း ထောက်ခံချက်လိုအပ်ကြောင်း အကြောင်းကြားစာကြိုတင်ထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၉။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန

- ဗီယက်နမ်နိုင်ငံသို့ သီးနှံထုတ်ကုန်များ တင်ပို့ခွင့်ရရှိရေးညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၁၁-၃-၂၀၁၄ အထိ ယာယီတင်ပို့ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။
- ဂျပန်နှင့်ကိုရီးယားစသည့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ အရည်အသွေးမီ သရက်သီးများတင်ပို့ခွင့်ရရှိပါက ဈေးနှုန်းမြင့်မားစွာရရှိပြီး တောင်သူများ အကျိုးရှိမည်ဖြစ်သောကြောင့် ယခုအခါ JICA မှ ပညာရှင်နှစ်ဦး၏ အကူအညီရယူကာ သရက်သီးထိုးယင်ဖျက်ပိုးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုသည့် 'သီးထိုးယင် မွေးမြူရေးနှင့် အမျိုးအစားခွဲခြားခြင်း'သင်တန်းကို သီးနှံကာကွယ်ရေးဌာနခွဲ၊ ရန်ကုန်(ရုံးချုပ်)တွင် ၄-၂-၂၀၁၄ မှ ၇-၂-၂၀၁၄ နေ့အထိ ဝန်ထမ်းများအား သင်တန်းပို့ချခဲ့ပြီးဖြစ်ပါသည်။

၁၀။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

- ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် စုစုပေါင်း ၁၀၅၈၉၅ ဦး ဝင်ရောက်ရာမှ ၂၀၁၃ ခုနှစ်တွင် စုစုပေါင်း ၂၀၄၄၃၀၇ ဦး ဝင်ရောက်မှုရှိခဲ့ရာ ၂၀၁၂ ခုနှစ် ရောက်ရှိမှုထက် တစ်သန်းခန့်ပိုမိုဝင်ရောက်ခဲ့ပါသည်။
- ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုတိုးတက်လာသည်နှင့်အညီ အဆိုပါလုပ်ငန်းမှဝင်ငွေရရှိမှု (Tourism Income)မှာလည်း ၂၀၁၁ ခုနှစ်တွင် USD ၃၁၉ သန်း၊ ၂၀၁၂ ခုနှစ်တွင် USD ၅၃၄ သန်း၊ ၂၀၁၃ ခုနှစ်တွင် USD ၉၂၆ သန်းရရှိခဲ့ပါသဖြင့် ပိုမိုတိုးတက်ရရှိခဲ့ပါသည်။
- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင် လိုင်စင်ရယူဆောင်ရွက်လျက်ရှိသည့်ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်မှာ ၂၀၁၂ ခုနှစ်တွင် ၇၈၇ လုံးမှ ၂၀၁၃ ခုနှစ်တွင် ၉၂၃ လုံးသို့လည်းကောင်း၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်မှာ ၂၀၁၂ ခုနှစ်တွင် ကုမ္ပဏီ ၁၀၂၆ မှ ၂၀၁၃ ခုနှစ်တွင် ကုမ္ပဏီ ၁၃၅၀ သို့လည်းကောင်း၊ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းလိုင်စင်မှာ ၂၀၁၂ ခုနှစ်တွင် ၁၉၈ ခုမှ ၂၀၁၃ ခုနှစ်တွင် ၂၀၁ ခုသို့လည်းကောင်း၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှာ ၂၀၁၂ ခုနှစ်တွင် ၃၃၅၃ ဦးမှ ၂၀၁၃ ခုနှစ်တွင် ၃၆၆၇ ဦးသို့လည်းကောင်း ပိုမိုတိုးတက်လာခဲ့ပါသည်။
- Star အဆင့်သတ်မှတ်ချက်အရ ဟိုတယ်စာရင်းမှာ Five Star Hotel ခြောက်လုံး၊ Four Star Hotel ၁၇ လုံး၊ Three Star Hotel ၈၃ လုံး၊ Two Star Hotel ၁၁၆ လုံး၊ One Star Hotel ၁၀၂ လုံး၊ Certificate Hotel ၅၉၉လုံး စုစုပေါင်း ၉၂၃ လုံးရှိပါသည်။
- လိုင်စင်ထုတ်ပေးပြီးဖြစ်သည့် Tour ကုမ္ပဏီစာရင်းမှာ နိုင်ငံခြားကုမ္ပဏီ တစ်ခု၊ ဖက်စပ်ကုမ္ပဏီ ၂၅ ခု၊ ပြည်တွင်းကုမ္ပဏီ ၁၃၂၄ ခု စုစုပေါင်း ၁၃၅၀ ခု ဖြစ်ပါသည်။
- ခရီးသွားပို့ဆောင်ရေးလုပ်ငန်းလိုင်စင်မှာ Coach(၂၆-၅၀ Seater)၁၆၊ Mini Bus(13-25 Seater)၂၄၊ Hiace/Townace(5-12 Seater)၁၇၊ Saloon/Van(4 Seater)၁၇၊ Motor Boat ၄၆၊ Boat ၁၉၊ Yatch ၁၅၊ Hot Air Balloon ၁ ကို ထုတ်ပေးပြီးဖြစ်ပါသည်။
- ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှာ English ဘာသာ ၂၁၈၇ ဦး၊ Spanish ဘာသာ ၁၁၁ ဦး၊ Japanese ဘာသာ ၄၀၃ ဦး၊ French ဘာသာ ၂၇၇ ဦး၊ Chinese ၁၃၂ ဦး၊ Thai ဘာသာ ၁၃၂ ဦး၊ German ဘာသာ ၂၆၄ ဦး၊ Italian ဘာသာ ၆၈ ဦး၊ Russian ဘာသာ ၆၄ ဦး၊ Korean ဘာသာ ၂၉ ဦး စုစုပေါင်း ၃၆၆၇ ဦး အားထုတ်ပေးထားပြီးဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

ဧပြီ ၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ စမ်းချောင်းမြို့မရဲစခန်း မွမ်းမံသင်တန်းကျောင်း ရဲကျော်စွာခန်းမ၌ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းအမှတ်စဉ်(၂/၂၀၁၄)နှင့် (၃/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ EU မှ သံအမတ်ကြီး H.E. Mr.Roland Kobia, Mr.Friedrich Schwindt, Mr. David, Mr. Andy, Mr. Trevon, Ms.Frances Nolan, Ms.Karin Deckenbach နှင့် အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သူရဘိုနီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးချုပ်စိုးမြိုင်၊ ရဲမှူးကြီးဇော်လင်းထွန်း၊ ရဲမှူးကြီးလှုလှုသန်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ရဲအကြပ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီးထွန်းမင်း၊ သတင်းရဲတပ်ဖွဲ့ခွဲမှူး(ရန်ကုန်)၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် ရဲအရာရှိများ၊ သင်တန်းသား/သင်တန်းသူ ရဲတပ်ဖွဲ့ဝင် ၂၄ ဦး အပါအဝင် စုစုပေါင်း အင်အား ၇၀ တက်ရောက်ခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ EU သံအမတ်ကြီးနှင့် Mr. David တို့က အမှာစကားပြောကြားကြပြီး EU သံအမတ်ကြီးက ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းတွင် အသုံးပြုရန် စက်ဘီး ၁၀ စီးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံသို့ ပေးအပ်ခဲ့ပြီး သင်တန်းဆင်းရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ EU သံအမတ်ကြီးက နှစ်နိုင်ငံအလံရင်ထိုးတံဆိပ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်ပိုက်လိပ်နှင့် အလှူငွေပေးအပ်လှူဒါန်း

ပဲခူး ဧပြီ ၇

ပဲခူးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ ပေးပို့လှူဒါန်းသော မီးသတ်ပိုက်လိပ် ငါးလိပ်ကို ပဲခူးခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအေးမြင့်က ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးကျော်သို့ပေးအပ်လှူဒါန်းခြင်းနှင့်အလှူရှင်များနှင့် ဈေးသူ ဈေးသားများက ပဲခူးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဝယ်ယူရန်အတွက် အလှူငွေကျပ် ၃၂၃၅၀၀ ကို ဧပြီ ၅ ရက်တွင်ပဲခူးမြို့မဈေးကြီး၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၃၅၅၊ မြေကွက်တည်နေရာအမှတ် ၂၃၊ ၈ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးကျော်အေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်အေး ကွယ်လွန်သဖြင့် ဒေါ်အေးသင် ၁၂/မဂတ(နိုင်)၀၅၃၁၇၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၈၀၁၊ မြေကွက်တည်နေရာအမှတ် ၈၀၁၊ ဏ္ဍနာ ၇ လမ်း၊ (၄) ရပ်ကွက် (ဦးအုန်းကျော်) ၁၂/ဥကမ(နိုင်) ၁၃၁၀၆၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးအုန်းကျော်ကွယ်လွန်သဖြင့် ဒေါ်သန်းရီ ၁၂/ဥကမ(နိုင်)၁၃၂၀၇၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၄၆၅၊ မြေကွက်တည်နေရာအမှတ် ၄၆၅၊ (၂)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်ခင်စန်းမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စန်းမြင့် ကွယ်လွန်သဖြင့် ဒေါ်မြတ်မြတ်သိန်း ၁၂/အစန(နိုင်)၀၁၆၅၂၅မှ တရားဝင်တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိသော ညီမဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၄၇၊ မြေကွက်တည်နေရာအမှတ် ၃၄၇၊ မင်းခေါင် ၂လမ်း၊ (၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဦးဝေလွင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဝေလွင် ကွယ်လွန်သဖြင့် ဒေါ်ခင်သန်း ၁၂/ဥကတ(နိုင်)၀၅၂၀၃၃က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)ဒဂုံရော၊ မြေကွက်အမှတ် ၁၁၇၊ မြေကွက်တည်နေရာ ၁၁၇၊ ဒဂုံရောပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း ဦးစိန်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးစိန်အောင် ကွယ်လွန်သဖြင့် ဒေါ်စကီနံ ၉/မခန(နိုင်)၁၄၃၁၆၇က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က) ဒဂုံရော၊ မြေကွက်အမှတ် ၅၃၊ မြေကွက်တည်နေရာ ၅၃၊ ဒဂုံရောပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်း ဦးစိန်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးစိန်အောင်ကွယ်လွန်သဖြင့် ဒေါ်စကီနံ ၉/မခန(နိုင်)၁၄၃၁၆၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာအမှတ် ၇၊ ပြည်ထောင်စုလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် မစ္စစ်အာရ်-စီဘုတ်ဝီးလ်၊မစ္စစ်အာရ်-အမ်ဘုတ်ဝီးလ် အမည်ပေါက် အယ်လ် မြေအား ဒေါ်တင်ကြည်(ခ)ဒေါ်မြင့်မြင့်ကြည် ၁၂/သဃက(နိုင်)၀၆၁၅၁၈က မြေနှင့် အိမ် အရောင်းအဝယ်စာချုပ်အမှတ် ၄၁၄၇၊ ၁၃-၁၁-၂၀၁၃ အားတင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၆၈၇၊ မြေကွက်တည်နေရာအမှတ် ၆၈၇၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်သိန်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းထံမှ ကိုယ်စားလှယ်လွှဲစာ ၁၃၂၈(၁၄-၁-၁၄)ဖြင့် GP ဒေါ်ဆွေဆွေမြင့် ၁၂/ဒဂမ(နိုင်)၀၀၂၅၇၂က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ ၃၉၄၉ (၄-၂-၁၄)နှင့် မြေရာဇဝင်မှတ်ချက်ပါ (၁၉၉၉)ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် ကူးယူခဲ့သော မြေပုံရာဇဝင်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ၁၆၃၉ (၁၂-၃-၁၄)တို့တင်ပြ၍ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၈/က၊ မြေကွက်တည်နေရာအမှတ် ၆၈/က၊ နဝရတ် ၁၁ လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်အေးမြိုင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြိုင်(မိခင်) နှင့် ဦးစံသိန်း(ဖခင်)ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးသန်းအောင် ၁၂/သကတ(နိုင်)၀၅၂၃၇၂၊ (၂) ဒေါ်မြရီ ၁၂/သကတ(နိုင်)၀၅၇၃၈၇ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ် ၁၁၇၇/ခ၊ မြေကွက်တည်နေရာအမှတ် (၁၁၇၇/ခ)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးဝင်းကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းကြည်ကွယ်လွန်သဖြင့် ဒေါ်သိန်းဝင်း ၁၂/ဥကတ(နိုင်)၁၂၂၅၆၇က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၁၂ ၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ် (၂၁၃)၊မာလာရုံလမ်း၊(၁၂)ရပ်ကွက်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အမည်ပေါက် အစိုးရမြေအား ဒေါ်ခင်နွဲ့ ၁၂/လမန(နိုင်)၀၈၉၃၇၉က မူလပိုင်ဆိုင်သူ ဦးမြင့်အောင်ထံမှ ၄င်းနှင့် ၄င်း၏ခင်ပွန်း ဦးထွန်းအောင်တို့ကဝယ်ယူထားပြီး ဦးထွန်းအောင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ အရပ်ကတိ အရောင်းအဝယ်စာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ်(၇၇၉/က)၊ မြေကွက်တည်နေရာအမှတ် ၇၇၉/က၊ ဗိုလ်တိုက်ချွန်းလမ်း၊(ဏ/၄၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးကျော်ညွန့် အမည်ပေါက် ပါမစ်မြေအား ဦးကျော်ညွန့်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးထွန်းထွန်းဦး ၁၂/အစန(နိုင်)၁၀၀၅၀၂ မှ ပါမစ်ပျက်စီးတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြောင်းမြတွင် ဝေဒနာရှင် ၉၀၀၀ ကျော်အား အခမဲ့ကုသပေးခဲ့

မြောင်းမြ ဧပြီ ၇

မြောင်းမြမြို့နယ် ကွယ်လွယ် မြစန္ဒာရပ်ကွက် အမှတ်(၇)အထက ကျောင်းအတွင်း မတ် ၂၆ ရက်မှ စတင်ကာ ဧပြီ ၁၁ ရက်အထိ ကျန်းမာရေးအခမဲ့စောင့်ရှောက်မှု များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးကုသမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နှင့်ဇနီး ဒေါ်ငွေးငွေးငြိမ်းတို့က ကမကထပြု လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မတ်လကုန်အထိ အထွေထွေရောဂါ ဝေဒနာရှင် ၄၁၉၅ ဦး၊ မျက်စိ ဝေဒနာရှင် ၅၃၀ ဦး၊ သွားနှင့်ခံတွင်း ဝေဒနာရှင် ၃၈၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် ၇၁၃ ဦး၊ သားဖွားမီးယပ် ဝေဒနာရှင် ၂၃၉ဦး၊ အရိုးအကြောဝေဒနာ ဝေဒနာရှင် ၁၁၂၈ ဦး၊ ကလေးဝေဒနာရှင် ၃၆၄ ဦး စုစုပေါင်းဝေဒနာရှင် ၉၈၈၆ ဦးတို့ကို အခမဲ့ဆေးဝါးကုသမှု ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆေးကုသစဉ်အတွင်း နေထိုင်စားသောက်မှုများနှင့်အသွားအပြန်ခရီးစရိတ်များကိုပါ အလှူရှင်များကလှူဒါန်းပေးကြသည်။

အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွင် ဆေးကုသလိုသူနှင့်လူနာစောင့် တစ်ဦးအတွက်ပါ အသွားအပြန်ခရီးစရိတ်များ ကျခံပေးသည့်အပြင် ဆေးကုသနေစဉ်အတွင်း စားသောက်၊ တည်းခို၊ နေထိုင်ရေးအတွက်ပါ စီစဉ်ဆောင်ရွက်ပေးထားမှုကြောင့် ဆေးကုသရန် လာရောက်သူများ မပင်မပန်း၊ စိတ်ချမ်းမြေ့စွာ ဆေးကုသခွင့်ရရှိကြသဖြင့် ဝမ်းသာ ကြည်နူးလျက်ရှိနေကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သတင်းစာဆရာများအတွက် သတင်းကျင့်ဝတ်ဆိုင်ရာများ မော်လမြိုင်တွင် ဆွေးနွေး

မော်လမြိုင် ဧပြီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် ငွေမိုးဟိုတယ် ခန်းမ၌ မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ(ယာယီ)နှင့် နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့တို့ ပူးပေါင်း စီစဉ်၍ မြန်မာသတင်းစာဆရာ များ သတင်းကျင့်ဝတ်ဖွံ့ဖြိုးတိုး တက်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ဧပြီ ၇ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ နိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) နှင့် နိုင်ငံတကာ မီဒီယာပံ့ပိုးရေး အဖွဲ့နှင့် မွန်ပြည်နယ်အတွင်းရှိ သတင်းထောက်များ တက်ရောက် ဆွေးနွေးကြသည်။

သတင်းကျင့်ဝတ်များဖြစ်သော တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှု၊ နိုင်ငံရေးနှင့် ရွေးကောက်ပွဲများ၊ ပေါက်ကြားသော အကြောင်းအရာ များ၊ ကန့်သတ်သတင်းအချက် အလက်များနှင့် သတင်းရင်းမြစ်ကို ကာကွယ်ခြင်း၊ မှတ်တမ်းယူရာတွင် ကာယိန္ဒြေထိပါးခြင်း၊ အယောင် ဆောင်ခြင်း၊ အင်တာဗျူးခြင်း၊ ခွဲခြား ဆက်ဆံခြင်း၊ ကိုးကွယ်ယုံကြည်မှု၊ ပြင်းထန် ကြမ်းတမ်းသောဘာသာ စကားအသုံးအနှုန်း၊ ရာဇဝတ်မှု များ၊ လူမှုနှုန်းစံများနှင့် ဖီလာဖြစ် သော အပြုအမူများ၊ ပြန်ပေးဆွဲခြင်း နှင့် အပိုင်စီးခြင်း၊ ဆန္ဒပြမှုများနှင့် ပြည်တွင်းနိုင်ငံရေး မငြိမ်သက်မှု များ၊ ရဲတပ်ဖွဲ့နှင့် အခြားအာဏာ ပိုင်အဖွဲ့အစည်းများနှင့် ဆက်ဆံ ရေး၊ ရာဇဝတ်မှုများတွင် သတင်းဝယ် ယူခြင်း၊ ကြေညာခြင်း၊ ပုဂ္ဂလိက အကျိုးစီးပွားများနှင့် ဩဇာလွှမ်း မှုများ၊ ဘဏ္ဍာရေးအကြောင်းအရာ များကို တင်ဆက်မှု၊ ရုပ်သံထုတ် လွှင့်မှုများနှင့်ပတ်သက်၍ မော် လမြိုင်ရှိ သတင်းဂျာနယ်လစ်များ နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

တင်ထွန်း(မော်လမြိုင်)

အချုပ်သားများ ကောင်းမွန်စွာနေထိုင်စားသောက်နိုင်ရေးဆောင်ရွက်

ရေး ဧပြီ ၇

မွန်ပြည်နယ် ရေးမြို့နယ် ရေး ရဲစခန်းရှိ အချုပ်သားများကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် တာဝန်ရှိသူများ က အချုပ်သားများ၏ အနေအထိုင် အစားအသောက် ကျန်းမာရေး အခြေအနေများကို ကြည့်ရှုစစ်ဆေး သည်။

ရဲတပ်ဖွဲ့ဝင်များ ညဉ်းပန်းနှိပ် စက်မှုရှိမရှိ၊ လုံခြုံရေး CCTV ကင်မရာ တပ်ဆင်ထားမှု၊ လုံခြုံရေး အင်အားများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား တရားသူကြီးချုပ် ဦးခင်မောင်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ ကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

ကျိုက်ထိုမြို့နယ် ကျိုက္ကသာ–ဘိုရားကြီးဘူတာအကြား မီးရထားစက်ခေါင်းလမ်းချော်မှုဖြစ်ပွား

မော်လမြိုင် ဧပြီ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာ-ဘိုရားကြီး ဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ် (၉၄/ ၁၀-၁၁) တွင် ဧပြီ ၄ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က အမှတ်(၈၉) အဆန် ရန်ကုန်-မော်လမြိုင် အမြန် ရထား၊ စက်ခေါင်းအမှတ်ဒီ-၁၃၄၉ ၏ ရှေ့ဘီးလေးဘီး လမ်းချော်မှု ဖြစ်ပွားခဲ့သည်။ ရထားဘီးလမ်းချော် မှုကြောင့် လမ်းပိုင်းပြတ်တောက်ခဲ့ပြီး အမှတ် (၁၈) အစုန် မော်လမြိုင်- နေပြည်တော် အမြန်ရထားသည် ဘိုရားကြီးဘူတာတွင်လည်းကောင်း၊ အမှတ်(၉၀)အစုန် မော်လမြိုင်- ရန်ကုန် အမြန်ရထားသည် ဘိုရား ကြီးဘူတာတွင်လည်းကောင်း ရပ် နားပြီး မွန်းလွဲ ၂ နာရီခွဲတွင် အမှတ်(၉၀) အစုန် မော်လမြိုင်- ရန်ကုန်အမြန်ရထားနှင့် အမှတ် (၈၉) အဆန် ရန်ကုန်-မော်လမြိုင် အမြန် ရထားမှ ခရီးသည်များတွဲပြောင်းလဲ လှယ်စီးနင်းကာ ပြန်လည်ထွက်ခွာ သွားကြောင်းနှင့် လမ်းချော်စက် ခေါင်းတွဲအား ပြန်လည်မတင်နိုင် ရေး ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ **(လ/၀၁၂)**

ချင်းပြည်နယ်အတွက် လျှပ်စစ်လိုအပ်ချက်ဖြည့်တင်းမည်

ကလေး ဧပြီ ၇

ချင်းပြည်နယ်၏ လျှပ်စစ်ဓာတ် အားလိုအပ်ချက်အရ ၂၀၁၅ ခုနှစ်၌ လျှပ်စစ်ဓာတ်အား ၅၀ ရာခိုင်နှုန်း ခန့် ဖြည့်ဆည်းနိုင်ရေးတွင် ပြည်နယ် အစိုးရမှ အသေးစားရေအား လျှပ်စစ်စက်ရုံ ၁၁ခုအနက် နှစ်ခုကို ပထမဦးစွာ အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း ပြည်နယ် လျှပ်စစ်ဝန်ကြီးဌာနမှ သိရသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံကိန်း ၁၁ ခုလုံးဆောင်ရွက်ရန် ရန်ပုံငွေ မရှိသေးသည့်အပြင် နိုင်ငံ တော်အစိုးရမှ SMEs များ အတွက် ကူညီမှုမရှိသေးသဖြင့် စီမံကိန်း ဆောင်ရွက်ရန် ကြန့်ကြာနေရ ကြောင်း သိရသည်။

ကန်ပက်လက်မြို့ ဆောချောင်း ရေအားလျှပ်စစ်စီမံကိန်းအား မြတ် နိုးသူကုမ္ပဏီမှ တာဝန်ယူဆောင် ရွက်လျက်ရှိပြီး ပြည်နယ်အစိုးရ ဘဏ္ဍာငွေအနေဖြင့် မတူပီမြို့ရှိ ဘုံဗားချောင်းတွင် ငွေကျပ်သန်း ၂၄၄၅ ဒသမ ၈ အသုံးပြုကာ ဓာတ်အား ၁၂၀၀ ကီလိုဝပ်ရရှိရေး နှင့် တွန်းဇံမြို့ရှိ ဗဲလ်ကဲချောင်းတွင် ငွေကျပ်သန်း ၇၄၁ ဒသမ ၇ အသုံးပြုကာ ဓာတ်အား ၁၅၀၀ ကီလိုဝပ်ရရှိရန် ဆောင်ရွက်မည် ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ် ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြော ကြားသည်။

ချင်းပြည်နယ်၏ လျှပ်စစ်ဓာတ် အား လိုအပ်ချက်မှာ ၃ဒသမ ၈၉၇ မဂ္ဂါဝပ်ဖြစ်ပြီးလက်ရှိတွင် သုံးပုံ တစ်ပုံခန့်သာ လျှပ်စစ်ဓာတ်အား ပေးနိုင်သေးကြောင်း၊ ဒီဇယ်နှင့် အခြားတစ်နိုင်တစ်ပိုင် လျှပ်စစ် ဓာတ်အားများသာ သုံးစွဲနေရ ကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

သတင်းတို

ကျောက်ထုမြို့နယ်၌ ကျောက်သဲခင်းလမ်းဖွင့်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ မြောက် မကျင်းကျေးရွာနှင့် ပဆုပ်ကျေးရွာ တို့သို့ ဆက်သွယ်သွားလာနိုင် သည့် ကျေးရွာချင်းဆက်လမ်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၀ ဖြင့် ဖောက်လုပ်ရာ ယခုပြီးစီးပြီဖြစ်၍ သွားလာနိုင်ပြီဖြစ်သည်။ လမ်းအရှည် ၂ မိုင်၊ အကျယ် ၁၈ ပေရှိပြီး အဆိုပါ ကျောက်သဲခင်းလမ်းတွင် ရေစီး ရေလာကောင်းရန် လမ်းဘေး ရေမြောင်းကိုလည်း တူးဖော် ဆောင်ရွက်ထားသည်။ **(၁၀၁)**

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၀/သမိုင်း)၊ မြေကွက်အမှတ်(၃/၂)၊ မြေကွက်တည်နေရာအမှတ်(၃/၂)၊ တော်ဝင်လမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ခင်ခင်)အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဒေါ်ခင်ခင် ၁၂/ ဗဟန(နိုင်)၀၄၇၃၅၈ မှ ဂရန်ပျောက်ဆုံး ကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံ ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံ ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထား လာရာ တရားဝင်ပိုင်ဆိုင်သည့် အထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၁၆၂/က)၊ မြေကွက်တည်နေရာအမှတ် (၁၆၂/က)၊ ၄ လမ်း၊(၁၁)ရပ်ကွက်၊ တောင် ဥက္ကလာပမြို့နယ် ဦးစန်းငွေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစန်းငွေ ကွယ်လွန်သဖြင့် ဒေါ်ခင်ညိမ်း ၁၂/ဥကတ (နိုင်)၀၁၂၉၄၁ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက် ၄၉၅၊ အခန်း ၀၀၁ကို မူလအမည် ပေါက်ပိုင်ရှင် ဦးကျော်ဇင်ထံမှ စာချုပ် စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မာ ဆွေ ၁၂/ရကန(နိုင်)၀၄၉၆၇၉၊ ဒေါ်ရင်ရင် မြင့် ၁၂/ရကန(နိုင်)၀၅၀၂၉၅က ပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာ ပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက် လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက် အတွင်း စာရွက်စာတမ်း အထောက်အထား များဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက် ၄၅၇/၄၅၉၊ အခန်း ၁၀၁ကို မူလ အမည်ပေါက်ပိုင်ရှင် ဒေါ်လှမြင့်ထံမှ စာချုပ် စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ရင်ရင် ဆွေ ၁၂/ရကန(နိုင်)၀၅၀၂၉၆က ပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာ ပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက် လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက် အတွင်း စာရွက်စာတမ်း အထောက်အထား များဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် (၆၀၅)၊ မြေကွက်တည်နေရာအမှတ်(၆၀၅)၊ ပဒုမ္မာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးစိုးတင့် L/RGN- ၀၂၆၃၀၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုးတင့် ကွယ်လွန်သဖြင့် ဒေါ်မြမြသန်း ၁၂/တမန(နိုင်)၀၆၆၇၀၆က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ် ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါ သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၄/စီမံကိန်း-၁၊ မြေကွက် အမှတ် ၁၇၁၊ မြေကွက်တည်နေရာအမှတ် ၁၇၁၊ ယုဇနလမ်း၊ တောင်ဥက္ကလာပမြို့နယ် ဦးစောထွန်းစိန်အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဦးစောထွန်းစိန်နှင့်ဇနီး ဒေါ်အုန်းကြည်ကွယ်လွန်သဖြင့် ဒေါ်တင်မြ ၁၂/ဥကတ(နိုင်)၁၀၄၀၄၆က တစ်ဦးတည်း သော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ မြေကွက်အမှတ် ၄၄၃/က၊ မြေကွက်တည်နေရာအမှတ် ၄၄၃/က၊ ဝင်္ကဘာ လမ်း၊ (တ/၄၁)ရပ်ကွက်၊ ရွှေပြည်သာ မြို့နယ် ဦးညွန့်မြင့်အမည်ပေါက် ပါမစ် မြေအား ဦးညွန့်မြင့်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးထွန်းထွန်းဦး ၁၂/အစန(နိုင်)၁၀၀၅၀၂မှ ပါမစ်ပျက်စီးတင်ပြ၍ နှစ် ၆၀ မြေငှား စာချုပ်ဂရန်သစ် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများ ဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် စိုက်မွေး-၁၊ မြေကွက် အမှတ် ၁၀၊ မြေကွက်တည်နေရာအမှတ် ၄/၁/၁၇၊ဘုရင့်နောင်လမ်းသွယ်၊(၁)ရပ်ကွက်၊ ဒဂုံတောင် ဦးဗွမ်းချွန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဗွမ်းချွန်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် $\frac{၄၇၅၇}{၂၅-၉-၁၂}$ ဖြင့်ရရှိသူ ဒေါ်တင်မြင့် ၁၂/ကလန(နိုင်)၁၂၉၆၉၃မှ ဂရန်ပျောက်ဆုံး ကြောင်းရဲစခန်း၊ ရပ်ကွက်ထောက်ခံချက် များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေ တိုင်းရပ်ကွက်အမှတ်(သကမ-၁၄)၊ မြေ ကွက်အမှတ် ၆၉၄ က+ခ၊ မြေကွက် တည်နေရာအမှတ် ၆၉၄၊ နွယ်နီ ၂ လမ်း၊ (၁၅)ရပ်ကွက်၊ (ဦးရွှေမိုး၊ ဦးခွန်အောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် (ဦးရွှေမိုး၊ ဦးခွန်အောင်)ထံမှ အရပ်ကတိ အရောင်းစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ ပိုင်ဆိုင်သူ ဦးကျော်ခိုင် ၁၂/ကတတ(နိုင်) ၀၂၄၂၂၈ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက် ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြ ပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆ဘီဘီ၁၊ မြေကွက်အမှတ် V ၈၈၊ မြေကွက်တည်နေရာအမှတ် ၃၅၊ ညောင်ပင် လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်ကြည်ညွန့် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ညွန့်နှင့် ခင်ပွန်း ဦးနီတိုးတို့ကွယ်လွန်သဖြင့် (၁) ဦးမြင့်သိန်း ၁၂/ကမတ(နိုင်) ၀၄၀၇၆၈၊ (၂) ဒေါ်ခင်ညို ၁၂/ကမတ(နိုင်)၀၄၀၇၆၆၊ (၃) ဒေါ်တင် တင်လှ ၁၂/ကမတ(နိုင်)၀၄၀၇၆၅၊ (၄) ဒေါ်မာမာကြည် ၁၂/ကမတ(နိုင်)၀၄၁၇၃၆ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်း ကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ခိုင်လုံသောအထောက်အထား များဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊မြေကွက်အမှတ် ၃၆၂(က+ခ)၊ မြေကွက်တည်နေရာအမှတ် ၃၆၂၊ ဗိုလ်ချုပ် (၁)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဒေါ်ပြုံး၊ ဦးအောင်မြင့်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ပြုံး (မိခင်)နှင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၄င်း တို့၏ တစ်ဦးတည်းသောသမီး ဒေါ်ဝေဝေ ၁၂/သကတ(နိုင်)၀၅၆၉၁၉ နှင့် ကျန်ပူးတွဲ အမည်ပေါက်ဦးအောင်မြင့်(ခင်ပွန်း)ကွယ်လွန် သဖြင့် ၄င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သန်း ၁၂/သကတ(နိုင်)၀၄၈၅၁၂ တို့ ပူးတွဲ၍ ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြကာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၀၀၅/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၀၅/ခ၊ ရန်ပြေ ၁၇လမ်း၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သောင်းစိန် အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်သောင်းစိန်(မိခင်) နှင့် ဦးလှမောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးအောင်မိုး ၁၂/သကတ(နိုင်)၁၂၁၂၅၄ နှင့် ဒေါ်ကြည် ကြည်နွဲ့ ၁၂/သကတ(နိုင်)၁၂၁၂၅၃ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေသဖွံ့ဖြိုးခြင်းကြောင့် အခြေချနေထိုင်သူ များပြားလာသည့် ဂန့်ဂေါမြို့နယ်

ကြီးမြင့်နိုင်(လှိုင်ကော်)

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေခြင်း၊ တယ်လီဖုန်း၊ အင်တာနက်ဆက်သွယ်ရေး ကောင်းမွန်လာခြင်းစသည့် နေပျော်ဖွယ်ရာအခြေအနေကောင်းများကြောင့် ယင်းမြို့သို့ အခြားဒေသများမှ ပြောင်းရွှေ့လာကာ အခြေချနေထိုင်သူ လူဦးရေတိုးပွားလာကြောင်း သိရသည်။

ဂန့်ဂေါမြို့သို့ အများဆုံးပြောင်းရွှေ့အခြေချ နေထိုင်လာသူများမှာ ချင်းပြည်နယ်၊ မတူပီမြို့နယ်နှင့် ဟားခါးမြို့နယ်တို့မှ ချင်းလူမျိုးများဖြစ်ကြပြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်များအပြင် အခြားဒေသများမှ ပြောင်းရွှေ့အခြေချနေထိုင်လာသည့် ဗမာလူမျိုးများလည်းရှိကြောင်း၊ ယခုအခါ ဂန့်ဂေါမြို့တွင် အိမ်ခြံမြေကွက်ဈေးများကောင်းမွန်လာလျက်ရှိရာ မြေကွက်ဈေးနှုန်းမှာ ကျပ်သိန်း ၅၀ အောက်တွင် မရှိတော့ကြောင်း၊ ဂန့်ဂေါမြို့သည် တစ်စတစ်စဖွံ့ဖြိုးတိုးတက်လာလျက်ရှိသဖြင့် ပြောင်းရွှေ့အခြေချနေထိုင်သူတွေလည်း များပြားလာမည်ဖြစ်ရာ တိုင်းရင်းသားမဟုတ်သော မလိုလားအပ်သည့် လူမျိုးခြားများ ဝင်ရောက်လာမည်ကို ဒေသခံများက စိုးရိမ်နေကြကြောင်း ဒေသခံအချို့က ပြောသည်။

ဂန့်ဂေါမြို့နယ်သည် ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စုခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၁၁၃ ရွာတို့ဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၀ ခုနှစ်က ခန့်မှန်းအိမ်ခြေ ၁၉၇၀ ကျော်၊ လူဦးရေ ၁၅၀၀၀၀ ကျော်ရှိခဲ့သော်လည်း ယနေ့မျက်မြင်အခြေအနေအရ ၂၀၁၀ ခုနှစ်က အခြေအနေထက် အိမ်ခြေနှင့်လူဦးရေ အဆများစွာ တိုးပွားနေပြီဖြစ်ကြောင်း သိရသည်။ ဂန့်ဂေါမြို့နယ်တွင် လူမျိုးအလိုက် နေထိုင်မှုမှာ ဗမာလူမျိုးအများဆုံးဖြစ်ပြီး ချင်းလူမျိုး ဒုတိယအများဆုံးဖြစ်ကာ ကချင်၊ ကရင်နှင့် ရခိုင်လူမျိုးအနည်းငယ်စီလည်း နေထိုင်ကြကြောင်း မြို့နယ်ဆိုင်ရာစာရင်း၊ ဇယားမှတ်တမ်းများ၏ ဖော်ပြချက်အရ သိရသည်။ တိုင်းရင်းသားမဟုတ်သူများ လုံးဝအခြေချနေထိုင်ခြင်းမရှိသည်မှာ မြို့နယ်၏ ထူးခြားသော လက္ခဏာဖြစ်သည်။

> **ဒေသဖွံ့ဖြိုးလာလို့ ဝန်ထမ်းတွေစိုးရိမ်တာက အခုလစာနှစ်ဆရထားတယ်. .**

"ရယ်စရာတစ်ခုအဖြစ် ပြောရရင် မြို့နယ်က ဖွံ့ဖြိုးတိုးတက်လာတော့ ဌာနဆိုင်ရာဝန်ထမ်းအချို့က စိုးရိမ်လာကြတယ်ဗျ။ မကွေးတိုင်းဒေသကြီးမှာ မြို့နယ်ပေါင်း ၂၅ မြို့နယ်ရှိတဲ့အနက်က ဂန့်ဂေါခရိုင်က ဂန့်ဂေါ၊ ထီးလင်း၊ ဆောနဲ့ကျောက်ထုမြို့နယ်ခွဲတွေက လမ်းပန်းဆက်သွယ်သွားလာရေး ခက်ခဲတယ်ဆိုပြီး အစိုးရက ဌာနဆိုင်ရာဝန်ထမ်းတွေကို လခနှစ်ဆပေးထားတာလေ။ ယခုလို လမ်းပန်းဆက်သွယ်ရေး ကောင်းလာပြီး ဖွံ့ဖြိုးတိုးတက်လာတော့ လခနှစ်ဆပေးနေရာကနေ တစ်ဆပဲ ပေးတော့မလားဆိုပြီး စိုးရိမ်ကြတယ်"ဟု ဒေသခံဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက ရယ်ရယ်မောမောဖြင့် ပြောဆိုသည်။

"လျှပ်စစ်မီးရတော့ ရေပေးဝေရေးလည်း ကောင်းမွန်လာတယ်။ ရေ၊ မီး အဆင်ပြေလာတာကိုက နေရထိုင်ရတာ အလွန်လူဖြစ်ကျိုးနပ်လှပါပြီ။ ကွန်ပျူတာ၊ မိတ္တူကူးဆိုင်တွေဆိုရင် တော်တော်စီးပွားဖြစ်နေကြပြီဗျ။ ကွန်ပျူတာစာစီ၊ မိတ္တူကူးခနှုန်းထားတွေလည်း လျှော့ချလာကြတယ်"ဟု မြောက်ကုန်းရပ်ကွက်နေ ဒေါ်မိုးကေသီက ပြောသည်။

ဂန့်ဂေါမြို့နယ်သည် မြေဆီ၊ မြေနှစ်ကောင်းမွန်နေသေးသဖြင့် စိုက်ပျိုးရေးလုပ်ငန်း အတန်အသင့်ဖြစ်ထွန်းသော ဒေသတစ်ခုဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ လျှပ်စစ်မီးရရှိခြင်း၊ တယ်လီဖုန်း၊ အင်တာနက်ဆက်သွယ်ရေး ကောင်းမွန်ခြင်း စသည့် အခြေခံလိုအပ်ချက်များပါ ဖြည့်ဆည်းပေးလိုက်သောအခါ အလုတွင်အယဉ်ဆင့်ဟူဘိသကဲ့သို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ကာ နေချင်စဖွယ်ဒေသတစ်ခုအဖြစ်သို့ ရောက်ရှိလာခြင်းကား မျက်မြင်ကိုယ်တွေ့ပင် မဟုတ်ပါလော။

ယခုအခါ ဂန့်ဂေါမြို့တွင် ပြောင်းရွှေ့အခြေချနေထိုင်သူများလာခြင်း၊ ယာဉ်အဝင်အထွက် များလာခြင်း၊ တည်းခိုခန်းများ နေ့စဉ်ဧည့်သည်ပြည့်ခြင်း၊ ပုဂ္ဂလိကဘဏ်ဖွင့်လှစ်ရန်စီစဉ်နေခြင်း၊ လမ်းများအဆင့်မြှင့်တင်လျက်ရှိခြင်း၊ အိမ်ခြံမြေကွက်ဈေးနှုန်းတက်ခြင်း၊ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း၊ သောက်သုံးရေပုံမှန်ပေးဝေလာနိုင်ခြင်း၊ လူမှုကူညီရေးအသင်းများ တရားဝင်ဖွဲ့စည်းရေးစသည်တို့သည် ဂန့်ဂေါမြို့နေဒေသခံများ၏ အလှူ မင်္ဂလာဆောင်မှာ၊ ကားပေါ်၊ ရထားပေါ်မှာ ပြောဆိုဆွေးနွေးစကားဖလှယ်စရာ အကြောင်းအရာများအဖြစ်ဖြင့် ဝမ်းမြောက်စွာပြောဆိုနေကြကြောင်း သိရသည်။

မူလတန်းကျောင်းဆောင်သစ်လှူဒါန်း

ပြင်ဦးလွင် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တပ်မတော် နည်းပညာတက္ကသိုလ် အမှတ်စဉ်(၅) ကျောင်းဆင်းအရာရှိများ (၁၁)နှစ်မြောက် အထိမ်းအမှတ် စုပေါင်း မူလတန်းကျောင်းဆောင်သစ် လှူဒါန်းပွဲကို ဧပြီ ၅ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ညောင်သာယာကျေးရွာ၌ ပြုလုပ်သည်။

တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းမင်းထွန်း၊ ပြင်ဦးလွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ကျောင်းဆောင်သစ်ဖြစ်လာစေရေးအတွက် တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၅)ကျောင်းဆင်းအရာရှိများသည် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ညောင်သာယာကျေးရွာ၌ ကလေးများအတွက် အဆင့်မြင့်မူလတန်းကျောင်းဆောင်သစ်လိုအပ်သည်ကို တွေ့ရှိသဖြင့် မိမိတို့ရရှိသောလစာများ စုပေါင်းထည့်ဝင်လျက် အာရ်စီတစ်ထပ်တိုက် သွပ်မိုး၊ အလျား ပေ ၈၀၊ အနံပေ ၃၀ ခြောက်ခန်းတွဲနှင့် သီးခြားရေလောင်းအိမ်သာပါဝင်ပြီး တန်ဖိုးကျပ် ၁၈၅ သိန်း ကုန်ကျဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(၀၃၂)

မန္တလေးတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း (၂၆)ကြိမ်မြောက်ကျင်းပ

မန္တလေး ဧပြီ ၇

သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီးမှ ကြီးမှူး၍ ဖွင့်လှစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံသင်တန်းတွင် နှစ်နှစ်ဆက်တိုက် ပထမဆုကို အသက်အငယ်ဆုံးသင်တန်းသူ တစ်ဦးက ဆွတ်ခူးနိုင်ခဲ့သည်။

သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့မှ (၂၆)ကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ဧပြီ ၅ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် ဓမ္မဗိမာန်တော်၌ကျင်းပရာ ဩဝါဒစရိယဆရာတော် မစိုးရိမ်ကျောင်းတိုက် အာဂနမနယူပဒေသကျောင်း၊ တိပိဋကရွေးချယ်အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေယျာဘိဝံသ အရှင်သူမြတ်ထံမှ သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင် (ပါမောက္ခငြိမ်း)နှင့် တက်ရောက်လာသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဒုတိယဥက္ကဋ္ဌက ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှုသာသနာရေးဆိုင်ရာ သင်တန်းများနှင့် ပတ်သက်၍ လျှောက်ထားသည်။

ဆက်လက်၍ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ သင်တန်းတွင် အသက်အငယ်ဆုံး သင်တန်းသူ မသင်းကြယ်စင်ညွန့်က နှစ်နှစ်ဆက်တိုက်ပထမဆုရရှိသည်။

သင်တန်းပို့ချပေး

အဆိုပါသင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၅ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိ သင်တန်းသား ၃၀၀ ကျော်တို့အား အတွင်းရေးမှူး ဦးမောင်မောင်နှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများက သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

သတင်းတို

သပိတ်ကျင်း၌ ဗုဒ္ဓဘာသာသင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် လမ်းလယ်ကျစ်ကျေးရွာ ရွှေဘုံသာကျောင်းတွင် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၆ ရက်မှ ဧပြီ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ရွှေဘုံသာကျောင်း ဆရာတော်နှင့် သံဃာတော် ခုနစ်ပါးတို့က သပိတ်ကျင်း မြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်ပေါင်း ၂၇၀ ကျော်တို့ကို အခြေခံ ဗုဒ္ဓဘာသာစည်းကမ်းများ၊ ယဉ်ကျေးလိမ္မာစေရန်နှင့် ဘာသာတရားကိုင်းရှိုင်းတတ်စေရန် သင်ကြားပေးခဲ့ကြပြီး မြို့နယ်အတွင်းရှိ အလှူရှင်များက ကလေးငယ်များ အတွက် အစားအသောက်များ လှူဒါန်းပေးခဲ့သည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

မြန်မာစာပေမြှင့်တင်ရေး မော်လမြိုင်တွင်ပြုလုပ်

မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်စာရေးဆရာအသင်းနှင့် စာပေမြတ်နိုးသူများစုပေါင်း ကျင်းပသော နွေရာသီဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ သင်တန်းဆင်းပွဲနှင့် ဆုချီး မြှင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဝတ္ထု ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီသင်တန်းကို မတ်လအတွင်း စာပေပညာရှင်များ၊ ကဗျာဆရာများနှင့် ကာတွန်းပညာရှင်များက မော်လမြိုင်အခြေခံပညာကျောင်းများရှိ ကလေးများ အား တစ်လခန့် ကြိုတင်သင်ကြားပေးထားခဲ့ခြင်းဖြစ်သည်။

(လ/၀၁၂)

April မောင်နှမအတွက် မွေးနေ့ဆုတောင်း

၈-၄-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကျရောက်သော ဗိုလ်လောင်းအမှတ်စဉ် (၅၈)မှ မောင်သီဟထွဋ်ဇော်(ခ)မောင်သော်ဟန်ထွဋ်ဇော်နှင့် ၁၉-၄-၂၀၁၄ ရက် (စနေနေ့)တွင် ကျရောက်သော မယွန်းမေမီအိမ့်တို့၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ကျန်းမာပါစေကြောင်းနှင့် နိုင်ငံ၏အကျိုးကို ပိုမိုသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ - ဦးဆန်းမောင်
မေမေ - ဒေါ်ခင်ခင်ဝင်း
ကိုကြီး - အောင်မျိုးထက်
ကိုလေး - ကျော်ဘိုဘိုထက်
မမ - ဟေမာန်ဆန်းမောင်

ကန့်ကွက်နိုင်ပါသည်

ဦးချိုထွန်း ၁၂/ရကန(နိုင်)၀၆၀၈၀၄ နှင့် ဒေါ်စန်းစန်းဝေ ၈/ပခက(နိုင်)၀၄၂၂၁၈တို့အမည်ဖြင့် နှစ် ၆၀ ဂရန်အမည်ပေါက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မဟာဆွေ ၁လမ်း၊ မြေကွက်အမှတ်(၅၆/၅၇)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်နှစ်ကွက်တွဲနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းအောင် ၁၂/တမန(နိုင်)၀၅၀၈၃၀ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာခိုင် LL.B, D.L.P,WIPO (Switerland) တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၃၊ အခန်း ၁၆/ဘီ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၀၅၈၆၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ Substations နှင့် Substation Switch Bay Extension များအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) 66 KV Moegoke Substation Switch Bay Extension
(၂) 66 KV Mawlamying Substation Switch Bay (2) No.Extension
(၃) 66 KV Moekaung Substation Switch Bay Extension
(၄) 66 KV Kyaukphyu Substation Switch Bay (2) No.Extension
(၅) 66/11 KV, 5MVA Hteelin Substation

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၉-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးအောင်လင်းထွန်း ၁၀/သဖရ(နိုင်)၁၁၈၂၆၂၏နိုင်ငံကူးလက်မှတ်စ်ပို့နံပါတ် THO-၅၃၇၇၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၉၈၂၀၀၈၀ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

11/0.4KV,100 KVA Station Transformer Set 22

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၉-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လင်ခန်းမယားခန်းကွာရှင်းပြတ်စဲပြီးစီးခြင်းနှင့် ပစ္စည်းခန်းခွဲဝေပြီးစီးကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဥ့်ဂူရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁/၄၀)နေ ဒေါ်ချိုချိုမာ ၁၂/ကမရ(နိုင်)၀၁၅၉၃၃နှင့် ဦးချိုချိုဦး ၁၂/လမန(နိုင်)၀၇၈၆၆၇တို့သည် ၈-၁၀-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး(၁)၏ ရှေ့မှောက်တွင် လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် ပစ္စည်းခန်းပါ ခွဲဝေပြီးစီးပြီးဖြစ်ပါသည်။ နောက်နောင်တွင် ဦးချိုချိုဦး၏ အရှုပ်အရှင်းမှန်သမျှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမာနှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်နွဲ့ရီ LL.B (စဉ်-၇၉၂၅) တရားလွှတ်တော်ရှေ့နေ
တိုက်(၉)၊ အခန်း ၂၇၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၃၀၉၈၉၄၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တရားရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ရေးမြို့တွင် အသစ်တည်ဆောက်ပေး

ရေး ဧပြီ ၇

မွန်ပြည်နယ် ရေးမြို့နယ် မြို့နယ်တရားရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဖွင့်ပွဲကို ဧပြီ ၅ ရက်က ကျင်းပရာ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်တရားရုံးနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အလံများအား ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ ကလက်ခံရယူပေးပြီး ရေးမြို့နယ် တာဝန်ခံပြည်နယ်ဝန်ကြီး ဦးနိုင်လဝီအောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ယူဆောက်လုပ်သည့်ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးမြင့်တို့က အဆောက်အအုံများကို ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မြို့နယ်တရားရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့် တရားရုံးအဆောက်အအုံအား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၏ ကြီးကြပ်လမ်းညွှန်မှုအရ Bestfriend ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီးစီး၍ ငွေကျပ် သိန်း ၆၀၀ ကုန်ကျခဲ့သည်။

ထို့နောက်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မြစ်ကမ်းပါး ရေရှည်ထိန်းသိမ်းရန် ရေးမြစ်ကမ်းထိန်းကျောက်စီတမံ တည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

မလှိုင်တွင် ကလေးငယ် ၆၀၀၀ ကျော်ကို ယဉ်ကျေးလိမ္မာသင်ကြားပေးခဲ့ပြီးဖြစ်

မလှိုင် ဧပြီ ၇

မလှိုင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၁၈၅ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၉၉၇ ဦးကို မတ်ဝရက်မှစတင်၍ ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ရာ မတ် ၃၁ ရက်တွင် မလှိုင်မြို့ လေးမျက်နှာကျောင်းတိုက်အတွင်း၌ သင်တန်းဆင်း ထူးချွန်သူများကို ဆုများချီးမြှင့်ပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် ပထမဆု ငွေကျပ် နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသောင်း ချီးမြှင့်ပေးခဲ့ပြီး ထူးချွန်သူ ၅၄ ဦးကိုလည်း အဆင့်လိုက် ဆုများချီးမြှင့်ပေးခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ်ပညာရေးဌာနနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီးဆုချီးမြှင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မလှိုင်မြို့နယ်တွင် ယဉ်ကျေးမှုသင်တန်း များကို ၂၀၀၇ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ရှစ်နှစ်တာကာလအတွင်း မူလတန်းကျောင်း သားကျောင်းသူ ခြောက်သောင်းကျော် သင်ကြားပေးနိုင်ခဲ့ကြောင်း မလှိုင်မြို့ လေးမျက်နှာကျောင်းဆရာတော်က မိန့်ကြားသည်။

အောင်ငွေး(မလှိုင်)

ပြည်သူများကို စည်းရုံးစောင့်ကြည့် ပညာပေးခြင်းဖြင့် မူးယစ်ကင်းစင်စေမည်

သထုံ ဧပြီ ၇

သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ် ရဲစခန်းပိုင် နယ်မြေများဖြစ်သည့် ကတိုက်ကြီး၊ ဆိပ်ကျွန်းနှင့် မရမ်းကုန်းကျေးရွာအုပ်စု သုံးအုပ်စုတို့အား ဧပြီလ ၅ ရက်က မူးယစ်ဆေးဝါးကင်းမဲ့ဇုန်များအဖြစ် သတ်မှတ်ကာ မူးယစ်ဆေးဝါးကင်းစင်နယ်မြေဆိုင်းဘုတ်များ စိုက်ထူထားရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်းဘုတ်စိုက်ထူပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောဘသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းဖေနှင့် ဦးစောအုံး၊ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့က ဒေသခံကျေးရွာသားများအား မူးယစ်ဆေးဝါး အကြောင်း သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်းက "ကျေးရွာမှာရှိတဲ့ ဆယ်အိမ်မှူးတွေက မိမိတို့ဆယ်အိမ်စုအတွင်းမှာရှိတဲ့ ပြည်သူတွေကို စည်းရုံးမယ်၊ စောင့်ကြည့်မယ်၊ ပညာပေးမယ်၊ မူးယစ်ဆေးဝါးတွေနဲ့ ပတ်သက်လာသူတွေကို ဥပဒေအရ အရေးယူမယ်။ အဲဒီလိုဆောင်ရွက်ရင်းနဲ့ ဆယ်အိမ်စုတစ်ခုတစ်ခုချင်းဆီက တာဝန်ယူ တာဝန်ခံမှုနဲ့အတူ ကျေးရွာတစ်ရွာလုံး မူးယစ်ဆေးဝါး ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်မှာဖြစ်ပါတယ်" ဟု အခမ်းအနားတွင် ပြောကြားသည်။

သထုံမြို့နယ်တွင် ၂၀၁၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါးပြစ်မှု ၁၇ မှုနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ တစ်မှုတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ယနေ့အချိန်ထိ မူးယစ်ကင်းစင်ဇုန် နယ်မြေများအဖြစ် ကျေးရွာအုပ်စု ရှစ်အုပ်စုတို့ကို ဆောင်ရွက် ထားရှိပြီးဖြစ်ကာ ၂၀၁၄ခုနှစ်အတွင်း သထုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၄ အုပ်စုတို့ကို မူးယစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညဏ်လွင်က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၁၄ခုနှစ်အတွင်း သထုံမြို့နယ် ကျေးရွာ ၅၄ အုပ်စု မူးယစ်ကင်းစင်စေမည်. . .

(ခရိုင် ပြန်/ဆက်)

သတင်းတို

ဆောမြို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်း

ဆောမြို့တွင် ဧပြီ ၂ ရက် ညနေ ၅ နာရီ ၁၂ မိနစ်မှ ၅ နာရီ ၂၅ မိနစ်အထိ မိုးသီးအနည်းငယ်ပါသော အချိန်အခါမဟုတ် မိုးရွာသွန်းသည်။ အဆိုပါနေ့က ရွာသွန်းသည့်မိုးမှာ မိုးရေချိန်အားဖြင့် (၀ ဒသမ ၁၅)လက်မရှိကြောင်းနှင့် ဒေသခံပြည်သူများ မြေပဲ၊ နေကြာ၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ သီးနှံများစိုက်ပျိုးထားကြရာ မိုးလိုအပ်နေချိန်တွင် မိုးရွာသွန်းသဖြင့် သီးနှံခင်းများအတွက် အဆင်ပြေသွားကြောင်း သိရသည်။ (၁၀၁)

(၄၄)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ
(၈-၄-၁၉၇၀)-(၈-၄-၂၀၁၄)

ဖေဖေ ဦးမောင်မောင်သောင်း (ပညာအလင်းပြ) နှင့် မေမေ ဒေါ်ဝင်းကြည် [ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ အထက-၅၊ မင်္ဂလာဒုံ]တို့၏ (၄၄)နှစ်မြောက် မင်္ဂလာရက်မှသည် မင်္ဂလာနှစ် ၁၀၀တိုင် ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးများ သယ်ပိုးဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား-ကိုလွင်မိုး-မရတနာကျော်ကျော်
မြေး-မောင်သုခလွင်၊ မောင်နေလွင်၊ မမိုးရတနာသွယ်

(၄၄)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ
(၈-၄-၁၉၇၀)-(၈-၄-၂၀၁၄)

ဘဘ ဦးမောင်မောင်သောင်း (ပညာအလင်းပြ) နှင့် ဘွားဘွား ဒေါ်ဝင်းကြည် [ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ အထက-၅၊ မင်္ဂလာဒုံ]တို့၏ (၄၄)နှစ်မြောက် မင်္ဂလာရက်မှသည် မင်္ဂလာနှစ် ၁၀၀ တိုင် ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးများ သယ်ပိုးဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။ **တူ၊ တူမ၊ မြေးများ**

ပညာအလင်းပြစာပေတိုက်၊
ပုံနှိပ်တိုက်မိသားစုဝန်ထမ်းများ

အောင်ပင်လယ်စာသင်တိုက် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅/ရပ်ကွက်၊ ပါရမီလမ်း၊ (၂)ဝိုင်း အောင်ပင်လယ်စာသင်တိုက်တွင် သင်္ကြန်တွင်း မိုးကုတ်တရားစခန်းပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသောယောဂီများ စာရင်းပေးသွင်းနိုင်ပါသည်။

တရားစခန်းပွဲရက် - ၁၂-၄-၂၀၁၄ ရက်မှ ၁၇-၄-၂၀၁၄ ရက်အထိ
ရိပ်သာဝင်ရမည့်ရက် - ၁၂-၄-၂၀၁၄ ရက် ညနေ ၄ နာရီမှ ၆ နာရီအတွင်း

ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

၁၃-၄-၂၀၁၄ ရက် ည ၇ နာရီတွင် ခင်ပွန်းကြီးဆယ်ပါးကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို ဝင်ရောက်ကန်တော့နိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀၂၃၁၀၈၊ ၀၉-၄၂၁၁၂၈၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (ဂ)၊ မြေကွက်အမှတ် (၅၄၀/က)၊ မြေကွက်တည်နေရာအမှတ် (၅၄၀/က)၊ မေဓာဝီလမ်း၊ (ဂ)ရပ်ကွက် ဒေါ်သန်းညွန့် ၁၂/ဥကမ(နိုင်)၀၃၆၃၅၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်သန်းညွန့်နှင့်ဖခင်ဦးမင်းအောင်(ခ)ဦးအောင်ရွှေ၊ သမီးဒေါ်ခင်ဝါရွှေတို့ ကွယ်လွန်သဖြင့် ဒေါ်ကြူကြူအောင် ၁၂/ဥကမ(နိုင်)၂၄၁၃၉၆၊ ဦးမျိုးမင်းအောင် ၁၂/ဥကမ(နိုင်) ၁၅၆၈၃၄၊ ဦးနေလင်းအောင် ၁၂/ဥကမ(နိုင်)၂၄၁၃၉၇၊ ဦးမျိုးသိန်း ၁၂/ဥကမ(နိုင်)၀၀၆၃၆၉တို့က သားသမီးများ၊ သမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၂၀/၂၀၁၄၊ ၃၀၂၁/၂၀၁၄ ဖြင့်ရရှိသူ ဒေါ်သန်းသန်းဦး ၇/မလန(နိုင်)၀၆၄၅၈၂က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၂၊ မြေကွက်အမှတ် (၁၀၁၆/ခ) အလျားပေ ၂၀×အနံပေ ၆၀ ရရှိသူ ဦးစိုးသိန်းအမည်ပေါက်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးစန္ဒာထွန်း(ဘ)ဦးလှမြင့် ၁၂/တမန(နိုင်)၀၉၅၃၇၂ က မြေပါမစ်စာရင်းသွင်းခွင့်ပြုလုပ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်းပြုလုပ်ဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၃၃၁/က၊ မြေကွက်တည်နေရာအမှတ်(၁၃၃၁/က)၊ ၃၅ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် အရာခံဗိုလ်စိုးလွင်(ငြိမ်း)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်အရာခံဗိုလ်စိုးလွင်(ငြိမ်း)ကွယ်လွန်သဖြင့် ဒေါ်မြမြဝေ ၁၂/ဥကတ(နိုင်)၀၆၈၀၁၅ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၇၅၆(၂၅-၁၁-၁၃) ဖြင့် GP ဦးအောင်လွင် ၁၂/မရက(နိုင်) ၀၁၆၉၉၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၆၇၃(၂၀-၁-၁၄)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၂၅/ခ၊ မြေကွက်တည်နေရအမှတ် ၂၅/ခ၊ မေတ္တာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်ငြိမ်း၊ ဒေါ်ခင်သိန်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ငြိမ်းထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၄၆၂၀(၂၀-၁၁-၁၃)ဖြင့်ရရှိသူ ဒေါ်ခင်သိန်း ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းဦး ၁၂/ဥကတ(နိုင်)၀၁၁၇၃၁၊ ဒေါ်သီသီဟန် ၁၂/ဥကတ(နိုင်)၀၁၁၆၉၂တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အကြိမ်(၅၀)မြောက် စုပေါင်းရှင်ပြုသီလရှင်ဝတ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

နှစ်သစ်ကူးအကြို မင်္ဂလာအဖြစ် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ အကြိမ်(၅၀)မြောက် စုပေါင်းရှင်ပြုသီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကို ဧပြီ ၅ ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်း လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် စောင့်ရှောက်ပေးထားသည့် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများမှ အသက် ၁၈ နှစ်အောက် အမျိုးသား ၄၅ ဦးနှင့် အသက်၁၆ နှစ်အောက် အမျိုးသမီး ၃၀ တို့ကို စုပေါင်းရှင်ပြုသီလရှင်ဝတ် မင်္ဂလာကျင်းပခြင်းဖြစ်သည်။ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းနှင့် သန်လျင် လူငယ်သင်တန်းကျောင်းများမှ တစ်ကျောင်းလျှင် ၁၅ ဦးဖြင့် အမျိုးသား ၄၅ ဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခရန်ကုန်) နှင့်(ထောက်ကြန့်)တို့မှ မိန်းကလေး ၁၀ ဦးစီ၊ နတ်မောက်လမ်းရှိ အမျိုးသမီးအသက်မွေးဝမ်းကျောင်းလုပ်ငန်း အတတ်ပညာ သင်တန်းကျောင်းနှင့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန (သံလွင်လမ်း)တို့မှ ငါးဦးစီ စုစုပေါင်း ၃၀ ဖြစ်သည်။

စုပေါင်းရှင်ပြုသီလရှင်ဝတ် မင်္ဂလာပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်၊ တိုင်းဦးစီးမှူး ဦးတင်ဇော်မိုး၊ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများ စုံလင်စွာ တက်ရောက်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှစ်ပါး၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှစ်ပါးနှင့် အဖွဲ့ဝင်ဆရာတော် တစ်ပါး ကြွရောက်ချီးမြှင့်သည်။ ရှေးဦးစွာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူသည်။ လှူဖွယ်ပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းပြီး ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ နှစ်ဦးအကြို စုပေါင်းရှင်ပြုသီလရှင်ဝတ်ပွဲ မင်္ဂလာအခမ်းအနားကို ရွှေမိုးငွေမိုးရွာသွန်းဖြိုးကာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

သတင်းတိုများ

ကျောင်းကုန်း၌ ဓာတ်အားခနူန်းများ ရှင်းလင်း

ဓာတ်အားခနူန်းထားများ ပြင်ဆင်ကောက်ခံခြင်း ရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဧပြီ ၅ ရက်က အမှတ်(၁)ရပ်ကွက် စိန်မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရှင်းလင်းတွေ့ဆုံပွဲတွင် မီဘပြည်သူ အင်အား ၅၀ ခန့် တက်ရောက်ကြပြီး ပုသိမ်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်စိုးမိုးက ဓာတ်အားခနူန်းထားများ တိုးမြှင့်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ပြင်ဆင်ကောက်ခံမည့် နူန်းထားများ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို မြို့ပေါ်ရပ်ကွက်များရှိ မီးသုံးစွဲသူ မိဘပြည်သူ ၅၀ ခန့်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ဝ၉၁)**

သင်္ကြန်အငှားကားဈေးကွက် အငှားကားရှားပါးလာ

သင်္ကြန်ကာလအတွင်း ရေပက်ခံထွက်ကြမည့်သူများအတွက် မော်တော်ကားအငှားဈေးကွက်အတွင်း ငှားရမ်းလိုသူများပြားလျက်ရှိပြီး စိတ်ကြိုက်ကားများ ရှားပါးနေရကြောင်း သိရသည်။ အများစုမှာ အကြမ်းခံမာကြောသည့် လိုက်ထရပ်ကားများကို ငှားရမ်းလိုကြသော်လည်း လက်ရှိဈေးကွက်တွင် လိုက်ထရပ်ငှားရမ်းမှုထက် ဂျစ်နှင့် မီနီထရပ် ကားများကိုသာ အများဆုံးတွေ့ ရသည်။ ကားငှားရမ်းခအနေဖြင့် တစ်ရက်လျှင် ငွေကျပ် တစ်သိန်းမှ တစ်သိန်းရှစ်သောင်းအထိရှိသည်။ **ခိုင်ဇာမွန်**

လျှောင်ဒင်္ဂ ဒေသမ၅အဆင့်ကို ခံနိုင်ရည်ရှိမည့် ကြယ်ငါးပွင့်အဆင့်မီ ရှစ်ထပ်ကွန်ဒိုတိုက် ပါရမီတွင် စတင်ဆောက်လုပ်

ရန်ကုန် ဧပြီ ၇

လျှောင်ပြင်းအား ၈ ဒသမ ၅ အထိ ခံနိုင်ရည်ရှိသည့် Royal Maylikha Luxury Condominium ကို ဆောက်လုပ်လျက်ရှိပြီး တိုက်ခန်းများအား ဧပြီ ၆ ရက်မှ စတင်ရောင်းချမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ Sustain ကုမ္ပဏီမှ သိရသည်။

အဆိုပါကွန်ဒိုအား လျှောင်ဒင်္ဂ ခံနိုင်စေရန် အဓိကထားဆောက်လုပ်နေခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ ဖေဖော်ဝါရီတွင် အပြီးသတ်နိုင်စေရန် လျာထားကြောင်း ဖေဖော်ဝါရီလကုန်အတွင်း တိုက်ခန်းများ အပြီးအပ်နှံနိုင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

ပါရမီလမ်းပေါ်တွင် ဆောက်လုပ်လျက်ရှိသည့် အဆိုပါ အဆောက်အအုံတွင် ရိုးရှင်းသည့်ကြယ်ငါးပွင့်အဆင့်မီကွန်ဒိုအခန်း ဒီဇိုင်းကိုးမျိုးပါဝင်မည်ဖြစ်ကာ အခန်းပေါင်း ၅၃ ခန်း သတ်မှတ်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **သွန်းဝသန်**

ကားပြပွဲများပြုလုပ်လာသော်လည်း ဝယ်ယူမှု မရှိသလောက်နည်းပါး

ရန်ကုန် ဧပြီ ၇

ပြည်တွင်းကားပြပွဲများတွင် ကားရောင်းချရမှုများ နည်းပါးလာကြကြောင်း ကားပြပွဲပြုလုပ်စီစဉ်သူများထံမှ သိရသည်။

ပြောင်းလဲဖြေလျှော့လိုက်သော ကားမူဝါဒများနှင့်အတူ ရန်ကုန်၊ မန္တလေးနှင့် နယ်မြို့များတွင် ကားပြပွဲများပြုလုပ် ရောင်းချလာကြရာ ပြီးခဲ့သည့်နှစ် များအတွင်းက ကားပြပွဲကြီးများတွင် ကားရောင်းချရမှုများ ရှိခဲ့သော်လည်း ယခုနောက်ပိုင်း ကားပြပွဲကြီးများတွင် ရောင်းချရမှု (ရောင်းအား)ကျဆင်းလာခဲ့သည်။

ယခုနှစ်ဆန်းပိုင်းတွင် ကားပြပွဲများ သီးခြားပြုလုပ်မှု များနည်းလာပြီး ဂျပန်သီးသန့်ကုန်စည်ပြပွဲ၊ အိန္ဒိယကုန်စည်ပြပွဲစသည့် ကုန်စည်ပြပွဲများတွင်သာ နိုင်ငံထုတ်ကုန်ကားများအမှတ်တံဆိပ်များကို ပြသလာကြကြောင်း၊ ကားသီးသန့်ပြသောပြပွဲများတွင် ထင်သလောက် ရောင်းချရမှုမရှိ နည်းပါးလာသည့်အပြင် စိတ်ဝင်စားမှု ကျဆင်းလာကြောင်း မိုင်ဒါကွင်းတွင် ကားပြပွဲ ဦးစီးလုပ်ကိုင်သော ကုမ္ပဏီတစ်ခုက ရှင်းပြသည်။

"ကားပြပွဲမှာ အရင်တုန်းက အခေါက်တွေနဲ့စာရင် ကားဝယ်ရောင်းတွေ နည်းနည်းကျသွားတယ်။ စိတ်ဝင်စားမှုလည်း နည်းသွားတယ်။ နယ်မှာသွားပြရင်တော့စိတ်ဝင်စားမှုရှိသေးတယ်"ဟု ပြပွဲစီစဉ်သူ ကိုကျော်လင်းက ပြောပြသည်။

ယခုနှစ်ဆန်းပိုင်းတွင် ကားပြပွဲများအဖြစ် ဂျပန်သီးသန့် ကုန်စည်ပြပွဲနှင့် မိုင်ဒါကွင်းကားပြပွဲဟူ၍ နှစ်ပွဲသာရှိသေးပြီး ကားသီးသန့်ပြပွဲများမှာ ယခင်နှစ်ကလောက် စည်ကားခြင်း မရှိတော့ကြောင်းနှင့် ရန်ကုန် ကားရောင်းဝယ်မှုမှာလည်း အရောင်းအဝယ်အေးလျက်ရှိကြောင်း မင်းရဲကျော်စွာကားဝင်းရှိ ဝါရင့်ကားဝယ်ရောင်း ကိုသီဟက ပြောသည်။

လက်ရှိတွင် ကားအရောင်းပြခန်းများအနေနှင့် ကားရောင်းချရမှု နည်းလာပြီး ပြပွဲများတွင်လည်း ဝင်ရောက်ပြသမှုများ နည်းလာလျက်ရှိသည်။ ရန်ကုန်ရှိ ကားပြပွဲများတွင် ကားများကို အထူးလျှော့ဈေးဖြင့် ရောင်းချသော်လည်း စိတ်ဝင်စားမှုနည်းလျက်ရှိကြောင်း သိရသည်။ **ကြည်မင်းညို**

သန်းခေါင်စာရင်းကောက်ယူမှု နေပြည်တော်ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအတွင်း ဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၇

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာ ကျေးရွာစုငယ်များအားလုံးသို့ သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့ဝင်များက လိုက်လံစုစည်းကောက်ယူခဲ့ကြပြီး ဧပြီ ၄ ရက် ညနေ ၅ နာရီခွဲအထိ ကောက်ကွက်အမှတ်(၁၀)တွင် ကောက်ယူလျက်ရှိသည်။ အိမ်ထောင်စု ၁၁၄ အိမ်၊ အမျိုးသား ၂၅၄ဦး၊ အမျိုးသမီး ၂၇၆ဦး စုစုပေါင်း ၅၃၀တို့ကို ကောက်ယူနိုင်ခဲ့ပြီး ကျန်ရှိသည့် ရက်များအတွင်း ဆက်လက်ကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် မေးခွန်း ၄၁ချက်နှင့် ကိုက်ညီမှုရှိမရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟန်ငြိမ်းဦး(နေပြည်တော်)

ရန်ကုန်မြို့ရှိ သက်တမ်းရင့် အရိပ်ရအပင်များ မပျောက်ကွယ်ရေး ဂရုတစိုက်ထိန်းသိမ်းရန် လိုအပ်နေ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့တွင်း လမ်းဘေးယာဉ်ရပ်နားရန် နေရာများပြုလုပ်ရာတွင် အရိပ်ရသစ်ပင်အများအပြား ပျောက်ကွယ်ခဲ့ရသည်။ ကမ်းနားလမ်းမ သစ်ကြီးနှင့် လမ်းမဟောင်းတွင် အရိပ်ရသစ်ပင်အများအပြား ပျောက်ကွယ်သွားသဖြင့် လမ်းသွား လမ်းလာများ ယခုအခါ နေ့လယ်အချိန် ခရမ်းလွန်ရောင်ခြည် ကျရောက်မှုအောက်တွင် သွားလာနေရသည်ဟု ဆိုသည်။

သစ်ပင်ကြီးများ ခုတ်လှဲခံရပြီးနောက် ၂၀၁၃ နွေခေါင်ခေါင်ကာလတွင် အစားထိုး ပြန်လည်စိုက်ပျိုးခဲ့သော သစ်ပင်ငယ်များထံမှ အရိပ်အာဝါသရရှိရန် နှစ်ပေါင်းများစွာ လိုအပ်နေသည်။ လမ်းဘေးယာဉ်ရပ်နားရန် နေရာပြုလုပ်ပြီးစီးသော အနော်ရထာလမ်းတစ်လျှောက် သစ်ပင်များအနက် အများစုတွင် အုတ်တစ်ပြားစာသာ ပေါင်ခတ်ကာရံထားခြင်းများ မြင်တွေ့နေရရာ သစ်ပင်များ၏ အောက်ခြေအတွက် လုံလောက်မှုမရှိဘဲ အလွယ်တကူ ပြိုလဲသေဆုံးနိုင်ကြောင်း ခရီးသွားများက ဆိုသည်။

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ၁၁ လမ်းထောင့်တွင်ရှိသော အရိပ်ရသစ်ပင်ကြီးတစ်ပင်တွင် အကာအရံအုတ်ရိုးမြှင့်တင်ခြင်း၊ ရေထွက်ပေါက်များ တပ်ဆင်ခြင်း၊ လူအများ ခေတ္တထိုင်နိုင်ရန် အခင်းပြုလုပ်ခြင်း၊ ရေချမ်းစင်ပြုလုပ်ခြင်းကို လမ်းအတွင်းရှိ ကွယ်လွန်သူတစ်ဦးအတွက် ရည်စူး၍ ရပ်ကွက်မှ လုပ်ဆောင်ပေးခြင်းကို ဧပြီ ၅ ရက် မွန်းလွဲပိုင်းက မြင်တွေ့ရရာ အခြားသော သစ်ပင်များအတွက်ပါ အကာအရံမြှင့်တင်ပေးစေလိုသည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၁၂၊ အကျယ်အဝန်း (မျက်နှာစာ ၅၃ပေ×ပေ၉၀) ခန့်မှန်းရှိ ဂရန်မြေကွက်နှင့် အမှတ် ၁၀၂၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ၂၃-၁၂-၂၀၁၁ ရက်စွဲပါ အမှုတွဲအမှတ် ၈/သစ်/၄၅၅၁/၂၀၁၁ဖြင့် အထူးဂရန်လျှောက်ထား၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်အေး ၁၂/လမန(နိုင်)၀၉၀၁၅၂ထံမှ ကျွန်မ၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အဆောက်အအုံနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်လှတင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)

အမှတ် ၈၅ (မြေညီထပ်)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၁၈၉၈၊ ၃၉၁၂၄၈၊ ၃၉၂၀၉၀၊ ၀၉-၅၀၂၁၂၄၄

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၈၃၂၃ ဝှေဖ် ၁၁၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်အောင်မြင့် ၁၃/တကန(နိုင်)၁၃၇၄၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (တောင်ကြီး)**

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်တော်သာ (၃)လမ်း၊ အမှတ်(၁၃၆)နေ ဦးဇော်မင်းဦး ၉/မမန(နိုင်)၀၇၈၉၀၇ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းဦးသည် ၃၁-၃-၂၀၁၄ ရက်က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ပြည်တော်သာ (၃)လမ်း၊ ကွင်း/အကွက်အမှတ် (၃၆) (ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ် (၂၀၇)၊ မြေယာအမှတ် (၂၈၆)၊ မြို့နယ်ဂရန်အမှုတွဲအမှတ် (၁၇၀၃/၉၂-၉၃)၊ ခရိုင်ဂရန်အမှုတွဲအမှတ် (၄၉၉/၉၆-၉၇)၊ ဂရန်စာချုပ်အမှတ်(၂၆၆/၅၈-၈၉)၊ ဧရိယာ ၀ ဒသမ ၅၅ ဧက၊ အကျယ်အဝန်းပေ (၄၀×၆၀)ပေါ်ရှိ အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၉)နေ (၁) ဒေါ်စန်းရီ၊ (၂) ဦးကျော်မြင့်၊ (၃)ဦးကျော်တင့်၊ (၄) ဒေါ်သက်သက်မာ၊ (၅)ဦးအောင်ရီမိုးတို့ထံမှ ခြံမြေအားဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားအခိုင်အလုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မင်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေလင်းအောင် LL.B တရားလွှတ်တော်ရှေ့နေ

အခန်း (၂၉)၊ ပြည်တော်သာ ၂-၃ လမ်းကြား၊ အလက (၂) တိုက်တန်း၊

ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၆၇၃၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၈၅၈/က)၊ (အလျား ၂၁ပေ×အနံပေ၆၀)၊ ဧရိယာ ၀ဒသမ၀၂၉ဧက၊ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၈၅၈/က)ဟု ခေါ်တွင်သော အိမ်နှင့်ပတ်သက်၍ ဒေါ်အိသူဇာဝင်းမောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ထားသောရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်မှုရသည်အထိ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြဟန် B.A(Law), LL.B, D.B.L, D.M.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၁)

အမှတ် (၅၅)၊ အခန်း (၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရေစကြိုမြို့နယ်အတွင်း ရေရှားပါးမှုကင်းဝေးရေး ဆောင်ရွက်နေ

ရေစကြိုမြို့နယ်အတွင်း တွေ့ရှိရသည့် ရေတူးဖော်ရေးလုပ်ငန်းတစ်ခုကို မြင်တွေ့ရစဉ်။

ရေစကြို ဧပြီ ၇

နိုင်ငံတော်အစိုးရက ၂၀၁၃-၂၀၁၄ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကံပေါက်ကျေးရွာ၊ ကွမ်းသီးကန်ကျေးရွာ၊ မြစ်လှချောင်းကျေးရွာ၊ မြေဖြူကျင်းကျေးရွာ၊ အောင်နန်းကျေးရွာ၊ ကံသစ်ကျေးရွာတို့တွင် ကျေးရွာတစ်ရွာလျှင် ၄ လက်မအချင်း၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် ကျေးရွာခြောက်ရွာအတွက် စက်ရေတွင်းခြောက်ခုနှင့် ကျောက္ကာကျေးရွာအတွက် မြေသားမိုးရေလှောင်ကန်တစ်ခု စုစုပေါင်း ကျေးလက်သောက်သုံးရေအတွက် ရေတွင်းရေကန်ခုနစ်ခုကို အောင်မြန်မာသမဝါယမလီမိတက်က တင်ဒါစနစ်ဖြင့် တည်ဆောက်ခဲ့ရာ မတ်လကုန်တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည်။

ဖော်ပြပါကျေးရွာ ခြောက်ရွာအတွက် စက်ရေတွင်းခြောက်တွင်းကို စက်ရေတွင်းတစ်တွင်းလျှင် တင်ဒါအောင်မြင်ငွေ ကျပ် ၁၉ ဒသမ ၉၇ သန်းနှင့် သောက်သုံးရေကန်တစ်ခုအတွက် တင်ဒါအောင်မြင်ငွေ ကျပ် ၁၉ ဒသမ ၉၇သန်း အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။ စုစုပေါင်း ကျေးလက်သောက်သုံးရေအတွက် ရေတွင်းရေကန်ခုနစ်ခုတည်ဆောက်ရာတွင် ကုန်ကျငွေ ၁၃၉ ဒသမ ၇၉သန်း ဖြစ်သည်ဟု သိရသည်။ အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိကြသဖြင့် ဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြသည်ဟု သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

ကျောက်တန်းမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

ကျောက်တန်းမြို့နယ် အသင်း(ရန်ကုန်) ၏ (၂၇)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲ မင်းဒင်လမ်းရှိ အဆိုပါအသင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အသက် (၇၅) နှစ်နှင့်အထက် အသင်းဝင်သက်ကြီးဘိုးဘွား ၄၇ဦးတို့ကို ကန်တော့ပစ္စည်းနှင့်ကန်တော့ငွေတို့ကို ပေးအပ်လှူဒါန်းပြီး စုပေါင်းကန်တော့ကြကာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်၊ အသင်းဝင်များ၏ သားသမီးများအား အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ခဲ့ကြသည်။ **ခင်မာလွင်**

အသိပေးနှိုးဆော်ချက်

၂၀၁၄ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်ရှိရေကစားမဏ္ဍပ်များတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လုပ်ငန်းခွင်သုံး ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ရာဇသင်္ဂဟလမ်း ရွှေကြာပင်လမ်းဆုံ(ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံး)မှ အမရဟိုတယ် လမ်းဆုံအထိ လမ်းလွှဲလမ်းပိတ် ဆောင်ရွက်ထားရှိပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ
နေပြည်တော်

တေးစီးရီးထုတ်လုပ်မှု ယခင်နှစ်များကထက် အခြေအနေကောင်းလာသော်လည်း နယ်မြို့များတွင် ခိုးကူးခွေဈေးကွက်မပျောက်သေး

ရန်ကုန် ဧပြီ ၇

ရန်ကုန်တေးစီးရီး ထုတ်လုပ်မှုဈေးကွက်အတွင်း ခိုးကူးခွေများ အထိုက်အလျောက် လျော့ပါးသွားသည့်အတွက် အခွေထုတ်လုပ်သူများ ယခင်ကထက် အကျိုးအမြတ် ပိုမိုရရှိလာကြောင်း သိရသည်။

"ခိုးကူးခွေက ရန်ကုန်မှာ ရောင်းချတာ နည်းပါးသွားတယ်။ အများစုက နယ်ကိုဦးတည်လာကြတယ်။ အဲဒါကြောင့် အရင်ကထက်စာရင် အရောင်းအဝယ် နည်းနည်းပြန်တက်လာပါတယ်"ဟု စီအမ်ပီထုတ်လုပ်ရေးမှ ဦးဇော်ထူးအောင်က ပြောကြားသည်။

တရားမဝင် ခိုးကူးခွေရောင်းချသူနှင့် ထုတ်လုပ်သူများကို စီမံချက်များရေးဆွဲကာ ဂီတအစည်းအရုံးမှ ဦးဆောင်၍ ဖမ်းဆီးခြင်းများပြုလုပ်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ယခုကဲ့သို့ အရောင်းအဝယ် ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

တေးစီးရီးထုတ်လုပ်သူ အများစုကလည်း ခိုးကူးခွေ ပပျောက်ရေးအတွက် အခွေများကို မူလထက် အရည်အသွေးပိုင်း ဆိုင်ရာများ ပိုမိုမြှင့်တင်ရန် ကြိုးပမ်းလာကြသည်။ ဖျော်ဖြေတင်ဆက်မှုအပိုင်း၊ ဆက်တင်အပိုင်းနှင့် တေးဂီတပိုင်းတို့တွင် အဆင့်မြင့်နည်းပညာများ၊ ကွန်ပြူတာ effect များကို ပိုမိုအသုံးပြုလာကြောင်း ဒီဂျေသော်သော်က ပြောပြသည်။

"ဈေးကအများကြီးကွာတယ်လေ။ မူရင်းခွေ တစ်ခွေကို အနည်းဆုံး ငွေကျပ် ၂၀၀၀ ပေးရတယ်။ ခိုးကူးခွေက တစ်ခွေကို ငွေကျပ် ၂၅၀ ပေးရတော့ သီချင်းနားထောင်ဖို့အတွက် ခိုးကူးခွေကိုပဲ ဝယ်ကြတာပါ။ နောက်တစ်ခုက အရင်က မူရင်းခွေတွေလည်း အခွေအသားညံ့တာတွေရှိတယ်။ ခွေသားမကောင်းရင် ခိုးကူးက ပျက်သွားလည်း တန်ကြေးနည်းတော့ အများစုက ခိုးကူးခွေကို အားပေးကြတယ်။ တစ်နှစ်ရှိသွားပြီ။ ရန်ကုန်မှာခိုးကူးခွေတွေ လုံးဝကို ဝယ်လို့မရတော့ဘူး။ အဲဒီတော့ မူရင်းခွေကိုဝယ်ကြရတယ်။ ဒါမှမဟုတ်လည်း မူရင်းခွေရှိတဲ့သူတွေဆီက နားလည်မှုနဲ့ ကူးတာမျိုးလောက်ပဲရှိတော့တယ်"ဟု မူရင်းခွေကိုသာ အားပေးနေသူ ဂီတဝါသနာရှင် တစ်ဦးကပြောသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များက အခွေတစ်ခွေ အောင်မြင်သည်ဆိုပါက အခွေအရေအတွက် လေးသိန်းမှ ငါးသိန်းအထိ ရောင်းချခဲ့ကြရပြီး ယခုနောက်ပိုင်းတွင် အောင်မြင်သည့်အခွေမှာ အများဆုံး အချပ်ရေ တစ်သိန်းပင်မပြည့်ကြောင်း တေးစီးရီးထုတ်လုပ်သူများထံက သိရသည်။

"ခိုးကူးခွေတွေက ရန်ကုန်မှာ မရောင်းကြတာကို တွေ့ရတယ်။ ဒါပေမယ့်နယ်တွေမှာတော့ ပေါ်ပေါ်ထင်ထင် ရောင်းနေကြတာကို တွေ့ရတယ်။ စီမံချက်အပြင် အနုပညာရှင်တွေက ဝိုင်းဝန်းမေတ္တာရပ်ခံကြလို့ အချို့နယ်တွေမှာတော့ အနည်းငယ် ရောင်းအားတက်ပေမယ့် အများစုကတော့ လွယ်လွယ်ဝယ်လို့ရနေလို့ ခိုးကူးခွေကို ဆက်လက်အားပေးနေကြတယ်။ ပရိသတ်ကြီးဘက်က ကြည့်မယ်ဆိုရင်တော့ ဈေးသက်သက်သာသာနဲ့ အားပေးချင်ကြမှာပါ။ ဖြစ်နိုင်မယ်ဆိုရင်တော့ မူရင်းခွေတွေကိုလည်း ခိုးကူးဈေးလောက် မဟုတ်ရင်တောင် လူတန်းစားအားလုံး ဝယ်ယူနိုင်မယ့် ဈေးနှုန်းနဲ့ ရောင်းချနိုင်မယ်ဆိုရင် ခိုးကူးဈေးကွက် ကျဆင်းလာမှာဖြစ်ပါတယ်။ အသံထွက်တာ၊ တင်ဆက်မှုအပိုင်း အားဖြည့်တာ၊ ပရိုမိုးရှင်းကောင်းကောင်း ဝင်နိုင်တာတွေနဲ့ဆိုရင် နယ်ပရိသတ်တွေကိုလည်း စည်းရုံးနိုင်လိမ့်မယ်။ ခက်တာက အနုပညာရှင်တွေနဲ့ ထုတ်လုပ်သူတွေအနေနဲ့ကလည်း အခွေတစ်ခွေရဲ့အရင်းအနှီးက သိန်းရာနဲ့ချီနေတော့ ဈေးလျှော့ရောင်းနိုင်ဖို့ အခက်အခဲတွေရှိနေတယ်"ဟု အဆိုတော်ဟဲလေးက ပြောကြားသည်။

ခင်ရတနာ

အကျိုးတူပူးပေါင်း ဆောင်ရွက်လိုသည်

ရန်ကုန်မြို့တွင်းရှိ မိမိမြေကွက်ပေါ်တွင် Hotel, Service Appartment, ဆေးရုံ စသည် အကျိုးတူပူးပေါင်းလုပ်ဆောင်လိုသူများ အမြန်ဆုံးဆက်သွယ်ပါ။

Business Alliance Hub
အမှတ် (၁၂၆/က)၊ ဓမ္မစေတီလမ်း၊ ဗဟန်း၊ ရန်ကုန်၊
ဖုန်း-၀၁-၅၁၂၉၇၅၊ ၀၁-၅၁၂၇၃၉၊ ၀၁-၅၁၂၆၈၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အောင်မင်္ဂလာ(၆)လမ်း၊ အမှတ်(၁၂၄)၊ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်များသည် အိုးအိမ်ဦးစီးဌာန(ရန်ကုန်မြို့)မှချပေးထားသော ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်မှတ်ပုံတင်စာရင်းတွင် ဦးအောင်တင် ARGN - ၀၀၇၄၁၉ ထံမှ အဆင့်ဆင့်လွှဲပြောင်းစာချုပ်ဖြင့် ဒေါ်တင်တင်မြင့်+၂ထံမှ မမေသူအောင် ၁၃/ကလန(နိုင်)၀၇၆၅၁၇ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ မည်သူမဆို ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းအောင် B.A (Geog), Certificate in Business Law
အိမ်၊ ခြံ၊ မြေအကျိုးဆောင် (မြန်မာနိုင်ငံအိမ်ခြံမြေအဖွဲ့ဝင်အမှတ်- ၀၄၂၉)
အမှတ်(၄၅/၅၅-ဒီ)၊ လေဆိပ်လမ်းသွယ်(၁)၊ ၁၀ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၁၄၃၆၃၊ ၀၁-၆၅၅၈၉၈၊ ၆၅၅၈၀၉

ကျေးဇူးဆပ်ရန်

ဦးဘဝ SLN- ၀၀၀၈၉၉ အား ကူညီခဲ့ဖူးသောကျေးဇူးကို ပေးဆပ်ရန်အတွက် ရောက်ရာအရပ်မှ ဆက်သွယ်ပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၇၃၁၉၄၆၅၄**

ခြံအမြန်ရောင်းမည်

ဗဟန်း၊ ရွှေဂုံတိုင်အုတ်လမ်းရှိ ပေ(၆၀×၁၀၀)ခန့် မြေကွက်၌ ပေ (၃၀×၄၀)၊ ၂ ထပ် RC တိုက်၊ နှစ် ၆၀ဂရန်မြေ၊ အမည်ပေါက်။

ဆက်သွယ်ရန် ဖုန်း- ၀၉-၇၃၀၅၈၄၆၈

တွေ့ရှိက ဆက်သွယ်ပါ ကျေးဇူးဆပ်ပါမည်

၃၁-၃-၂၀၁၃ ရက်တွင် စစ်ဆေးရုံမှ သဃ်္ဃန်းကျွန်း(စံပြဈေး)သို့ တက္ကစီငှားစီးခဲ့ရာတွင် ကျွန်တော်ဦးအောင်စိန်အမည်ပါ နိုင်ငံသားကတ်၊ ပင်စင်ကတ်နှင့် ဘဏ်ခွဲ(၆) ပင်စင်စမတ်ကတ်တို့ပါသော အညိုရောင်အိတ် မေ့ကျန်ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အောက်ပါဖုန်းများသို့ ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၈၉၇၀၆၊ ၀၉-၇၃၀၂၁၃၂၂၊ ၃၁၀၅၄၅၉၉။

ဦးအောင်စိန် ၁၂/မဘန(နိုင်)၀၁၀၅၃၈

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၉၂၅၊ မြေကွက်တည်နေရာအမှတ် (၉၂၅)၊ ၂ လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးသောင်းစိန်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းစိန် ၃၀-၃-၉၈ ကွယ်လွန်သဖြင့် ဒေါ်စိန်တင် ၁၄/မအပ(နိုင်)၀၀၆၃၆၀ ၏ G/P ရရှိသူ ဒေါ်ခင်ခင်အေး ၁၂/မရက(နိုင်)၀၁၆၈၀၁ က ဒေါ်စိန်တင်သည် တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း G/P တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့်အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၄၉၊ မြေကွက်တည်နေရာအမှတ် ၁၄၉၊ (၃၅) ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးထွန်းလင်း AA-၀၈၉၇၈၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းလင်း ကွယ်လွန်သဖြင့် ဒေါ်ညွန့်ရီ ၁၂/စခန(နိုင်)၀၁၆၅၇၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဒေါ်လီလီဝင်း	၁/ဓကန(နိုင်)၀၄၄၀၀၅	၂၄၉၊ ပုဏ္ဏမီလမ်း၊ ဧ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဒဂုံဆိပ်ကမ်း	ဧ	၂၄၉	ဦးမြင့်ဆွေ	အမည်ပြောင်း

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် (၄၅၈/ခ)၊ မြေကွက်တည်နေရာအမှတ် (၃၇/ခ)၊ အောင်ဇေယျ ၄လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ ဦးထွန်းရွှေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းရွှေ(ဖခင်)နှင့် (မိခင်)ဒေါ်တင်ညွန့်တို့ ကွယ်လွန်သဖြင့် ဦးအောင်ကျော်ထွန်း ၁၂/သဃက(နိုင်)၀၀၃၆၉၈၊ ဒေါ်ရီရီဝေ S/DGNMTT - 022905 တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ်(၁၀၄၀/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၄၀/က)၊ ဗြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရဲမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးရဲမြင့် ကွယ်လွန်သဖြင့် ဒေါ်လှဲ့လှဲ့ဝင်း ၁၂/ဥကတ(နိုင်)၀၉၁၃၅၅ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၃၁ (၄-၂-၁၄)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးစိုးကြည်မြင့် ၁၂/ဥကတ(နိုင်)၀၀၆၆၂၉ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ ၅၀၄၄ (၁၄-၂-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

ဖက်စ်အမှတ်-၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၁

ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့မှ အောက်ဖော်ပြပါ မော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Pajero Mitsubishi Model 2005	၁ စီး
(ခ)	Toyota Surf Model 2005	၆ စီး
(ဂ)	Toyota Double Cab Model 2005	၆ စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) ဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ၂၂-၄-၂၀၁၄ ရက်မှ ၈-၅-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ထံလိပ်မူ၍ ၈-၅-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီထက်နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၉-၅-၂၀၁၄ ရက် ၁၅း၀၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၅၆၊ ၀၅၉-၂၃၆၀၇၊ ၀၅၉-၂၃၅၆၂၊ ၀၅၉-၂၃၅၆၁၊ ၀၅၉-၂၃၆၀၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းအုပ်ချုပ်ရေးမှူး
တနင်္သာရီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

ဖက်စ်အမှတ်-၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၁

ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်ပါသည်-

စဉ်	ရုံးအမည်	လုပ်ငန်းအမည်
(က)	တိုင်းဒေသကြီးရုံး	နိုင်ငံတော်အဆင့်ဧည့်ရိပ်သာဆောက်လုပ်ခြင်း
(ခ)	ထားဝယ်မြို့နယ်ရုံး	ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်ခြင်း
(ဂ)	ကော့သောင်းခရိုင်ရုံး	ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်ခြင်း
(ဃ)	ကော့သောင်းခရိုင်ရုံး	ခရိုင်ရုံးအသစ်ဆောက်လုပ်ခြင်း

